The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 8
တနင်္လာနေ့တိုင်းထုတ်ဝေသည်
February 19, 2018

# ဆိတ်နှင့် သိုးများ မလေးရှားကို တင်ပို့ကြမလား

စာမျက်နှာ - ၈ ➤





## Re-export Refined Sugar တင်သွင်းတင်ပို့သော ကုမ္ပဏီများအား အသိပေးခြင်း

စာမျက်နှာ - ၂၃ ➤

## ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသောစာရင်း (Export Negative List)အားထုတ်ပြန်

စာမျက်နှာ - ၂၃ ➤

## နေပြည်တော်မြို့နယ် တမြာကျေးရွာအုပ်စု ပေါ်ဦးစုကျေးရွာတွင် ငါးကြီးအံဖတ် စိုက်ပျိုးခြင်းမှ အကျိုးအမြတ်ရရှိ

စာမျက်နှာ - ၂၄ ➤



စာမျက်နှာ - ၂၈ ➤



# Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.

**MEGASUN** Agri-Tech

**OIL-FREE CHAFF FURNACE DRYER**




Web
http://www.sunshen.com.tw

Email
goldensun103@gmail.com

တိုက်အမှတ်-၁၁၀(ဘီ)၊အခန်း(၈)၊၄ထပ်ဆောင်၊နဝဒေးဥယျာဉ်အိမ်ရာ၊ပီမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၉၂၅၀၆၄၁၅၅၀၊၀၉၂၅၀၀၃၀၃၉၇၊၀၉၄၅၂၁၇၈၄၅-၄၆-၄၇

THOME GROUP







HOMEY

GERMAN TECHNOLOGY

## Contact us

UTZ Construction & Engineering Co., Ltd

Bldg (6), Room No. 502, Pazundaung Garden Housing, Ward 7, Pazundaung Township, 11171, Yangon, Myanmar.

Office Ph : +959-404040541 , +959-404040542 , +959-404040543



VINYL FLOOR, LAMINATE FLOOR & ENGINEERING FLOOR

KITCHEN CABINETS (Lacquer) MDF/ Plywood/ Particle Board





CONSTRUCTION & ENGINEERING DESIGN & INTERIOR DECORATION





- Vinyl Floor ,
- Laminate & Engineering Floor
- Kitchen Cabinet (Lacquer)
- MDF/ Plywood/ Particle Board

# စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား

စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားခဲ့သည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများသည်လည်း အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) တွင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ AEC ၏အောက်တွင် အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီ ACCP ကို ဖွဲ့စည်းထားပြီး မဟာဗျူဟာလေးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စားသုံးသူအကျိုးစီးပွားနှင့် ထိခိုက်နစ်နာမှုများကို ကာကွယ်ရေးအတွက် ဥပဒေနှင့်အညီ "စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့" များကို တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အဆင့် အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များ ဖွင့်လှစ်ကာ စားသုံးသူတိုင်ကြားမှုများကို လက်ခံဆောင်ရွက် ဖြေရှင်းပေးလျက်ရှိကြောင်း၊ ထို့အပြင် စားသုံးသူပြည်သူများကို ပိုမိုထိရောက်စွာကာကွယ်နိုင်ရန် ရည်ရွယ်၍ စားသုံးသူကာကွယ်ရေးဥပဒေ(မူကြမ်း) ကို ရေးဆွဲပြီး အဆင့်ဆင့် တင်ပြဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့တင်ပြခဲ့ပြီး အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က ကုန်စည်များနှင့် ပတ်သက်သည့် နစ်နာမှုများကို

စာမျက်နှာ ၁၂ သို့

## မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာစက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး သွားရောက်ကြည့်ရှု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ ရက်က မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့စက်မှုဥယျာဉ်စီမံကိန်း တည်ဆောက်လျက်ရှိသော လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ စီမံကိန်းအဖွဲ့ဥက္ကဋ္ဌဦးအောင်ဝင်းခိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၍ တင်ပြရှင်းလင်းရာ မြေဧက ၁၀၀၀၀ ပေါ်တွင် တည်ဆောက်လျက်ရှိသော မြို့သာမြို့စက်မှုဥယျာဉ်စီမံကိန်း တည်ဆောက်နေမှု အခြေအနေများအားလည်းကောင်း၊ Residential အဆောက်အဦများ၊ Show House များ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊ ပြည်တွင်းပြည်ပ ကုမ္ပဏီများ၏ စက်ရုံအလုပ်ရုံများ တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုတို့အားလည်းကောင်း ရှင်းလင်းပြောကြားပြီး တန် ၅၀ ကရိန်းဖြင့် ကွန်တိန်နာများ အတင်အချပြုလုပ်နိုင်သော စက်မှုဥယျာဉ်စီမံကိန်းတွင် ပါဝင်သည့် ဆီမီးခံဆိပ်ကမ်း၊ အပြည်ပြည်ဆိုင်ရာ ဂေါက်ကွင်းတို့အား လိုက်လံရှင်းလင်းပြသခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကျီးနီကန်ကျေးရွာတွင် မန္တလေး အစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မြေဧက ၁၀၀ တွင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် လက်လီလက်ကားဈေးကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူဒေါက်တာထွန်းဝင်းက ဈေးတည်ဆောက်နေမှု အခြေအနေများအား ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဝန်ကြီးဌာနအနေဖြင့် ကူညီပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်များအား ဈေးကွက်ချိတ်ဆက်နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

## ဒုတိယဝန်ကြီး ဦးအောင်ထူး ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် World Bank မှ Lead Economist ဖြစ်သူ Dr. Wendy Cunningham ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၁၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလားအလာများ တိုးတက်စေရေး၊ အလုပ်အကိုင်ကဏ္ဍဆိုင်ရာ ခိုင်မာသောမူဝါဒများ ချမှတ်လိုက်နာကျင့်သုံးနိုင်ရေးနှင့် ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကမ္ဘာ့ဘဏ်၏ သုတေသန အစီရင်ခံစာပါတွေ့ရှိချက်များ၊ အကြံပြုချက်များ၊ သုံးသပ်ချက်များအပေါ် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ ဦးစားပေးပို့ကုန်ကဏ္ဍများကိုမြှင့်တင်ပေးခြင်းနှင့် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce
JOURNAL

အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
ကြည်မာ

တာဝန်ခံစာတည်း
-

အုပ်ချုပ်ရေးမှူး
အေးအေးမော်

စာတည်းအဖွဲ့
ကြည်သာသစ်နိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့်

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

ကွန်ပျူတာ
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# သီတင်းတစ်ပတ်အတွင်း ဆန်တင်ပို့မှုလျော့ကျ

ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၂၉သန်းတန်ဖိုးရှိဆန် ၃၇၀၉၈ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၆၉၅၁ တန်ခန့်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၁၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၉၀၈၁ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၄၅ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၆၉၆ တန်နဲ့ မနောသုခဆန် ၁၂၅ တန်တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်က ဆန် ၄၂၄၁၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၅၃၁၃ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၆၂၀သန်းနဲ့တန်ချိန်မှာ ၂၈၂၃ တန်ဖြစ်ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှဆန်ကွဲ ၁၁၉၄တန်ကျော်နဲ့ လွယ်ဂျယ်မှ ၈၂၉ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန်ကွဲ ၁၈၃၃ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ တန်ချိန် ၁၉၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရပါတယ်။

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅၅ သန်းတန်ဖိုးရှိဆန် ၁၁၈၉၇တန်ကျော်ကို ဗီယက်နမ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အင်ဒိုရာနိုင်ငံ၊ အိုင်ဗရီကို့စ်နဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ဆန်အမျိုးအစားနဲ့ ပမာဏများမှာ ဧည့်မထဆန် ၁၀၂၀၁ တန်၊ ပေါင်းဆန်တန် ချိန် ၁၃၅၀ နဲ့ ငစိန်ဆန် ၃၄၆ တန်ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းမှ ယခင်တစ်ပတ်က ဆန်တန်ချိန် ၄၀၃၂၀ တင်ပို့ခဲ့ တဲ့အတွက် ယခုတစ်ပတ်မှာ ၂၈၄၂၃ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုလည်းလျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၂ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၈၀၀ ကို ဗီယက်နမ်နဲ့ အီးယူနိုင်ငံများသို့တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ဆန်ကွဲတန်ချိန်၈၇၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာတန်ချိန် ၂၉၅၀ လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်းမှပါလျော့ကျခဲ့ပြီး ဆန်ကွဲတင်ပို့မှုမှာ ပင်လယ်ရေကြောင်းမှလျော့ကျခဲ့သော်လည်း ကုန်သွယ်ရေးစခန်းများမှ ပိုမိုခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## ပုသိမ်ဆန်/စပါးဈေးကွက် ဈေးအမြင့်နဲ့အရောင်းအဝယ်သွက်

ပုသိမ်ခရိုင်အတွင်းရှိပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များတွင် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ပေါ်ဆန်းဈေးကွက်နှင့် ဧည့်မထအုပ်စုဝင် စပါး၊ ဆန်ဈေးနှုန်းများ ယခင်လထက် အနည်းငယ်မြင့်တက်လျက်ရှိပြီး ယခင်က ပေါ်ဆန်းစပါး ၁၀၅ ပေါင် တင်း၁၀၀လျှင် ကျပ် ၇၆၂၀၀၀ မှ ယခုကျပ်၇၈၉၀၀၀ ဖြင့် ဆန်တစ်အိတ် ကျပ် ၃၂၀၀၀မှ ယခု ကျပ် ၃၃၀၀၀ရှိကြောင်းသိရသည်။ ဧည့်မထစပါး ၄၆ ပေါင် တင်း၁၀၀ ကျပ် ၅၁၀၀၀၀-ကျပ် ၅၂၀၀၀၀မှ ယခုကျပ် ၅၂၀၀၀၀-ကျပ် ၅၅၀၀၀၀ ဖြစ်သွားပြီး ဆန်တစ်အိတ် ကျပ် ၂၀၅၀၀-ကျပ် ၂၁၀၀၀ မှ ကျပ် ၂၁၅၀၀-ကျပ် ၂၂၀၀၀ထိ အနည်းငယ်မြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

ဒေသတွင်းစားသုံးမှု အဝယ်လိုက်လာခြင်း၊ အညာဒေသနှင့်ရန်ကုန်ဈေးကွက်ဝယ်လိုအားမြင့်တက်မှုနှင့် ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်အချို့၏ဈေးပေးဝယ်ယူမှုတို့ကြောင့် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ပေါ်ဆန်း (စပါး၊ ဆန်) ဈေး၊ ဧည့်မထမိုး(စပါး၊ ဆန်ဈေး)များ ယခင်လထက် အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဝါးတန်းကုန်စည်ဒိုင်တွင် ဆန်အဝင်လျော့ကျ

ယခုတစ်ပတ်မှာ ရန်ကုန်ဝါးတန်းဆန်ကုန်စည်ဒိုင် တွင် ဆန်အဝင်ထက်ဝက်ခန့်လျော့ကျသွားတဲ့အတွက် ဆန်ဈေးတက်သွားတယ်လို့ ဝါးတန်း ဆန်ဈေးကွက်မှ သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းထိပ်စတစ်အိတ်ကျပ်၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၅၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ထိပ်စ တစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ်၃၉၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ လတ်စတစ် အိတ်ကျပ် ၃၂၀၀၀၊ ကျားပျံသစ်တစ်အိတ်ကျပ် ၃၈၀၀၀မှ ကျပ် ၄၀၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်ကျပ် ၄၉၀၀၀ မှ ကျပ် ၅၃၀၀၀၊ ပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၃၀၀၀၀ မှ ကျပ် ၃၃၀၀၀ ရှိပြီး ဆန်ချောတစ်အိတ်ကို ကျပ် ၂၀၀၀ မှကျပ် ၃၀၀၀ ခန့်အထိ ဈေးတက်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ဆန်ကြမ်းမှာလည်း ပစ္စည်းအဝင်နည်းတဲ့အတွက် ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထထိပ်စတစ်အိတ်ကျပ် ၂၃၂၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၂၁၂၀၀၊ အကြမ်းသစ်(ရှယ်)တစ်အိတ်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၃၅၀၀၊ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၆၅၀၀၊ ငစိန်အသစ်ထိပ်စတစ်အိတ်ကျပ် ၂၁၀၀၀နဲ့လတ်စတစ်အိတ် ကျပ် ၂၀၀၀၀၊ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၂၀၀၀၀မှကျပ် ၂၀၅၀၀မိုးသုခတစ်အိတ် ကျပ် ၂၅၅၀၀ မှ ကျပ် ၂၇၀၀၀ ရှိပြီးတစ်အိတ်ကိုကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ဈေးတက်ကြောင်းသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာတော့ တစ်ဖက်နိုင်ငံရဲ့ တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ရှိတာကြောင့် အရောင်းအဝယ်ခေတ္တအေးနေပြီး ဆန်ဈေးလည်းယခင်အတိုင်းရှိနေတယ်လို့သတင်းရရှိပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်း ၁၄၈၀၂တန်ရှိပြီး ယခင်တစ်ပတ်ထက် ဆန်အဝင် တန်ချိန်ရှစ်ထောင်ကျော် လျော့နည်းကြောင်း သိရပါတယ်။ နှစ်စဉ်ယခုလိုပွဲတော်ရက်များတွင် အရောင်းအဝယ် ခေတ္တလျော့ကျမြဲဖြစ်တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်ဆန်စပါးဈေးကောင်းပေမယ့် စပါးအဝင်နည်းနေတာကြောင့် ဝယ်လက်များ ထင်သလောက်ခရီးမရောက်

ပြည်မြို့နယ်အတွင်း ဆန်စက်များတွင် ပြည်အနီးတစ်ဝိုက်မှ စပါးဝင်ရောက်မှု နည်းပါးကြောင်း သိရပါတယ်။ ဝယ်လက်မှ ဈေးဖွင့်ဝယ်ယူသော်လည်း တောင်သူလက်ဝယ် စပါးမရှိသလောက်ဖြစ်နေတာကြောင့် နယ်ဝယ် လက်ရှိနေပေမယ့် လိုသလောက် မတင်ပို့နိုင်ဘူးလို့ သိရပါတယ်။

ယခုတစ်ပတ် ဧည့်မထ(စပါး)တင်း ၁၀၀ ၄၆ ပေါင်ကျပ် ၅၃၃၀၀၀၊ ဆန်တစ်အိတ်ဈေးကတော့ ဆင်းသွယ်လတ်(ထိပ်စ)ကျပ် ၂၄၀၀၀၊ ရတနာတိုး၊ ကရင်မ၊ ကျော်ဇေယျ(ထိပ်စ)ကျပ် ၂၃၀၀၀တို့ဖြစ်ပြီး (အလတ်စ) ဈေးနှုန်းများမှာတော့ ဆင်းသွယ်လတ်ကျပ် ၂၂၅၀၀ နှင့် ရတနာတိုး၊ ကရင်မကတော့ ကျပ် ၂၂၀၀၀ တို့ဖြစ်ပါတယ်။ ပေါ်ဆန်းအုပ်စု တောင်ပျံမွှေးစပါးဈေးကတော့ ကျပ် ၇၈၀၀၀၀ ပေါက်ဈေးဖြစ်ပြီး ဆန်တစ်အိတ်ကျပ် ၃၉၀၀၀ ဖြင့် တင်ပို့ရောင်းချလျက်ရှိနေပါတယ်။

ဧည့်မထဆန်များကို ပြည်မြို့နယ်အတွင်းဒေသများနှင့် အောင်လံများသို့ နေ့စဉ်တင်ပို့နေရပြီး နှစ်ရက်ခြား အိတ် ၁၀၀၀ နီးပါး မန္တလေးသို့ တင်ပို့နေရကြောင်း သိရပါတယ်။ တောင်ပျံမွှေးဆန်ကတော့ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ် နေပြီး နယ်တင်ပို့မှုနည်းနေကြောင်းသိရပါတယ်။

**နီနီဝင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၂ | ၄၁၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၂ | ၄၀၅ | ▽ | ၄၁၅ | ၄၁၅ | □ | ၄၃၀ | ၄၃၀ | □ | ၃၉၂ | ၃၈၇ | ▽ |
| ဆန်ဖြူ ၁၀% | ၄၃၀ | ၄၀၃ | ▽ | ၄၁၂ | ၄၁၂ | □ | - | - | - | ၃၈၇ | ၃၈၃ | ▽ |
| ဆန်ဖြူ ၁၅% | ၄၀၇ | ၄၀၀ | ▽ | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၈၂ | ၃၇၉ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၂ | ၃၈၄ | ▽ | ၃၉၅ | ၃၉၅ | □ | ၃၉၀ | ၃၉၅ | △ | ၃၅၈ | ၃၅၂ | ▽ |
| ပေါင်းဆန် | ၄၆၀ | ၄၅၀ | ▽ | - | - | - | ၄၃၅ | ၄၃၅ | □ | ၄၄၅ | ၄၄၅ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၁၆-၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၃၀ | □ | ၂၂၅၀၀ | □ | ၇၆၃၆ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၃၀၀ | □ | ၂၂၀၀၀ | □ | ၇၆၅၀ | □ | ၃၄၅၀၀ | □ |
| ပဲခူး | ၅၄၀၀ | △ | ၂၂၀၀၀ | △ | ၆၇၀၀ | △ | ၃၄၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၃၀၀၀ | △ | ၄၄၀၀၀ | △ |
| စစ်တွေ | ၄၂၅၀ | △ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၈၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၉၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၃၀၀၀ | ▽ | - | - | ၄၀၀၀၀ | △ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၅၁၀ | △ | ၃၀၀၀၀ | □ | - | - | ၆၂၀၀၀ | △ |
| မြိတ် | ၄၇၀၀ | □ | ၂၄၅၀၀ | △ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | □ | ၂၇၀၀၀ | △ | - | - | ၄၃၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၁၂-၂-၂၀၁၈ မှ ၁၆-၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 773 | 36,622,926.390 |
| 2 | Form D | 75 | 3,817,283.445 |
| 3 | Form E | 100 | 1,974,846.810 |
| 4 | Korea GSP | 11 | 826,162.650 |
| 5 | Form AK | 87 | 6,998,849.964 |
| 6 | Form AJ | 20 | 1,377,983.010 |
| 7 | Form AI | 55 | 1,828,449.300 |
| 8 | Form AANZ | 7 | 181,272.620 |
| 9 | Form DFTP | 1 | 27,000,000 |
| **Grand Total** | | **1129** | **53,654,774.189** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၉/၂ | ၁၅/၂ | ပြောင်းလဲမှု | ၉/၂ | ၁၆/၂ | ပြောင်းလဲမှု | ၉/၂ | ၁၆/၂ | ပြောင်းလဲမှု | ၉/၂ | ၁၆/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၉၆ | ၉၂၄ | ▲ | ၈၃၃ | ၉၀၀ | ▲ | ၈၆၀ | ၈၇၅ | ▲ | ၉၁၅ | ၉၁၅ | ■ |
| ပဲစင်းငုံ | ၇၁၄ | ၇၆၇ | ▲ | ၇၀၀ | ၇၁၇ | ▲ | ၆၇၅ | ၇၂၅ | ▲ | ၆၉၅ | ၇၀၀ | ▲ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၁၇၆၀ | ၁၇၃၃ | ▼ | ၁၂၁၁ | - | - | ၁၄၂၀ | ၁၄၂၀ | ■ |
| ကုလားပဲရိုးရိုး | ၂၀၀၀ | ၁၉၅၀ | ▼ | ၁၆၂၄ | ၁၆၂၄ | ■ | ၁၅၇၉ | ၁၅၀၀ | ▼ | ၁၄၇၅ | ၁၄၇၅ | ■ |
| ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၃၀ | ▼ | ၁၃၃၃ | ၁၂၅၀ | ▼ | - | - | - | ၁၃၁၅ | ၁၃၁၅ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၆၆၇ | ၂၅၇၈ | ▼ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၂-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၉/၂ | ၁၆/၂ | ပြောင်းလဲမှု | ၈/၂ | ၁၅/၂ | ပြောင်းလဲမှု | ၈/၂ | ၁၅/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၂၀ | ၄၂၀ | ■ | ၆၄၇ | ၆၁၄ | ▼ | ၅၆၁ | ၅၉၄ | ▼ |
| ပဲစင်းငုံ | ၃၅၅ | ၃၅၅ | ■ | ၆၅၅ | ၆၁၄ | ▼ | ၆၅၉ | ၆၆၉ | ▲ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၇၆၄ | ၇၅၁ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၆၁၆ | ၅၉၄ | ▼ | ၆၄၇ | ၆၂၆ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၃.၂.၁၈)ထိ | (၁၀.၂.၁၈)ထိ | (၁၀.၂.၁၈) ထိ |
| မတ်ပဲ | ၂၇၁၄၇ | ၃၇၅၈ | ၃၀၉၀၅ |
| ပဲတီစိမ်း | ၉၀၀၉ | ၁၄၉၃ | ၁၀၅၀၂ |
| ပဲစင်းငုံ | ၁၃၈၀၅ | ၁၁၉၈ | ၁၅၀၀၃ |
| ကုလားပဲ | ၁၈၆ | ၈ | ၁၉၄ |
| ပဲလွန်းဖြူ | ၆၈၈ | ၂၅၀ | ၉၃၈ |
| မြေထောက်ပဲ | ၁၃၅ | ၃၀ | ၁၆၅ |

## ပြည်ဈေးကွက်သို့ ပဲကြီးသစ်များ ဝင်ရောက်လာ

ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်မှာ ပဲကြီးသစ်များ ဝင်ရောက်လာခဲ့တာ တွေ့ရပါတယ်။ ပန်းတောင်း၊ ကံမ၊ ရွှေတောင်ဘက်မှ အိတ် ၁၀၀-၁၅၀ ကျော်ခန့်ထိ ဝင်ရောက်လာကြောင်း သိရပါတယ်။ ပဲကြော်ဖိုသမားရော ရေစိမ်ရောင်းသူများပါ အဝယ်ရှိခဲ့ကြလို့ ပဲသစ်အဖွင့် ဈေးအနေဖြင့် ပဲတစ်တင်းကျပ် ၆၀၀၀၀ရရှိခဲ့ကာ ပဲဈေးကွက်မှာ ပဲသစ်အားလုံး ထက် ဈေးကောင်းရနေခဲ့ပါတယ်။ ပဲဟောင်းမှာ တစ်တင်းကျပ် ခုနစ်သောင်းကျော် ရှစ်သောင်းအထိ ဈေးကောင်းရခဲ့တဲ့အတွက် ပဲသစ်ဖွင့်ဈေးဟာ ပဲဟောင်းဈေးကို မမီသော်လည်း ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်ချိန်အဖွင့်ဈေးမှာ တစ်တင်းကျပ် သုံးသောင်းအောက် သာရရှိလို့ ယခုနှစ်ကတော့ ယခင်နှစ်ထက် နှစ်ဆခန့် ဈေးပိုရလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲသီးနံ ပဲဟောင်းလက်ကျန်ရှိလို့ လက်လီရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ်မှာ ဈေးကွက်သို့ ပဲသစ်မျိုးစုံ ဝင်ရောက်လာပြီဖြစ်ပေမယ့် ထောပတ်ပဲကတော့ ပဲသစ်ဝင်ရောက်ခြင်း မရှိသေးဘဲ ပဲလက်ကျန်အနည်းငယ်ရှိမှုအပေါ် လက်လီရောင်းဝယ်မှုဖြစ်ခဲ့ကြောင်းသိရပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ်သုံးသောင်းဖြင့် လက်လီပဲများထဲမှာ ပဲသစ်များထက် ဈေးပိုရခဲ့ပါတယ်။ ဘိုကိတ်၊ပဲလွန်းဖြူသီးနံများမှာ ပဲသစ်များဝင်ရောက်လျက်ရှိလို့ တစ်တင်းကျပ်နှစ်သောင်းကျော်ဖြင့် ရောင်းဝယ်ခဲ့ပါတယ်။ ထောပတ်ပဲသီးနံမှာ အဆိုပါပဲသစ်များထက် ဈေးပိုရခဲ့ပြီး ပဲသစ်ဝင်ရောက်လာချိန်မှာ ဈေးဆက်ကောင်းမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယခင်နှစ်က ထောပတ်ပဲသီးနံဟာ ပဲဈေးကွက်အတွင်းမှာ အနိမ့်ဈေးနဲ့သာ ရောင်းဝယ်ခဲ့လို့တစ်တင်း ကျပ် ၁၆၀၀၀ခန့်သာရရှိခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ကံမဘက်မှ မြေပဲဆန်များ ဝင်ရောက်မှုရှိသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်များ ပုံမှန်ဖြစ်နေ

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် ကံမနှင့် မင်းတုန်းဘက်မှ မြေပဲဆန်အိတ် တစ်နေ့လျှင် အိတ် ၁၃၀၀-၁၄၀၀ခန့် ဝင်ရောက်မှု ရှိတာတွေ့ရပါတယ်။ ဆောင်း မြေပဲများဈေးကွက်တွင်ရှိနေသဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်တာတွေ့ရပြီး လုံးဆန်(အဖြူ)ကို ယိုးဒယားဝယ်လက်များက ဝယ်ယူမှုရှိနေသော်လည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ လုံးဆန်(အနီ)ကို ပဲလှော်ဖိုများက ဝယ်ယူမှုရှိသဖြင့် အရောင်းအဝယ်မှာ ဝင်သလောက် ရောင်းရတယ်လို့ သိရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြစ်ပြီး (အနီ) တစ်ပိဿာလျှင်ကျပ် ၂၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာ တွေ့ရပါတယ်။

လုံးဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင် ၂၃၇၅ ကျပ်နှင့် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၁၅၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတယ်လို့သိရပါတယ်။

**ဝေဝေမင်း (ပြည်)**

## ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးတက်ပြီး မတ်ပဲဈေးကျ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေး တဖြည်းဖြည်းတက်လျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်)အဟောင်း တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ မြေပဲ နီလုံးဆန်(မြောင်)အသစ် တစ်ပိဿာလျှင် ကျပ် ၂၆၅၀၊ ကျွန်းဆန်တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ S1(မြေပဲဖြူလုံးဆန်)ကျပ် ၂၄၅၀၊ မြေပဲဆီဆန် တစ်ပိဿာလျှင်ကျပ် ၂၁၀၀မှ ၂၄၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက်မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် အနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင်ကျပ်၁၅၀၀၀ မှ ၁၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နတ်တော်ပဲ (ခေါ်) ပဲလွန်းဖြူ တစ်တင်းလျှင် ကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ ရှိပြီး ပဲလွန်းပြာတစ်တင်းလျှင် ကျပ်၂၄၅၀၀၊ ပဲပုပ် တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့(CP)မှာ တစ်တင်းလျှင်ကျပ် ၁၀၅၀၀ဖြင့် အိတ်၅၀၀ခန့်ရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## လက်လီရောင်းဝယ်မှုသာရှိသော်လည်း ပြည်စားတော်ပဲဈေးကောင်းရ

ပြည်ပဲဈေးကွက်မှာ စားတော်ပဲသီးနံှဟာ လက်လီသာနေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာတော့ နှစ်စဉ်ဈေးကောင်းရခဲ့တာကြောင့် ပဲတစ်တင်းလျှင် ကျပ် ၅၁၀၀၀ ထိဈေးကောင်းရခဲ့ပေမယ့် ကနေဒါပဲသီးနံှအမျိုးအစားမှာတော့ တစ်တင်း ကျပ် ၃၀၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြပါတယ်။ ယခင်နှစ်တွေက ဒေသတွင်းထွက်ရှိသော ပဲအမျိုးအစားများသာ အဓိကအရောင်းအဝယ်ဖြစ်ပြီး ယခုနှစ်အတွင်းမှာတော့ ဒေသထွက်ပဲရော ကနေဒါပဲအမျိုးအစားများပါ ရောင်းဝယ်မှုဖြစ်လာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်ပြီး ဈေးငြိမ်

ဖေဖော်ဝါရီလလယ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲပုပ်သစ်များအဝင်ဆက်ရှိခဲ့လို့ လက်လီ၊ လက်ကားအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ လက်လီဝယ်ယူမှုမှာ ဒေသတွင်းဝယ်ယူမှုများရှိခဲ့ကြပြီး လက်ကားဝယ်ယူမှုကတော့ ရန်ကုန်ဝယ်လက်နှင့်လှောင်သမားများ အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

ပဲပုပ်ဈေးမှာ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုရလာလို့ ယခင်နှစ်ဈေးနဲ့ ဈေးတူရလျက်ရှိပါတယ်။ ပဲပုပ်သီးနံှမှာ အခြားပဲသီးနံှများကဲ့သို့ ဈေးအတက်အကျ အပြောင်းအလဲသိပ်မဖြစ်ဘဲ နှစ်စဉ်လိုလို ကျပ်နှစ်သောင်းပတ်လည်သာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်တွင် ပဲစင်းငုံဈေးတက်၍ မတ်ပဲဈေးငြိမ်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ပဲစင်းငုံနီအသစ်ရော အဟောင်းပါ ဈေးတက်လာပြီး အရောင်းအဝယ်ဖြစ်ခဲ့တာတွေ့ရှိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံဈေးကွက်မှာ အသစ်တစ်တင်းလျှင် ကျပ် ၁၄၅၀၀ နှင့် အဟောင်းတစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဖြင့်ဈေးတက်ခဲ့ပြီး အသစ်အဟောင်း နှစ်မျိုးပေါင်း တစ်ရက်အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်သွက်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ တစ်တင်းလျှင် ကျပ် ၁၇၂၀၀ ဖြင့် ဈေးငြိမ်ခဲ့ပြီး တစ်ရက်အိတ် ၈၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကုလားပဲဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ ထိုင်ဝမ် တစ်တင်းလျှင် ကျပ် ၂၈၅၀၀နှင့် 929 တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် တစ်ရက်အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းကြီးမှာ နေ့စဉ်ပေါက်ဈေးထွက်ရှိမှုမရှိဘဲ ပဲတီစိမ်းသေးတစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဖြင့် တစ်ရက်အိတ် ၁၀၀ ခန့်နှင့် စိမ်းကြီးတစ်ရက်အိတ်၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ် အခြားပဲမျိုးစုံဈေးကွက်မှာတော့ ပဲကြီးတစ်တင်းလျှင် ကျပ် ၄၆၀၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ မလွမ်းပိုတစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ မြေထောက်ပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀ မှ ကျပ် ၃၄၅၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

ယခုတစ်ပတ်ဆီထွက်သီးနံှဈေးကွက်မှာတော့ မြေပဲလုံးဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၄၀၀ မှ ကျပ် ၂၆၀၀ ဖြင့် တစ်ရက်အိတ် ၅၀၀ ခန့်၊ မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၂၃၀၀ မှ ကျပ်၂၃၅၀ ဖြင့် တစ်ရက်အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းမျိုးစုံဈေးကွက်မှာတော့ နှမ်းနက် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ မှ ကျပ် ၃၉၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၈၀၀၀ မှ ကျပ် ၄၄၀၀၀၊ နှမ်းမျိုးစုံတစ်ရက်အိတ် ၃၀၀ ခန့်အသီးအသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လင်းလင်းသန့်**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၉.၂.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.ERAWAN-12 | P.Oil (In Bulk ) ၆၀၀၀ကုန်ချရန် |
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT.AU VIRG0 | P.Oil (In Bulk ) ၄၂၅၀ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၄) | - TOVE MAERSK | ကုန်သေတ္တာ ၄၁၆ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - MAAN AUNG | Steel Bar & Coil ၆၇၂၅တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - GLOBE PEGASUS | ဆန် ၃၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - PINTAIL | ဆန် ၂၈၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - CHIOS TRINITY | ဆန် ၂၆၂၅၀ တန်ကုန်တင်ဆဲ |
| Myanmar Integrated Port Ltd | - MT.CORVUS | P.Oil (In Bulk ) ၅၀၀၀ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၂) | - ARCA | ကုန်သေတ္တာ ၁၀ ကုန်တင်ဆဲ |
| MMTM JETTY | - MT.BLUGA PACIFIC | Disel Oil ၁၇၃၄၆ ကုန်ချရန် |
| Green Asia JETTY | - MT.GREAT DIAMOND | Disel Oil ၁၂၄၃၇ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GREAT LEGEND | COAL(In Bulk) ၃၀၀၀၀ တန်ကုန်ချရန် | - | ၁၅.၂.၂၀၁၈ |
| LOTUS LEADER | Units 20 PKGS Vehicle (R0/RO) ၅၅၅ တန်ကုန်ချရန် | - | ၁၆.၂.၂၀၁၈ |
| CP SHEN ZHEN | Steel Product ၂၈၈၆၈ တန်ကုန်ချရန် | CHINA | ၁၇.၂.၂၀၁၈ |
| GRAND DOLPHIN | Units Vehicle (R0/RO) ၃၉၃ ကုန်ချဆဲ | JAPAN | ၁၇.၂.၂၀၁၈ |
| GEOR GIANA | Steel &Equipment ၂၅၇၀၀ တန်ကုန်ချရန် | CHINA | ၁၇.၂.၂၀၁၈ |
| NACC POROS | Cement(In Bulk) ၇၀၀၀ တန်ကုန်ချရန် | MALAYSIA | ၁၇.၂.၂၀၁၈ |
| HUI ZHOU-363 | Flag Change | CHINA | ၁၇.၂.၂၀၁၈ |
| HUI ZHOU-373 | Flag Change | CHINA | ၁၇.၂.၂၀၁၈ |
| DEL SOL | Units 20 PKGS ၂၀ တန် ကုန်ချရန် | SINGAPORE | ၁၇.၂.၂၀၁၈ |
| XING FU SONG | Steel Structure ၁၆၃၇ တန်ကုန်တင်ရန် | CHINA | ၁၈.၂.၂၀၁၈ |
| VIKING SEA | Units Vehicle (R0/RO) ၁၃၇၉ ကုန်ချဆဲ | JAPAN | ၁၉.၂.၂၀၁၈ |
| TAN BINH-89 | UREA(In Bulk) ၆၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂၀.၂.၂၀၁၈ |
| FELCON TRIDENT | Steel ၂၇၇၈၀ တန်ကုန်ချရန် | CHINA | ၂၃.၂.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၂.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၂.၂၀၁၈ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၇.၂.၂၀၁၈ |
| MCC SHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၂.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၂.၂၀၁၈ |
| MAX CRUSADER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၂.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၂.၂၀၁၈ |
| BOX ENDURANCE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၈.၂.၂၀၁၈ |
| SHIBA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၉.၂.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၂.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၂.၂၀၁၈ |
| KOTA HISAL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၂.၂၀၁၈ |
| THANLWIN STARL | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEANIC CYAN | MOGAS 92 RON | - | ၁၄.၂.၂၀၁၈ |
| MT. OCEAN SUPERME | ဒီဇယ်ဆီ | - | ၁၅.၂.၂၀၁၈ |
| MT.FLY SEAL | MOGAS 92 RON | SINGAPORE | ၁၆.၂.၂၀၁၈ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၁၆.၂.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၆.၂.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၆.၂.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၁၆.၂.၂၀၁၈ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၁၆.၂.၂၀၁၈ |
| MT.FLY GERNARD | ဒီဇယ်ဆီ | SINGAPORE | ၁၇.၂.၂၀၁၈ |
| MT.OCEAN WINNER | ဒီဇယ်ဆီ | SINGAPORE | ၁၇.၂.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၁၈.၂.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၉.၂.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁၉.၂.၂၀၁၈ |
| MT.MARIOS 4 | ဒီဇယ်ဆီ | SINGAPORE | ၁၉.၂.၂၀၁၈ |
| MT.BTS CAPELIA | MOGAS 92 RON | SINGAPORE | ၂၀.၂.၂၀၁၈ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၂၁.၂.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | SINGAPORE | ၂၃.၂.၂၀၁၈ |

# AEC တွင် CLMV နိုင်ငံများ အောင်မြင်မလား၊ ကျရှုံးမလား

**သိန်းမြင့်ဝေ**

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့်မြန်မာနိုင်ငံ (CLMV Countries)တို့သည် ၂၀၁၈ခုနှစ်၊ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်သည်။ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံဟူသော CLMV နိုင်ငံများကို အာဆီယံ၏ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ (Asean Latecomers)ဟူ၍လည်း ခေါ်ဆိုသည်။

CLMV နိုင်ငံ ၄ နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းဟူသော အာဆီယံအဖွဲ့ကြီးအသင်းဝင်အဖြစ်လည်း နောက်ကျဝင်ရောက်လာသောနိုင်ငံများဖြစ်သည်။ ထို့ကြောင့် AEC အကောင်အထည်ဖော်ခဲ့သည့် ၂၀၁၅ခုနှစ်တွင် အဆိုပါ ၄ နိုင်ငံအား အချို့သော အကောက်ခွန်များ ဖယ်ရှားခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည်။ တစ်နည်းအားဖြင့် အဆိုပါ ၄ နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် AEC ကို အပြည့်အဝအကောင်အထည် မဖော်နိုင်ခဲ့ပေ။ သို့သော်လည်း CLMV နိုင်ငံများသည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် AEC ၏ အပြည့်အဝပေါင်းစည်းသော အဖွဲ့ဝင်နိုင်ငံများ (Fully integrated members) ဖြစ်လာခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် AEC သည် အကောက်ခွန်မဟုတ်သော အတားအဆီးများကို လျှော့ချခြင်းအားဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက်များကို ဖြေလျှော့ခြင်းအားဖြင့်လည်းကောင်း စီးပွားရေးပေါင်းစည်းမှုကို ပိုမိုနက်ရှိုင်းစွာဆောင်ရွက်သွားနိုင်သည်။

## CLMV EdkifiHrsm;rS oHrsm;

အာဆီယံသို့ နောက်ကျဝင်ရောက်ခဲ့သော ၄ နိုင်ငံသည် စိတ်လှုပ်ရှားခြင်းနှင့် စိုးရိမ်ခြင်းတို့ ရောထွေးပြီး အသွင်ကူးပြောင်းမှုကာလကို ရင်ဆိုင်နေရသည်။ အထူးသဖြင့်သက်ဆိုင်ရာဌာနမှ အရာထမ်းများ၊ ကုမ္ပဏီလုပ်ငန်းရှင်နှင့် မန်နေဂျာများအပြင်အလုပ်သမားများက စိတ်လှုပ်ရှားပြီး စိုးရိမ်လျက်ရှိကြောင်း သိရသည်။ “ကျွန်တော်ကတော့ ဆိုးကျိုးထက်ကောင်းကျိုးတွေကို ပိုပြီးမျှော်လင့်ပါတယ်။ AEC ကိုအကောင်အထည်ဖော်ကာ လွတ်လပ်တဲ့ကုန်သွယ်ရေးဇုန် (Free-trade zone) တည်ထောင်တာပဲ။ Free-trade zone ဆိုတာ စီးပွားရေးလုပ်ငန်းတွေအတွက် လွတ်လပ်တဲ့နယ်မြေ (Free area) ဖန်တီးပေးတာပဲ။ အကောက်ခွန်မဟုတ်တဲ့ အဟန့်အတားတွေ အကုန်လုံးပယ်ဖျက်မယ်။ ဈေးကွက်ပိုကြီးလာပြီး အခွင့်အလမ်းသစ်တွေပွင့်လန်းလာမယ်။ ဒါပေမယ့် ပြိုင်ဆိုင်မှုတွေ ပိုပြင်းထန်လာပြီးတော့ စိန်ခေါ်မှုတွေလည်း ပိုများလာနိုင်ပါတယ်။”ဟူ၍ ဗီယက်နမ်နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ ဒုတိယ ဥက္ကဋ္ဌက ပြောကြားပါသည်။ “ဒီလိုစီးပွားရေးပေါင်းစည်းတာကို အများကြီးမျှော်လင့်ပါတယ်။ စားသုံးသူတွေ အနေနဲ့ဈေးနှုန်းသက်သက်သာသာနဲ့ သွင်းကုန်ပစ္စည်းတွေကို ပိုပြီး ရွေးချယ်ခွင့်ရှိလာမယ်။ တရုတ်ကုန်ပစ္စည်းတွေကိုပဲ မှီခိုအားထားနေရမယ့်အစား ကျွန်တော်တို့အတွက် ပိုပြီး ရွေးချယ်စရာတွေရှိလာနိုင်ပါတယ်”ဟူ၍ ဟိုချီမင်းမြို့မှအငှားယာဉ်မောင်းတစ်ဦးကလည်း သုံးသပ်ပြောကြားသည်။

သို့သော်လည်း လူဦးရေ သန်း ၁၀၀ နီးပါးရှိပြီး CLMV နိုင်ငံများတွင် စီးပွားရေးပိုမိုတိုးတက်လျက်ရှိသော ဗီယက်နမ်တွင် စိုးရိမ်မှုများလည်းရှိနေသည်ကို တွေ့ရသည်။ ဗီယက်နမ်စားသောက်ကုန်ထုတ်လုပ်သောကုမ္ပဏီတစ်ခုမှ အရည်အသွေးထိန်းချုပ်ရေးဌာနဝန်ထမ်းတစ်ဦးက “အကောင်းထက်အဆိုးတွေဖြစ်လာမယ်ထင်ပါတယ်။ ဈေးကွက်ကို ဖွင့်လိုက်တဲ့အတွက် တခြားနိုင်ငံတွေရဲ့ထုတ်ကုန်တွေ ကျွန်တော်တို့နိုင်ငံဈေးကွက်ထဲ အများကြီးဝင်လာနိုင်ပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံက ပစ္စည်းတွေ စုပြုံဝင်ရောက်လာနိုင်ပါတယ်”ဟူ၍ ပြောကြားပါသည်။ AEC အဖွဲ့ဝင်နိုင်ငံများကြားတွင် ကျွမ်းကျင်မှုကွာဟချက် (Skill gap) ကြီးမားကြောင်း၊ အဆိုပါကွာဟချက်ကို ကျဉ်းမြောင်းအောင်ဆောင်ရွက်ရာတွင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ကို ဆွဲဆောင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြောကြားပါသည်။ “ဒီလို AEC ကို အပြည့်အဝအကောင်အထည်ဖော်တာ ကြိုက်ပါတယ်။ ကုန်ပစ္စည်းတွေ လွတ်လွတ်လပ်လပ်စီးဆင်းတော့ ဈေးကွက်ပိုကြီးလာတာပေါ့။ ဒီအခါ စားသုံးသူတွေအတွက် အရည်အသွေးကောင်းတဲ့ကုန်စည်တွေ (Good-quality products) ပိုများလာမယ်။ ဈေးတွေကလည်း ပိုပြီးသက်သာတဲ့ဈေးနှုန်းတွေ (Better prices) ဖြစ်လာနိုင်ပါတယ်။ ရေတိုမှာတော့ တချို့ကမ္ဘောဒီးယားတွေ အလုပ်ပြုတ်ကုန်နိုင်တာပေါ့။ ဒါပေမယ့် အခြားအာဆီယံနိုင်ငံတွေဆီကနေ ကျွမ်းကျင်မှုသစ်တွေ(New Skills)လေ့လာသင်ယူနိုင်ပါတယ်”ဟူ၍ ကမ္ဘောဒီးယားနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော မန်နေဂျာတစ်ဦးက ပြောပါသည်။

## tajymif;tvJrsm;

AEC ကို အပြည့်အဝ အကောင်အထည်ဖော်ရာတွင် အာဆီယံ ၁၀ နိုင်ငံစလုံးသည် ဆန်ကဲ့သို့သော အရေးကြီးကုန်စည်အချို့မှလွဲ၍ ကျန်ကုန်စည်များအပေါ် အခွန်မကောက်ခံတော့ကြောင်း၊ အကောက်ခွန်အားလုံး ဖယ်ရှားပြီး အကောက်ခွန်နှုန်းကို သုည ရာခိုင်နှုန်းသို့ လျှော့ချကြောင်း သဘောတူညီပြီးဖြစ်သည်။ ပထမအာဆီယံ ၆ နိုင်ငံဖြစ်သော ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့်ဘရူနိုင်းနိုင်ငံတို့သည် AEC ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုအချိန်တွင် ဖွံ့ဖြိုးမှုနောက်ကျသည့် CLMV နိုင်ငံ ၄ နိုင်ငံအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ မတိုင်မီအထိ သိပ်အရေးမကြီးသော ကုန်ပစ္စည်းအချို့အပေါ် အကောက်ခွန် ကောက်ခံခွင့်ပေးထားခဲ့ရပါသည်။ CLMV နိုင်ငံများသည် နောက်ကျအကောင်အထည်ဖော်ခွင့်ပြုထားသည့် ကာလ (Grace period) အတွင်း ဒေသတွင်းကောက်ခံသော အကောက်ခွန်နှုန်းထားမှာ ကုန်စည်အများစုအတွက် ၅ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်း၏အောက်တွင်သာ လျှော့ချကောက်ခံနေခဲ့ပါသည်။

ယင်းနိုင်ငံများ၏ Grace peroid ကုန်သုံးပြီးနောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အာဆီယံဒေသအတွင်း သွင်းကုန်ပစ္စည်းဈေးနှုန်းများ သိသိသာသာကျဆင်းတော့မည်ဖြစ်ပါသည်။ အထူးသဖြင့် ခရီးသည်တင်မော်တော်ယာဉ်တင်သွင်းမှုအပေါ် အကောက်ခွန် ၃၀ ရာခိုင်နှုန်းကောက်ခံခဲ့သော ဗီယက်နမ်ကားဈေးကွက်ကို ထိခိုက်စေနိုင်သည်။ ဗီယက်နမ်သည် ဂျပန်၊ အမေရိကန်နှင့်ဥရောပကားစက်ရုံများ လည်ပတ်ထုတ်လုပ်လျက်ရှိသော ထိုင်းနှင့်အင်ဒိုနီးရှားနိုင်ငံတို့မှ မော်တော်ကားများ တင်သွင်းတော့မည်မဟုတ်ပေ။ ဗီယက်နမ်နိုင်ငံတွင် ပြည်ပမှ တင်သွင်းရောင်းချလျက်ရှိသော မော်တော်ကားများ၏လက်လီဈေးနှုန်းများသည် အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းဖွယ်ရှိသည်။ ကားဈေးနှုန်းများ ဆက်လက်ကျဆင်းသောကြောင့် ဗီယက်နမ်စားသုံးသူများကလည်း ကားမဝယ်တော့ဘဲ ဆက်လက်စောင့်ဆိုင်း နေကြသည်။ အကျိုးဆက်အနေဖြင့်ဗီယက်နမ်ကားဈေးကွက်အေးစက်ပြီး အရောင်းအဝယ်ကျဆင်းနေသည်။ပြည်တွင်းမော်တော်ကားထုတ်လုပ်သူများကလည်း ပြည်ပမှ ဝင်ရောက်လာမည့် ကားများကို ရင်ဆိုင် တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့၏မော်တော်ကားဈေးနှုန်းများကို လျှော့ချလျက်ရှိသည်။

စာမျက်နှာ - ၃၂ သို့

စာမျက်နှာ - ၃၂ သို့

## နန္နွင်း

### စင်ကာပူနိုင်ငံသို့ နန္နွင်း(ရှမ်းစ)တန်ချိန် ၁၃၀နီးပါးတင်ပို့

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း နန္နွင်း ၁၂၉ ဒသမ၅ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နန္နွင်းတန် ၅၀ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ ယှဉ်ရင် တန်ချိန် ၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ နန္နွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၂၀ကျော်ရရှိခဲ့တာကြောင့် ဒီတစ်ပတ် နန္နွင်းတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၃၂၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မူဆယ်ရော မြဝတီပါ နန္နွင်းတက် တင်ပို့

ဖေဖော်ဝါရီ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၅၈၈၇၀ တန်ဖိုးရှိ နန္နွင်းတက်(ရှမ်းစ) ၈၁တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၅၀ နဲ့ နှိုင်းယှဉ်ပါက ၆၉ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နန္နွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၉၆၄၂၅၀ရှိပြီး ယခင်နှစ်ကာလတူကကျပ် ၉၁၈၀၀၀ ဈေးရှိခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၀၇၉ တန်ဖိုးရှိနန္နွင်းတက် (ကျောက်ဆည်) ၃၁ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က မြဝတီမှ နန္နွင်းအပို့ မရှိခဲ့ပါဘူး။ မြဝတီကုန်စည်ဒိုင်မှာ နန္နွင်းတက်တစ်တန်ကို မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ကျပ် ၉၆၁၁၁၀ ခန့်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၀၄၄၀၀ ဝန်းကျင်ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

### ပင်လယ်ရေကြောင်းမှ ချင်းတန်ချိန် ၂၀၀ကျော်တင်ပို့

ဖေဖော်ဝါရီလ ၄ ရက်မှ ၁၀ရက်အထိ သီတင်းပတ်အတွင်း ချင်း ၂၁၀ ဒသမ၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၂၅တန်နဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၈၅ ဒသမ ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၃၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာချင်းတန်ချိန် ၁၆၀ ကျော်တင်ပို့မှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### ကယားပြည်နယ်အတွင်း ကုန်စည်တင်သွင်းမှုနှင့် ကုန်စည်စီးဆင်မှုအခြေအနေများ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှ ကယားပြည်နယ်အတွင်းသို့ ဟင်းချိုမှုန့် အမေရိကန်ဒေါ်လာ ၆၀၀ တန်ဖိုးရှိ တန်ချိန် ၅၀၀ ကီလို၊ သန့် ရှင်းရေးသုံး ဆပ်ပြာရည် အမေရိကန် ၁၂၅ ဒေါ်လာတန်ဖိုးရှိ တန်ချိန် ၁၀၀၀၊ အုတ်ကျွတ်မျက်နှာကြက် အမေရိကန်ဒေါ်လာ ၁၀၀၀ တန်ဖိုးရှိကီလို ၁၀၀၀၀ တန်၊ ပဲနို့ဗူး အမေရိကန်ဒေါ်လာ၅၉၀ တန်ဖိုးရှိတန်ချိန် ၁၀၀၀၊ မွှေယာ အမေရိကန်ဒေါ်လာ ၂၅၀ တန်ဖိုးရှိတန်ချိန် ၅၀တင်သွင်းခဲ့ပြီး စုစုပေါင်း ၂၅၆၅ အမေရိကန်ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း၏စာရင်းများအရ သိရှိရပါတယ်။

ထို့ပြင် ကယားပြည်နယ်မှ မန္တလေး-မူဆယ်သို့ဒေသထွက်ဧည့်မထဆန် ၃၅၁၅ အိတ်၊ တန်ချိန်အားဖြင့် ၁၇၆ ဒသမ ၄၉ တန်ခန့်တင်ပို့နိုင်ခဲ့ပြီး၊ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၈ ဒသမ ၂၈ တန်ခန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ကယားပြည်နယ်အတွင်းသို့ ပြည်မဘက်က ဆန် ၂၃၈၀ အိတ်၊ မန္တလေးမြို့မှ ၇၇၀ အိတ်၊ ရွှေဘိုမြို့ ဘက်က ၁၄၂၀ အိတ် တင်သွင်းလာခဲ့ကြောင်း၊ စုစုပေါင်း ဆန် ၄၅၇၀ အိတ်၊ တန်ချိန် ၂၂၉ ဒသမ ၄၇ တန်ရှိကြောင်းသိရပြီး၊ ပြောင်းတင်ပို့မှုအနေဖြင့် ပြောင်း ၂၈၉၈၉ အိတ် တန်ချိန်အားဖြင့် ၁၄၂၀ ဒသ ၀၈ တန်ခန့် တင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန် ၇၄ ဒသမ ၁၂ တန်ခန့်ပိုမိုတင်ပို့လာကြောင်း တွေ့ရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၅၂၀ ရှိပြီး၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ပွဲရုံများသို့ တင်ပို့လျက်ရှိကြောင်း၊ စပါးဈေးမှာလည်း ဧည့်မထ(မိုး) စပါးတင်း (၁၀၀)လျှင် ကျပ် ၆၅၁၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ပေါ်ဆန်း ဆန်တစ်ပြည်လျှင် ကျပ် ၂၈၅၀၊ ပေါ်ကျွဲဆန် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ (ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၊ တစ်ပြည်လျှင် ကျပ်၁၃၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ တစ်ပြည်လျှင်ကျပ် ၁၁၀၀ ရှိကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်း သတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## ကြက်သွန်

### ပြည်ကြက်သွန်နီ အဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ရေနံချောင်း၊ တောင်တွင်း၊ သရက်၊ အောင်လံ၊ မကွေး စတဲ့နယ်စုံမှ ကြက်သွန်နီများ တစ်ရက်လျှင်ပိဿာ ၃၀ ဝင် အိတ် ၃၀၀-၄၀၀ ခန့် ပုံမှန်ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ ဝင်ရောက်မှုရှိတဲ့ ကြက်သွန်နီများထဲမှာ အရည်အသွေးကောင်းတဲ့ ကြက်သွန်နီများပါပေမယ့် အရည်အသွေးမကောင်းဘဲ ညံ့တဲ့ကြက်သွန်နီများ ပိုမိုဝင်ရောက်မှုရှိနေတာ တွေ့ရပါတယ်။ ပုံမှန်အဝင်ရှိနေပေမယ့် ပစ္စည်းအရည်အသွေးကြောင့် အရောင်းအဝယ်အေးနေတဲ့အတွက် ယခုတစ်ပတ်အတွင်း ဈေးကွက်မှာ ပစ္စည်းလက်ကျန်များနေကြောင်း ပွဲရုံလုပ်ငန်းရှင်များရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံများတွင် အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာလျှင် (ဂွန်) ကျပ် ၁၃၀၀-၁၄၀၀မှ ကျပ် ၁၅၀၀-၁၆၅၀၊ ကျပ် ၁၇၀၀-၂၀၀၀ ထိ ခွဲခြားကာ ဈေးနှုန်းအမျိုးမျိုးဖြင့် သတ်မှတ်ရောင်းချလျက်ရှိပြီး လက်လီဈေးများမှာတော့ တစ်ပိဿာ (ကြီး) ကျပ် ၂၄၀၀၊ (လတ်) ကျပ် ၂၀၀၀-၂၂၀၀၊ (သေး) ကျပ် ၁၉၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

### ပြည်ကြက်သွန်ဖြူ ဈေးငြိမ်ကာ အရောင်းအဝယ် ပုံမှန်ဖြစ်

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ရက်ခြားပုံမှန် ဝင်ရောက်လျက်ရှိပါတယ်။ ပြည်ပွဲရုံမှ တစ်ဆင့် အနီးတစ်ဝိုက်ဈေးများရဲ့ ဝယ်လိုအားနှင့် နယ်စပ်ဝယ်လက်များ ရဲ့ အိတ်ဆွဲမှုများကြောင့် အရောင်းအဝယ်ပုံမှန်ရှိနေတာ သိရပါတယ်။

လက်ရှိ ကြက်သွန်ဖြူဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး ပွဲရုံဈေးအရ(ရှမ်းစ) တစ်ပိဿာလျှင်ကျပ် ၂၃၀၀-၂၅၀၀၊ ကြူကုတ်စတစ်ပိဿာလျှင် ကျပ် ၁၆၀၀ ဖြင့်ရောင်းဝယ်လျက်ရှိပါတယ်။ လက်လီဈေးကွက်များတွင် ရှမ်းစ တစ်ပိဿာ ကျပ် ၃၀၀၀-၃၄၀၀ နှင့် ကြူကုတ်စ တစ်ပိဿာလျှင်ကျပ် ၂၀၀၀ ဖြင့် ရောင်းချလျက်ရှိပါတယ်။ ကြက်သွန်ဖြူ ဈေးနှုန်းများကတော့ ယခုတစ်ပတ် မှာပင်မဟုတ်ဘဲ ၂၀၁၇-၁၈ တစ်နှစ်လုံးနီးပါး ဈေးငြိမ်နေတယ်လို့ ရောင်းဝယ်ရေးသမားအချို့က သုံးသပ်ကြပါတယ်။ ဈေးနှုန်းအနေဖြင့် ရာသီဥတု ဖောက်ပြန်မှုကြောင့် အဝင်နည်းခဲ့လျှင် ဈေးအနည်းငယ်တက်ပြီး ပုံမှန်ဝင်ရောက်နေပါက ဈေး ငြိမ်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူအိတ် ၂၈၀နီးပါးအရောင်းအဝယ် ဖြစ်ကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

### ပခုက္ကူကုန်စည်ဒိုင်တွင် ကြက်သွန်နီအဝင်နည်းပြီး ဈေးတက်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ် တစ်တင်းလျှင်ကျပ် ၁၅၂၀၀ ဖြင့် အိတ် ၃၀ နှင့် ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင် ကျပ် ၁၄၆၀၀ ဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၈၅၀၀ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ ပဲလွန်းပြာအသစ် တစ်တင်းလျှင်ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲတီစိမ်း တစ်တင်းလျှင်ကျပ် ၂၂၀၀၀-၂၂၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပြောင်းဖူးစေ့(CP)ဈေးဟာလည်း တရိပ်ရိပ်တက်လျက်ရှိပြီး ဇန်နဝါရီလ ပထမပတ်က တစ်တင်းကျပ် ၈၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းကျပ် ၁၀၅၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

မတ်ပဲတစ်တင်းလျှင်ကျပ် ၁၇၃၀၀ ဖြင့် အိတ် ၅၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်နေပြီး နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်ကနှမ်းနက် (ဂွ) တစ်တင်းကျပ် ၃၁၀၀၀ ရှိခဲ့ ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၂၀၀၀ ဖြင့် အိတ် ၅၀၊ နှမ်းနက် (စမုံ) တစ်တင်းကျပ် ၃၀၀၀၀ မှ ၄၂၀၀၀ဖြင့် အိတ် ၃၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကြက်သွန်နီများအဝင်နည်းပြီး ဈေးတက်ကာ ယခင်တစ်ပတ်ကတော့ အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ၁၆၂၅ ကျပ်၊ လတ်စတစ်ပိဿာလျှင် ၁၂၀၀၊ နိမ့်စတစ်ပိဿာလျှင်ကျပ် ၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၁၇၅၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၁၅၀၀၊ နိမ့်စတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့်နေ့စဉ်ပိဿာချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြားအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

### တောင်ကြီးခရိုင်တွင် မြေဩဇာ၊ပိုးသတ်ဆေး၊မျိုးစေ့နှင့် မျိုးအာလူးအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်တောင်ကြီးခရိုင်အတွင်းရှိ ကလော၊ ဟိုပုံး၊ ပင်လောင်းမြို့နယ်များရှိ မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့နှင့် မျိုးအာလူး အရောင်းဆိုင်များကို ဖေဖော်ဝါရီလ ၆ ရက်မှ ၁၀ ရက်အထိ ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုထွေးတို့သည် မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မြေဩဇာ၊ပိုးသတ်ဆေးနှင့် မျိုးစေ့ရောင်းချခွင့် လိုင်စင်ပြည့်စုံသောဆိုင်များ တွေ့ရသလိုရောင်းချခွင့်လိုင်စင်မရှိသောဆိုင်များကိုလည်း တွေ့ရပြီး၊ပန်းဖူးတံဆိပ်၊ သံကွင်းအမှတ်တံဆိပ် မြေဩဇာများသည် တရုတ်ဘာသာစကားဖြင့် ရေးသားထားပြီး တင်သွင်းခွင့် မှတ်ပုံတင်အမှတ်၊ ကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်ရက်စွဲများ မပါရှိခြင်း၊ အညွှန်းများကို မြန်မာဘာသာဖြင့် ရေးသားမှုမရှိခြင်း၊ ရောင်းချခွင့်လိုင်စင်တွင် မပါသော မြေဩဇာများ ဖြန့်ချီရောင်း ချမှုရှိကြောင်းစစ်ဆေးတွေ့ရှိရသည်။ ထို့ပြင် ပိုးသတ်ဆေးထုပ်များတွင်လည်း မူလမှတ်ပုံတင်အမှတ်တံဆိပ်များ၊ သက်တမ်းများကို ဖျက်ဆေးများ အသုံးပြု၍ ပြင်ဆင်ရိုက်နှိပ်ထားခြင်း၊ အချို့ပိုးသတ်ဆေးများတွင် ပါကင်ဗူးခွံပေါ်ရှိမှတ်ပုံတင်အမှတ်များနှင့် ဗူးခွံအတွင်းပေါ်ရှိဆေးထုပ်များပေါ်တွင် မှတ်ပုံတင်အမှတ်များကိုက်ညီမှုမရှိ ခြင်း၊ မူရင်းမဟုတ်သောစက္ကူများကပ်၍ ရောင်းချနေကြခြင်း၊ သက်တမ်းကုန်ဆုံးနေသော ပိုးသတ်ဆေးများရောင်းချခြင်းနှင့်အညွှန်းအား ထင်ရှားစွာ ဖော်ပြခြင်းမရှိသော ပိုးသတ်ဆေး ရောင်းချမှုများတွေ့ရှိရကြောင်း သိရှိရသည်။

မျိုးအာလူးတင်သွင်းဖြန့်ချိမှု အခြေအနေများနှင့် ပတ်သက်၍ ဟဲဟိုးမြို့နှင့်အောင်ပန်းမြို့ရှိ အာလူးရောင်းဝယ်ရေးပွဲရုံများအား ဝင်ရောက်စစ်ဆေးခဲ့ရာ နယ်သာလန်နိုင်ငံမှ အာလူးမျိုးများကို တရားဝင်တင်သွင်းရောင်းချနေသောဆိုင်များနှင့် မူဆယ်မှ အာလူးများကို မှာယူရောင်းချနေသောဆိုင်များကိုလည်း တွေ့ရှိခဲ့ရပြီး၊ ရွှေသရဖူပွဲရုံသည် အောင်ပန်းဈေးကွက်၌ တရုတ်အာလူး အများဆုံးဝယ်ယူဖြန့်ဖြူးသောပွဲရုံဖြစ်ကြောင်း၊ဟဲဟိုးဒေသသို့မျိုးအာလူး အဓိကတင်ပို့ကြောင်းနှင့် မျိုးအာလူး ပိဿာချိန်ဆယ်သိန်းကျော်သွင်းအားစုရှိကြောင်း၊ အာလူးမျိုးများကို မန္တလေး၊ ကျောက်မဲ၊ မူဆယ်မြို့များမှ မှာယူရောင်းချကြောင်း သိရှိခဲ့ရပြီးအာလူးဈေးနှုန်းများမှာတစ်ပိဿာအနိမ့်ဈေးကျပ်၄၃၀၊ အမြင့်ဈေး ကျပ်၇၀၀ရှိကြောင်းနှင့်စစ်ဆေးတွေ့ရှိမှုအခြေအနေများကို ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေးတွင် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**





# ဆိတ်နှင့် သိုးများ မလေးရှားကို တင်ပို့ကြမလား

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့်ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးတော့ ကျွဲ၊ နွားအရှင်တွေကို ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ တရားဝင် တင်ပို့ခွင့်ပြုတဲ့ အမိန့်ကြော်ငြာစာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အလားတူပဲ ဆိတ်၊ သိုး အရှင်တွေကိုလည်း ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုထားပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာ ၂၉ ရက်အထိ) စာရင်းများအရ သိုးအရှင် (၁၈ ကီလိုဂရမ်အထက်)တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃ သန်း၊ သိုးအရှင် (၁၈ကီလိုဂရမ်) တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁ သန်း အသီးသီးရှိခဲ့ကြောင်း တွေ့ရပါတယ်။ အလားတူဘဏ္ဍာနှစ်အတွင်း ဆိတ်အရှင် တင်ပို့မှုကိုကြည့်မယ်ဆိုရင် ဆိတ်အရှင် (၁၈ ကီလိုဂရမ်အထက်) တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်းအထိရှိခဲ့ပြီး ဆိတ်အရှင်(၂၀ ကီလိုဂရမ်အထက်) တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၅ သန်းနှင့် ဆိတ်အရှင် (၃၀ ကီလိုဂရမ်အထက်) တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၃ သန်း အသီးသီးရှိခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ တင်ပို့တဲ့နိုင်ငံကိုကြည့်ရင် အိမ်နီးချင်း တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေတာဖြစ်ကြောင်း တွေ့ရပြီး ဈေးကွက်တိုးချဲ့နိုင်မယ်ဆိုရင် လက်ရှိတင်ပို့နေတဲ့ အခြေအနေထက် ပိုမိုတိုးတက်တင်ပို့နိုင်ဖို့ အလားအလာကောင်းတွေရှိနေတယ်လို့ ဆိုနိုင်မှာလည်း ဖြစ်ပါတယ်။ တိရစ္ဆာန်အရှင်တင်ပို့မယ်ဆိုရင် ပြည်တွင်းလုပ်ထုံးလုပ်နည်းများနဲ့အညီတင်ပို့ရန် လိုအပ်ရုံသာမကတင်ပို့မည့် ဈေးကွက်ရဲ့သတ်မှတ်လုပ်ထုံး လုပ်နည်းတွေနဲ့ စံချိန်စံညွှန်း သတ်မှတ်ချက်တွေကိုလည်း သိရှိနားလည်ထားဖို့ အရေးကြီးလှပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာတော့ မလေးရှားနိုင်ငံကို အသားထုတ်လုပ်ရန်အတွက် ဆိတ်၊ သိုးတင်ပို့ရာမှာ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းတွေကို ရေးသားတင်ပြလိုပါတယ်။

## သွင်းကုန်ခွင့်ပြုမိန့်လိုအပ်ချက်

မလေးရှားနိုင်ငံသို့ တိရစ္ဆာန်များတင်သွင်းမယ်ဆိုရင် သက်ဆိုင်ရာ တင်သွင်းမည့် တိရစ္ဆာန်များအတွက် မလေးရှားနိုင်ငံ၊ ရောဂါကာကွယ်ရေးနှင့် စစ်ဆေးရေးဌာန (MAQIS) မှ ထုတ်ပေးတဲ့ သက်တမ်းရှိသော သွင်းကုန်ခွင့်ပြုမိန့်ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။

## တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆိုင်ရာထောက်ခံချက်

တင်ပို့မည့် တိရစ္ဆာန်တွေရဲ့ အသက်အရွယ်၊ အမျိုးအနွယ်၊ အထီး/အမ၊ ခေါင်းအမှတ်၊ တိရစ္ဆာန်သက်သေခံအမှတ် (Animal ID) တို့ပါဝင်တဲ့ အသေးစိတ်ဖော်ပြချက်နဲ့အတူ မြန်မာနိုင်ငံ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုသရေးအရာရှိမှ တင်ပို့သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ထုတ်ပေးထား

### ♦ ကျော်စိန်ဝင်း ♦

တဲ့ ကျန်းမာကြောင်းထောက်ခံချက်(အင်္ဂလိပ်ဘာသာဖြင့်) ကို တင်ပို့မှုနဲ့အတူ ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။

တင်ပို့သည့်နေ့ရက်မတိုင်မီ ၁၂ လမှ တင်ပို့သည့်နေ့ရက်အထိ ဗစ်စ်နာဗိုင်းစ်ရပ်လို့ခေါ်တဲ့ Maedi Visna နှင့် သိုးကျောက်၊ ဆိတ်ကျောက်၊ B.Ovis စသည်တို့ ကင်းရှင်းတဲ့ မြန်မာနိုင်ငံရဲ့ ဒေသတစ်ခုခု (သို့မဟုတ်) ပြည်နယ်/တိုင်းတစ်ခုခုမှာ မွေးမြူတင်ပို့တဲ့ တိရစ္ဆာန်ဖြစ်ဖို့လိုအပ်ပါတယ်။ ဦးနှောက်အမြေးရောင် ရောဂါနှင့်ဆက်စပ်ရောဂါဖြစ်သော TSE ခေါ် Transmissible Spongiform Encephalopathy ရောဂါနှင့် Scrapie ရောဂါဖြစ်ပွားမှုတို့ကိုတော့ မြန်မာနိုင်ငံမှာမတွေ့ရဘူးလို့ သိရပါတယ်။

မြန်မာနိုင်ငံမှတင်ပို့မည့် တိရစ္ဆာန်တွေဟာ တင်ပို့သည့်နေ့ရက်မတိုင်မီခြောက်လမှ တင်ပို့သည့်နေ့ရက်အထိ ခွာနာလျှာနာရောဂါကင်းစင်သောဒေသတွင် မွေးမြူထားသော တိရစ္ဆာန်များဖြစ်ရန်လိုအပ်ပါတယ်။ တိရစ္ဆာန်များကို ရွှေ့ပြောင်းမှုမပြုမီ အနည်းဆုံးသုံးလအထိ တိရစ္ဆာန်မွေးမြူရာနေရာများ၏ အချင်းဝက် ၁၀ ကီလိုမီတာအတွင်း ခွာနာလျှာနာရောဂါဖြစ်ပွားမှု မရှိရဘူးလို့လည်း သိရပါတယ်။ မြန်မာနိုင်ငံ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မလေးရှားနိုင်ငံ၊ တိရစ္ဆာန်ဆေးကုသရေးဌာန (Department of Veterinary Services-DVS) အသိအမှတ်ပြု ရောဂါစစ်ဆေးရေးဌာနများတွင် တင်ပို့မှုမတိုင်မီ ၁၀ ရက်ကြာ ထိန်းသိမ်းထားရှိသည့် မလေးရှားနိုင်ငံသို့တင်ပို့မည့် တိရစ္ဆာန်များအားလုံးကို ကျန်းမာရေးနှင့် ခွာနာလျှာနာရောဂါကင်းစင်မှုတို့အတွက် ဆေးစစ်မှုခံယူရမှာဖြစ်ပြီး မလေးရှားနိုင်ငံ၊ DVS အသိအမှတ်ပြု ခွာနာလျှာနာ ရောဂါကာကွယ်ဆေး (O,A, Asia1) ထိုးထားရမှာဖြစ်ပါတယ်။ တင်ပို့သည့်တိရစ္ဆာန်များ မလေးရှားနိုင်ငံသို့ ရောက်ရှိသည့်နေ့ရက်တွင် အတည်ပြုထားသောရောဂါစစ်ဆေးရေးဌာနများ၌ စစ်ဆေးရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တင်ပို့မည့် တိရစ္ဆာန်များဟာ ခွာနာလျှာနာရောဂါဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှု NSP ELISA အတွက် စမ်းသပ်စစ်ဆေးမှုခံယူရမှာဖြစ်ပြီး ရောဂါကင်းရှင်းကြောင်း (Negative) အဖြေထွက်ရှိရန် လိုအပ်ပါတယ်။ အဆိုပါ စမ်းသပ်စစ်ဆေးမှုကို အစိုးရဓာတ်ခွဲခန်း (သို့မဟုတ်) အသိအမှတ်ပြု ဓာတ်ခွဲခန်းတွေမှာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မလေးရှားနိုင်ငံသို့ တင်ပို့မည့် ဆိတ်၊သိုးအပါအဝင် တိရစ္ဆာန်များဟာ အဆုတ်ရောဂါ (Tuberculosis) ကင်းစင်ရန်လိုအပ်ပြီး အဆိုပါရောဂါကင်းရှင်းတဲ့ မွေးမြူရေးခြံများ၊ မွေးမြူရာ နေရာဒေသများမှဖြစ်ရန် လိုပါတယ်။ တင်ပို့မည့် တိရစ္ဆာန်များသည် သားပျက်သားလျှောရောဂါဆိုင်ရာ Brucella Ovis နှင့် Brucella melitensis ကင်းစင်ကြောင်း အသိအမှတ်ပြုထားသည့် မွေးမြူရေးလုပ်ငန်းများမှ ဖြစ်ရန်လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ကိုယ်ဝန်ဆောင်ထားသည့် တိရစ္ဆာန်မှအပ တိရစ္ဆာန်များအားလုံးကို တင်ပို့မှုမပြုလုပ်မီ RB51 ကာကွယ် ဆေးထိုးထားဖို့ လိုအပ်မှာဖြစ်ပါ တယ်။

တင်ပို့မည့် တိရစ္ဆာန်များသည် တင်ပို့သည့်နေ့ရက်မတိုင်မီ ငါးနှစ်ကြာကာလအတွင်း Johne's disease ကင်းရှင်းရန်လိုအပ်ပြီး၊ ရောဂါကင်းစင်မှု ရှိ/မရှိ ပုံမှန်စောင့်ကြည့်ကြီးကြပ်သည့် မွေးမြူရာနေရာများတွင် မွေးမြူထားခြင်းဖြစ်ရန်နှင့် အဆိုပါရောဂါ ဖြစ်ပွားခဲ့မှု၊ ဖြစ်ပွားနေမှုများ မရှိရန်လိုအပ်ကြောင်းလည်း သိရပါတယ်။

တင်ပို့မည့် တိရစ္ဆာန်များသည် ယောနိရောင်ရမ်းနာနှင့် ကမ်ဖိုင်လိုဘက်တာ (Trichomonosis and Camphylobacter)၊ သန္ဓေသားနှင့် မျိုးစိတ်ခွဲသန္ဓေသား (fetus and subspecies fetus)၊ Camphylobacter jejuni၊ သိုးအမများတွင်ဖြစ်သော သားပျက်ခြင်းနှင့် စပ်လျဉ်းသည့်ရောဂါ (Enzootic Abortion of Ewes and Meliodosis) စတဲ့ ရောဂါများကင်းစင်သည့်ဒေသ (သို့မဟုတ်) မွေးမြူရာနေရာများမှဖြစ်ရန်လိုအပ်ပြီး တင်ပို့မှုမတိုင်မီ နောက်ဆုံးခြောက်လအထိ အဆိုပါရောဂါများကင်းရှင်းရန်လိုအပ်မှာလည်း ဖြစ်ပါတယ်။

တင်ပို့မည့် တိရစ္ဆာန်များဟာ Serotype အဏုဇီဝပစ္စည်းရဲ့ လက်ပ်တိုစပီးယား (Leptospira) ကြောင့်ဖြစ်တဲ့ Leptospirosis ရောဂါကင်းရှင်းကြောင်း မြန်မာနိုင်ငံ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ မွေးမြူရာနေရာများမှဖြစ်ရန် လိုအပ်ပါတယ်။ ဒါ့အပြင် တင်ပို့မှုမတိုင်မီ ရက်ပေါင်း ၃၀ အတွင်း မွေးမြူရာနေရာများ၌ ၎င်းရောဂါဖြစ်ပွားမှုမတွေ့ရှိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

တင်ပို့မည့် တိရစ္ဆာန်များဟာ တင်ပို့မှုမတိုင်မီ ၇ ရက်မှ ၁၂ ရက်အတွင်း ပြင်ပကပ်ပါး ပိုးအားလုံးအတွက် အမှတ်အသားပယ်ဖျက်ပြီး(deticked) ဖြစ်ရပါမယ်။ ဒါ့အပြင် တင်ပို့မည့် တိရစ္ဆာန်များအား တင်ပို့မှုမတိုင်မီ ၁၀ ရက်အတွင်း တိရစ္ဆာန်အရှင် အလေးချိန် ၅-၁၀ မီလီဂရမ်/ ကီလိုဂရမ်နှုန်းဖြင့် ပိုးသတ်ဆေး (Oxytetracycline) ထိုးထားရမှာဖြစ်ပါတယ်။ တိရစ္ဆာန်များ၏ ရောဂါအမည်ဖော်ရန် ကိုယ်ခန္ဓာအစိတ်အပိုင်း (သို့မဟုတ်) အင်္ဂါကို စမ်းသပ်ခြင်း (Palpation) အပါအဝင် Conjugated Linoleic Acid (CLA) ကို ဆေးစစ်မှုပြုလုပ်ထားရန် လိုအပ်ပြီး၊ ကင်းစင်ကြောင်း (negative) အဖြေတွေ့ရှိရမှာ ဖြစ်ပါတယ်။

## မြန်မာနိုင်ငံ၌ ထိန်းသိမ်းထားရှိခြင်း

မလေးရှားနိုင်ငံသို့တင်ပို့မည့် တိရစ္ဆာန်များအားလုံးဟာ မြန်မာနိုင်ငံ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မလေးရှားနိုင်ငံ၊တိရစ္ဆာန်ဆေးကုသရေးဌာန (Department of Veterinary Services-DVS) တို့မှ စစ်ဆေးအတည်ပြုထားတဲ့ အသိအမှတ်ပြု ကူးစက်ရောဂါထိန်းချုပ်ရေးဌာနများ/ မွေးမြူရာနေရာများ (သို့မဟုတ်) ထိန်းသိမ်းထားရှိရာ ခြံဝင်းများမှ မွေးမြူထားခြင်းဖြစ်ဖို့ လိုအပ် ပါတယ်။

တိရစ္ဆာန်တစ်ကောင်ချင်းစီဟာ တင်ပို့မှုမတိုင်မီ နောက်ကြောင်းလိုက်ခြင်းနှင့် ခွဲခြားသတ်မှတ်ခြင်းတို့အတွက် မလေးရှားနိုင်ငံ၊ တိရစ္ဆာန်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ အတည်ပြုထားတဲ့ရေဒီယိုကြိမ်နှုန်း ခွဲခြားသတ်မှတ်ခြင်း (Radio Frequency Identification-RFID) ကိုအသုံးပြု၍ ခွဲခြားမှုပြုလုပ်မှာဖြစ်ပါတယ်။ ကျန်းမာပြီး၊ ရောဂါကင်းရှင်းကြောင်း စစ်ဆေးအတည်ပြုထားတဲ့ တိရစ္ဆာန်များကိုသာ မလေးရှားနိုင်ငံသို့ တင်ပို့ခွင့်ရရှိမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၅ သို့

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီတန်ချိန် ၇၄၀၀၀ ကျော်နဲ့ ဒီဇယ်တန်ချိန် ဂ၆၀၀၀ ကျော်ဝင်

ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈သန်းကျော် တန်ဖိုးရှိ ဒီဇယ် ၈၆၆၀၂ ဒသမ ၁၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၂ သန်းကျော် တန်ဖိုးရှိ ဓာတ်ဆီ ၇၄၈၆၅ ဒသမ ၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၉၈၇၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ် တန်ချိန် ၁၂၁၈၀ ကျော်အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီ တန်ချိန် ၃၉၀၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၃၅၈၁၀ ကျော် ပိုမိုတင်သွင်းခဲ့ တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပိုခဲ့ပါတယ်။

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၄သန်းကျော်တန်ဖိုးရှိ ဒီဇယ် ၁၁၇၂ ဒသမ ၄၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၁ဒသမ ၄သန်းကျော်တန်ဖိုးရှိ ဓာတ်ဆီတန်ချိန် ၂၇၀၄ ဒသမ ၅၀ တန်ကိုတင်သွင်းခဲ့သလို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၄၇၆၉၄ တန်ဖိုးရှိ ဒီဇယ် ၈၄၄ ဒသမ ၃၄၄ တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ်ကျပ် ၈၁၀၊ အောက်တိန်း(92) ၇၇၅ ကျပ်၊ အောက်တိန်း(95) ကျပ် ၈၂၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၃ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ၁၃ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၃၀၀၀၊ ရောင်းဈေး ကျပ် ၁၇၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဝယ်ဈေး ဈေးငြိမ်ပေမယ့် ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး အနည်းငယ်မြင့်ခဲ့ပြီး ဓာတ်ဆီဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ်တစ်လီတာ ကျပ် ၈၃၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀၊ အောက်တိန်း(92) တစ်လီတာ ကျပ်၈၄၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၃ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၇၂၀၀၀၊ ရောင်းဈေး ကျပ် ၁၇၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဝယ်ဈေးကျပ် ၁၆၈၀၀၀၊ ရောင်းဈေး ကျပ် ၁၇၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၇၀၀၀၊ ရောင်းဈေး ကျပ်၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဖေဖော်ဝါရီ ၁၆ ရက်တွင် ဝယ်ဈေး ကျပ် ၄၀၀၀၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း(95)မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချ နေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ကျပ်၈၉၀၊ အောက်တိန်း(92) ကျပ် ၈၄၀၊ အောက်တိန်း (95)ကျပ် ၈၈၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ်တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၁၀၊ အောက်တိန်း (92) ၈၇၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## Energy NYMEX 16-2-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 61.65 | 0.31 | 0.51 |
| Brent Crude Futr (USD/bbl) | 64.64 | 0.31 | 0.48 |
| Gasoline Rbob Fut (Cent/gal) | 174.37 | 0.79 | 0.46 |
| Natural Gas Futr (USD/MMBtu) | 2.56 | -0.02 | -0.85 |
| Heating Oil Futr (Cent/gal) | 190.15 | 0.99 | 0.52 |

# ဈေးနှုန်းများပြန်လည်မြင့်တက်ခဲ့တဲ့ ပြည်တွင်းရွှေဈေးကွက်

ဖေဖော်ဝါရီ ဒုတိယပတ် ပြည်တွင်းရွှေဈေးကွက်အတွင်း ရွှေဈေးများပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၀၀၀၀ ကျော်သာရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၀၀၀၀ကျော်သို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

"ရွှေဈေးကွက်ကတော့ တရုတ်နှစ်သစ်ကူးကာလနဲ့အတူ ပြန်တက်လာတယ်။ ဒီကာလက အရောင်းအဝယ်ဖြစ်တဲ့အချိန်လေ။ ကမ္ဘာမှာလည်း တရုတ်လူမျိုးတွေရဲ့ နှစ်သစ်ကူးကာလဖြစ်နေတော့ ကမ္ဘာ့ရွှေဈေးတက်လာတယ်။ နောက်ထပ်လည်း တက်လာနိုင်သေးတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၁၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၈၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျပ် ၉၄၄၀၀၀ ဝန်းကျင်သို့တက်လာခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျပ် ၉၅၀၀၀၀ နီးပါးသို့မြင့်တက်လာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဖေဖော်ဝါရီ ၁၂ ရက်က တစ်အောင်စလျှင် ၁၃၂၂ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ တရုတ်နှစ်သစ်ကူးကာလစတင်သည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် တစ်အောင်စလျှင် ၁၃၅၂ အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် ၁၃၅၇ အမေရိကန်ဒေါ်လာသို့ ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

# FMI အစုရှယ်ယာဈေး အနည်းငယ်မြင့်တက်

FMI အစုရှယ်ယာဈေးနှုန်းသည် ဖေဖော်ဝါရီ ၁၆ ရက် ဈေးကွက်ပိတ်ချိန်တွင် ၅၀၀ ကျပ်မြင့်တက်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

FMI အစုရှယ်ယာများသည် ယခုလအစောပိုင်းကတည်းက အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၂၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိရာမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျပ် ၁၂၅၀၀ သို့ အနည်းငယ်မြင့်တက်ခဲ့ပြီး အစုရှယ်ယာရာဂဏန်းခန့် ရောင်းဝယ်နိုင်ခဲ့ကြောင်း သိရသည်။

ကျန်အစုရှယ်ယာများအနက် MTSHက ကျပ် ၂၉၅၀၊ MCB က ကျပ် ၈၀၀၀၊ FPB က ကျပ် ၂၇၀၀၀၊ TMH က ကျပ် ၃၀၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ အစုရှယ်ယာဈေးကွက် လက်ရှိအခြေအနေထက်ပိုမိုအောင်မြင်နိုင်စေရန် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ သိရသည်။

**သန်းထိုက်အောင်**

# ဒေါ်လာဈေးအနည်းငယ်ထပ်ကျခဲ့တဲ့ ရက်သတ္တပတ်



ယခုနှစ်ဆန်းပိုင်းမှ စတင်ကာ ဈေးနှုန်းကျဆင်းလာခဲ့သော ပြည်တွင်းငွေလဲနှုန်းသည်ဖေဖော်ဝါရီလ ပထမပတ်ထက် ဒုတိယပတ်အတွင်း ဈေးနှုန်းအနည်းငယ် ကျလာခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၃၀ ကျပ်မှ ၁၃၂၈ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ယခုတစ်ပတ်တွင် အမေရိကန်စီးပွားရေးလောကတွင် အစုရှယ်ယာဈေးနှုန်းများ မြင့်တင်ရေးမူဝါဒချမှတ်လာခြင်း၊ ကမ္ဘာ့စီးပွားရေးဈေးကွက်တွင်လည်း ရေနံဈေးအားကောင်းလာခြင်းကြောင့် ဒေါ်လာငွေကြေးတန်ဖိုးဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာ အရောင်းအဝယ်ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းငွေလဲနှုန်း ဈေးကွက်တွင် ဖေဖော်ဝါရီ ၁၃ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၅ ကျပ်၊ ဝယ်ဈေး၁၃၂၃ကျပ်၊ဖေဖော်ဝါရီ ၁၅ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၄ ကျပ်၊ ဝယ်ဈေး ၁၃၂၂ ကျပ်၊ဖေဖော်ဝါရီ ၁၆ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၃ကျပ်၊ ဝယ်ဈေး ၁၃၂၁ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

February 16, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.25 |
| BDT | Bangladesh Taka | 83.05 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.34 |
| EUR | Euro | 0.80 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 63.90 |
| I DR | Indonesia Rupiahs | 13548.28 |
| JPY | Japan Yen | 105.70 |
| MYR | Malaysia | 3.89 |
| PKR | Pakistan Rupees | 110.75 |
| PHP | Philippines Pesos | 52.24 |
| RUB | Russia Rubles | 56.30 |
| SGD | Singapore Dollars | 1.31 |
| KRW | South Korea Won | 1062.89 |
| LKR | Sri Lanka Rupe | 155.00 |
| THB | Thailand Baht | 31.22 |
| GBP | United Kingdom Pounds | 0.71 |
| VND | VietnamDon | 22698.8622700.99 |

*Source:xe.com*

## World Gold Price

February-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | - | - | - |
| 13 | 1330 | 1328 | 1328 |
| 14 | 1337 | 1336 | 1334 |
| 15 | 1358 | 1355 | 1354 |
| 16 | 1361 | 1359 | 1358 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-2- 2018 | - | - |
| 13-2- 2018 | 938.00 | 937.70 |
| 14-2- 2018 | 939.50 | 939.50 |
| 15-2- 2018 | 944.50 | 944.50 |
| 16-2- 2018 | 946.00 | 946.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6.33 | 31.68 | 82.99 | 64.28 |
| 13 | 6.33 | 31.49 | 83.42 | 64.22 |
| 14 | 6.34 | 31.37 | 83.16 | 64.13 |
| 15 | 6.34 | 31.29 | 83.02 | 63.94 |
| 16 | 6.34 | 31.22 | 83.05 | 63.90 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12-February | - | - | - | - | - |
| 13-February | 16.63 | 3461.15 | 2141.63 | 6882.21 | 973.00 |
| 14-February | 16.63 | 3512.29 | 2134.13 | 6985.58 | 977.00 |
| 15- February | 16.90 | 3583.26 | 2162.78 | 7088.95 | 1002.00 |
| 16- February | 16.86 | 3587.23 | 2144.05 | 7109.66 | 1007.00 |

## ဘိလပ်မြေ

### ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေ အဝင်လျော့

ဖေဖော်ဝါရီ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၆၇၅ တန်ဖိုးရှိ ဘိလပ်မြေ ၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ စိန်တံဆိပ် ဘိလပ်မြေတစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၄၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၇၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

ဖေဖော်ဝါရီ၃ ရက်မှ၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေ အဝင်မှာတန်ချိန် ၅၈၇၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၂၀၀ ကျော် အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ် လမ်းပါအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ တရုတ်နှစ်ကူးပွဲတော်ကြောင့် ပစ္စည်းအဝင်နည်းသလိုဈေးလည်း အပြောင်းအလဲသိပ်မရှိဘူးလို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ခရောင်းကျပ် ၅၀၀၀၊အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိသလို ဘိလပ်မြေဈေးလည်းငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ်၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဘိလပ်မြေဈေးတွေငြိမ်နေတာကြာပြီ၊ ပစ္စည်းအဝင်အထွက်မျှနေတာကြောင့် ဈေးတွေငြိမ်နေတာလို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။




သီတာဝင်း(DOT) စုစည်းသည်

## ခတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာအဝင်ပို

ဖေဖော်ဝါရီ ၄ မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈၃၅၆၆၀ တန်ဖိုးရှိ မြေသြဇာ ၈၄၅၂ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၇၀၀၊ တရုတ်နိုင်ငံမှ ၅၁၄၅ ဒသမ ၇ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ မလေးရှားနိုင်ငံမှ ၈၂၂ တန်၊ နော်ဝေးနိုင်ငံမှ ၆၄၅ ဒသမ ၀၆ တန်၊ တိုင်ဝမ်နိုင်ငံမှ တန်ချိန် ၄၀ နဲ့ ယူအက်စ်အေမှ တန်ချိန် ၁၀၀တင်သွင်းခဲ့တယ်လို့သိရပါတယ်။ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားကလိုရိုဒ်၊ ယူရီးယား၊ ကွန်ပေါင်း(၁၀း ၁၀း၁၀)၊ကွန်ပေါင်း(၁၅း၁၅း၁၅)၊ အော်ဂဲနစ်အရည်နဲ့ ကယ်လ်ဆီယမ် နိုက်ထြိတ်တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၅၀၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၄၄၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရှိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဖေဖော်ဝါရီလ ၃ ရက်မှ ၉ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၇၅၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၅၄၅၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၂၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာ အဝင် ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိပြီး မကွေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**ဒီတစ်ပတ်ယူရီးယား-ပုလဲက အရောင်းနည်းနည်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မြားကမ္ဘာက ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ်၂၂၅၀၀၊ မြားကမ္ဘာကျပ် ၁၅၀၀၀ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်။မြေသြဇာဈေးက ဒီတစ်ပတ်မှာလည်း အပြောင်းအလဲသိပ်မရှိဘူးလို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ်၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် တရုတ်နှစ်ကူးပွဲတော်ကြောင့် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ်၂၄၅၀၀၊ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၆၀၀၊ တီစူပါ၄၆%တရုတ် ကျပ် ကျပ်၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၄၈၀၀၊ ပန်းသီးစုံ ကျပ် ၁၅၆၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီတန်ချိန် ၅၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၀၀နီးပါးဝင်

ဖေဖော်ဝါရီလ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၉၃၄၀၀ တန်ဖိုးရှိ နို့ဆီ ၅၀၃ ဒသမ ၄၂၄ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈ တန်နဲ့ ဒွန်းနို့ဆီ ၂၈၄ ဒသမ ၅၄၄ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၂၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၁၁၂ ဒသမ ၂ တန်၊ မလေးရှားနိုင်ငံမှ ၃၃ ဒသမ ၄၈၆ တန်နဲ့ပိုလန်နိုင်ငံမှ ၄၂ တန်၊ စုစုပေါင်း ၁၈၇ ဒသမ ၆၈၆တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၈၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၂ မှ ၉/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁ မှ ၂/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၂.၇၄ | - | (+) | ၃၂.၇၄ |
| ၂။ | လွယ်ဂျယ် | ၃၃၀.၀၀ | ၂၇၂.၀၀ | (+) | ၅၈.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၄၆၅.၅၀ | ၁၂၆၃.၀၀ | (+) | ၁၂၀၂.၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၆၅၀၀.၀၀ | (-) | ၅၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၂၀၀၀.၀၀ | ၂၀၉၀.၀၀ | (-) | ၉၀.၀၀ |
| | စုစုပေါင်း | ၅၈၇၈.၃၄ | ၁၀၁၂၅.၀၀ | (-) | ၄၂၄၆.၆၆ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၂ မှ ၉/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁ မှ ၂/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၁၄၃.၄၀ | ၁၁၀၆၀.၆၅ | (+) | ၁၀၈၂.၇၅ |
| ၂။ | လွယ်ဂျယ် | - | ၄၆.၁၀ | (-) | ၄၆.၁၀ |
| ၃။ | ချင်းရွှေဟော် | ၈၁.၅၀ | ၉၂.၀၀ | (-) | ၂၀.၅၀ |
| ၄။ | ကန်ပိုက်တီး | ၁၂၀.၀၀ | - | (+) | ၁၂၀.၀၀ |
| ၅။ | မြဝတီ | ၂၇၉၈.၅၅ | ၂၅၇၇.၆၅ | (+) | ၂၂၀.၉၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၁၃၀.၀၀ | (-) | ၁၃၀.၀၀ |
| ၈။ | ရိုဒ် | ၂၄၅၀.၀၀ | ၁၅၅၀.၀၀ | (+) | ၉၀၀.၀၀ |
| | စုစုပေါင်း | ၁၇၅၈၃.၄၅ | ၁၅၄၅၆.၄၀ | (+) | ၂၁၂၇.၀၅ |

ခင်မိုးသူ

## နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းဝင်ရောက်မှုနည်းလို့ အရောင်းအဝယ်ပါး

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ နှမ်းဝင်ရောက်မှု မရှိသလောက် ရှားပါးပြီး ဝယ်ယူမှုမှာလည်း နည်းသွားတာ တွေ့ရပါတယ်။ ဝယ်ယူမှုနည်းတယ်ဆိုပေမယ့် တစ်ခါတစ်ရံ မန္တလေးဝယ်လက်များက အဝယ်ရှိသဖြင့် အိတ်၁၀၀-၁၅၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင်ကျပ် ၁၀၈၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၁၅၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး နှမ်းနက်သုံးတင်းတစ်အိတ်လျှင်ကျပ် ၉၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ ယခင်နှစ် ယခုလိုအချိန်တွင် နှမ်းနီသုံးတင်းတစ်အိတ်လျှင်ကျပ် ၈၀၀၀၀ရခဲ့တာကြောင့် ယခုနှစ်ဈေးကို မမီ တာတွေ့ရပါတယ်။

နှမ်းနက်ရိုးရိုး သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၃၅၀၀၀ဖြစ်ပြီး ယခုနှစ်ဈေးမှာ ယခင်နှစ် ဈေးကို မမီတာတွေ့ရပါတယ်။

**ဝေဝေမင်း (ပြည်)**

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၆ သန်းတန်ဖိုးရှိ နှမ်းနက် ၄၉ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) တန် ၂၀ ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၂၀ နဲ့ နှိုင်းယှဉ်ပါက ၄၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၁ သန်းတန်ဖိုးရှိ နှမ်းနက်တန် ၈၄၀ ကျော်၊ နှမ်းညို ၃၉၉ တန်နဲ့ နှမ်းဖြူ ၁၆၄ တန် စုစုပေါင်း ၁၄၀၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၅၁၈ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၁၁၁၄ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ကျပ် ၁၈၅၀၀၀၀၊ နှမ်းနက်တစ်တန်လျှင် ၁၉၅၄၁၆၇ ကျပ်ဈေးရှိကြောင်းသတင်းရရှိပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# အမေရိကန်ပဲပုပ်ဆီဈေး နေ့အလိုက် မြင့်တက်မှုကြောင့် စားအုန်းဆီဈေးမြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းတည့်ချိန်က အနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ စားအုန်းဆီဈေးမှာ နှစ်ရက်ကြာကျဆင်းနေခဲ့ရာမှ အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် အမေရိကန် ပဲပုပ်ဆီဈေးနေ့အလိုက် မြင့်တက်မှုကြောင့် ယခုကဲ့သို့ ရုတ်တရက်ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



သို့ရာတွင် မလေးရှားရင်းဂစ်တန်ဖိုး မြင့်တက်မှုက ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ကုန်သည်တစ်ဦးကပြောသည်။ စားအုန်းဆီဈေးကို သတ်မှတ်ရာတွင် အဓိကကျသော ရင်းဂစ်တန်ဖိုးသည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့်ချိန်က အမေရိကန်တစ်ဒေါ်လာကို ၃ ဒသမ ၈၉၂၀ ရင်းဂစ်နှုန်းရှိသဖြင့် သုည ဒသမ ၆ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်ခဲ့သည်။

စားအုန်းဆီဈေးသည် ပဲပုပ်ဆီဈေးနေ့အလိုက်မြင့်တက်လာသည်ကို အကြောင်းပြုပြီး မြင့်တက်လာခဲ့ကြောင်းချီကာဂိုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးမြင့်တက်မှုကို ရည်ညွှန်း၍ ကွာလာလမ်ပူမှ စားအုန်းဆီကြိုရောင်းကြိုဝယ်လုပ်ငန်းဆောင်ရွက်နေသူ ကုန်သည်တစ်ဦးကပြောသည်။

သို့သော်လည်း ပြည်တွင်းငွေကြေးဖြစ်သော ရင်းဂစ်တန်ဖိုးဆက်တိုက် မြင့်တက်မှုက စားအုန်းဆီအရောင်းအဝယ်မြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ကြောင်း သူက ပြောသည်။

ထုံးစံအားဖြင့် ရင်းဂစ်တန်ဖိုးမြင့်တက်ပါက နိုင်ငံခြားငွေဖြင့် စားအုန်းဆီကိုဝယ်ယူသူများအတွက် စားအုန်းဆီဈေးကိုမြင့်တက်စေသည်။ ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)တွင် ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့်ချိန်က စားအုန်းဆီဈေးမှာ နေ့အလိုက်နှိုင်းယှဉ်ပါက သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၅၀၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၄၃ ဒသမ ၆၃) နှုန်းအထိရောက်ရှိခဲ့သည်။ ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ပါက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ထိုနေ့က ရောင်းဝယ်မှုပမာဏမှာ ၂၅ တန်ရှိအတွဲ ၁၁၃၇၁ တွဲရှိခဲ့သည်။ တရုတ်နှစ်သစ်ကူးပွဲတော်ပိတ်ရက်ဖြစ်သဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မွန်းတည့်ချိန်မှစ၍ ဖေဖော်ဝါရီ ၁၆ရက်အထိ ဈေးပိတ်ထားပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

အခြားစားသုံးဆီဖြစ်သည့် ပဲပုပ်ဆီ၏မတ်လအတွက် ချုပ်ဆိုသောစာချုပ်ဈေးမှာ ချီကာဂိုရောင်းဝယ်ရေးဘုတ်အဖွဲ့တွင် ဖေဖော်ဝါရီ ၁၄ ရက်က သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာ တရုတ်နှစ်သစ်ကူးအားလပ်ရက်အဖြစ် ဈေးပိတ်ထားသည်။

စားအုန်းဆီသည် ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် အခြားဆီများနှင့်ဈေးကွက်ဝေစုယှဉ်ပြိုင်ရောင်းချနေရသဖြင့် အခြားဆီများ၏ ဈေးနှုန်းအတက်အကျက စားအုန်းဆီဈေးကို ဂယက်ရိုက်ခတ်မှုရှိသည်။ စားအုန်းဆီဈေးသည် တစ်တန်ကို ၂၄၈၆ ရင်းဂစ်မှ ၂၅၁၈ ရင်းဂစ်အကြား အတက်အကျရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းကခန့်မှန်းသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၂-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၈၀၀ | ၄၉၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၂၀၀ | △ | ၁၈၀၀ | ၁၈၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၃၀၀ | △ | ၄၃၀၀ | ၄၃၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီပထမပတ် | ဖေဖော်ဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၂.၀၀ | ၆၃၆.၀၀ | ▽ |
| RBD P.Olein | ၆၅၂.၅၀ | ၆၄၈.၀၀ | △ |
| RBD P.Stearin | - | ၆၅၆.၅၀ | - |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆-၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၀.၃၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၀၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၈၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၅၄.၆၂၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၅ ဒေါ်လာနှင့် USD ဈေး ၁၃၃၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၆-၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကမ္ဘာ့ငွေရေးကြေးရေးနှင့် ကမ္ဘာ့စီးပွားရေးဆက်နွယ်မှု ဟောပြောဆွေးနွေးပွဲ ပြုလုပ်

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်၏ ပညာရပ်ဆိုင်ရာဟောပြောပွဲအဖြစ် ကမ္ဘာ့ငွေရေးကြေးရေးနှင့် ကမ္ဘာ့စီးပွားရေး ဆက်နွယ်မှုအခြေအနေ ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းတို့ တက်ရောက်ခဲ့သည်။



အဆိုပါဟောပြောပွဲတွင် စီးပွားရေးပညာရှင် အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်(ဘောဂ)မှ နိုင်ငံစီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ပြည်တွင်းပြည်ပငွေကြေးများ စုဆောင်းမိရန် လိုအပ်ကြောင်း၊ ထို့မှတစ်ဆင့် ပြည်ပပို့ကုန် တွန်းအားပြု စီးပွားရေးကို ဖော်ဆောင်ရန် လိုအပ်ကြောင်းကို ကမ္ဘာ့စီးပွားရေးသမိုင်းကြောင်းနှင့် နှိုင်းယှဉ်ဟောပြောပေးခဲ့သည်။

"အခုလိုဟောပြောပွဲကို ပြုလုပ်ပေးခြင်းက အားလုံးအတွက် အတွေ့အကြုံနှင့် အသိပညာဗဟုသုတတိုးပွားမှုရရှိမှာဖြစ်သလို နိုင်ငံရဲ့ ပုဂ္ဂလိကကဏ္ဍ စီးပွားရေး တိုးတက်အောင်ဆောင်ရွက်မှုမှာလည်း စဉ်းစားဆင်ခြင်နိုင်အောင် အထောက်အကူဖြစ်မယ်လို့ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံ၏ လက်ရှိဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန် ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကျပ် ၃ ထရီလီယံကျော်ကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သန်းထိုက်အောင်**

## ဒုတိယဝန်ကြီး ဦးအောင်ထူး မန္တလေးမြို့ "Mandalay-Japan Festival and Business Partner Fair 2018" ပွဲတော်သို့ တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ၆၅ လမ်းနှင့် ၃၅ လမ်းထောင့်ရှိ ရတနာပုံကုန်သွယ်မှု ဗဟိုဌာနသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းမှ အိမ်တွင်းအသေးစား စက်မှုလက်မှုလုပ်ငန်းများမှထွက်ရှိသော ကုန်ပစ္စည်းများ ပြသထားရှိမှုတို့အား ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးအတွင်း ထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး အားပေးရန်ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချမ်းအေးသာဇံမြို့နယ်၊ ၆၅ လမ်းနှင့် ၃၅ လမ်းထောင့်ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံကာ ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲတစ်နာရီတွင် မင်္ဂလာမန္တလေးအဆောက်အဦ၌ ကျင်းပသည့် Noebeo Café Seminar သို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဂျပန်-နိုဘဲအိုက-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာခိရောမိုတိုဟိခဲမိုတို့နှင့်အတူ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၆ နာရီတွင် မင်္ဂလာမန္တလေးအဆောက်အဦတွင် ကျင်းပပြုလုပ်သည့် " Mandalay-Japan Festival and Business Partner Fair 2018 " ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအစီအစဉ်များအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်- မြန်မာလူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် အသေးစား အလတ်စား ကုန်ပစ္စည်းထုတ်လုပ်သည့်ပြခန်းတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

စာမျက်နှာ (၃) စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ...... မှအဆက်

အဓိကထား၍ တိုင်ကြားမှုများရှိသော်လည်း လက်ရှိကာလတွင် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုတိုင်ကြားလာကြောင်း၊ အထူးသဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရုပ်သံလိုင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချပြီးပစ္စည်းအပေါ် အာမခံချက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်ကြားမှုများ ရှိလာကြောင်း၊ ယခုကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိခံစားနိုင်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်၍ လုံခြုံစိတ်ချရသော ကုန်စည်များကို ထုတ်လုပ်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်လာနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းဌာနအလိုက်၊ ဒေသအလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စားသုံးသူ အကာအကွယ်ပေးရေးကိစ္စရပ်ဆိုင်ရာ ကျွမ်းကျင်သူပြင်ပ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# အပင်၊ တိရစ္ဆာန် သန့်ရှင်းရေးနှင့် ရောဂါဘယကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများဖွံ့ဖြိုးတိုးတက်မှုစီမံချက်အတွက် အတည်ပြု ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်၍ အပင်၊ တိရစ္ဆာန် သန့်ရှင်းရေးနှင့် ရောဂါဘယကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးနှင့် နည်းပညာအကူအညီရရှိရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံချက်အား အတည်ပြုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၄ ရက် နေ့လယ်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ဝင်ငွေတိုးတက် ရှာဖွေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဦးတည်ချက်များကို တစ်ပြိုင်နက်တည်း အောင်မြင်စေရန် အပင်၊ တိရစ္ဆာန်သန့်ရှင်းရေးနှင့် ရောဂါဘယကင်းရှင်းရေးဆိုင်ရာ အစီအမံများ (SPS Measures) များသည် အရေးပါသည့် အစီအမံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပို့ကုန်သီးနှံများကို စမ်းသပ်စစ်ဆေးရာတွင် နိုင်ငံတကာ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဓာတ်ခွဲခန်းများ ဖြစ်လာစေရေး၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းဖြင့် အမျိုးသားအရည်အသွေး အခြေခံအဆောက်အဦ၏ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း အစိတ်အပိုင်းများကို ပိုမိုအားကောင်းလာစေရန်နှင့် စားသောက်ကုန်များ တင်ပို့၊ တင်သွင်းရာတွင် မဖြစ်မနေဖြည့်ဆည်းရန် လိုအပ်သည့်နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အညီ ဖြည့်ဆည်းနိုင်ခြင်းဖြင့် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုတိုးတက်လာစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် Coordination Role ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ပြီး ဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း တိုက်တွန်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာန ဓာတ်ခွဲခန်းတာဝန်ရှိသူများနှင့် ပုဂ္ဂလိကဓာတ်ခွဲခန်းတာဝန်ရှိသူများမှ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အဆိုပါ တာဝန်ရှိသူများနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ နှစ်ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ရလဒ်အနေဖြင့် ယခုကဲ့သို့ နည်းပညာအကူအညီများ ရရှိတောင်းခံနိုင်ရေး စီမံချက်ဆိုင်ရာ အချက်အလက်များ အတည်ပြုညှိနှိုင်းအစည်းအဝေးကို တတိယအကြိမ် နေပြည်တော်၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်း/အရည်အသွေး**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဆိုလာပြားတင်သွင်းမှုအပေါ် Safeguard Duty ၇၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံရန် အိန္ဒိယအစိုးရစဉ်းစား

အိန္ဒိယနိုင်ငံအတွင်းသို့ ဆိုလာပစ္စည်း တင်သွင်းမှု တိုးမြှင့်လာခြင်းကြောင့် ပြည်တွင်းလုပ်ငန်းများအား ထိခိုက်နစ်နာမည်ကို စိုးရိမ်ပူပန်သည့်အတွက် တရုတ်နှင့် မလေးရှားတို့မှ အိန္ဒိယနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ဆိုလာပြားများနှင့် ဆိုလာဘက်ထရီများအပေါ် Safeguard duty ၇၀ ရာခိုင်နှုန်းကောက်ခံရန် အိန္ဒိယအစိုးရ၏ Directorate General of Safeguards (DGS) က ၎င်းတို့၏ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာ၌ အဆိုပြုထားကြောင်း သိရှိရသည်။

ပြည်ပမှ ဈေးနှုန်းသက်သာသည့် ဆိုလာပစ္စည်း တင်သွင်းမှု အဆမတန်မြင့်တက်လာသည့်အတွက် ပြည်တွင်းထုတ်လုပ်သူများမှာ အရှုံးပေါ်နေသည့်အတွက် ယင်းလုပ်ငန်းရှင်များအား ကာကွယ်နိုင်ရေး Safeguard duty ကောက်ခံရန် အိန္ဒိယဆိုလာထုတ်လုပ်သူများအသင်းက လျှောက်လဲအဆိုပြုတင်ပြလာမှုကြောင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းရှင်အချို့ကမူ ဆိုလာပြားများနှင့် အစိတ်အပိုင်းများအပေါ် အခွန်တိုးမြှင့် ကောက်ခံခြင်းကြောင့် ဆိုလာလုပ်ငန်း ဆောင်ရွက်နေသူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်ပြီး စားသုံးသူများကို ထိခိုက်နစ်နာနိုင်ကြောင်း၊ အခွန်ကောက်ခံခြင်းသည် ပြည်တွင်းထုတ်လုပ်သူများကို ရေတိုတွင် အထောက်အကူပြုနိုင်သော်လည်း ရေရှည်အကျိုးဖြစ်ထွန်းနိုင်ဖွယ် မရှိကြောင်း၊ ထိုမျှသာမက ဆိုလာစီမံကိန်းကုန်ကျစရိတ်များမှာလည်း ယခင်ထက် ၄၀ ရာခိုင်နှုန်းမြင့်တက်လာမည်ဖြစ်ကာ ဆိုလာလျှပ်စစ်ခ နှုန်းထားများမှာလည်း ပိုမိုမြင့်မားလာစေနိုင်ကြောင်း၊ အကာအကွယ်ခွန်နှင့် တန်ပြန်စုပုံခွန် (Safeguard duties and anti-dumping duty) များ စည်းကြပ်ကောက်ခံခြင်းသည် သဘောသဘာဝအားဖြင့် အကာအကွယ်ပြုခြင်းသာဖြစ်ပြီး ရေရှည်တွင် ပြည်တွင်း ထုတ်လုပ်သူများကိုပင် အထောက်အကူမပြုနိုင်ဟု Bridge to India ဆိုလာလုပ်ငန်းဆိုင်ရာ အကြံပေးအဖွဲ့အစည်း၏ မန်နေဂျာက သုံးသပ်ပြောကြားထားသည်။

DGS ၏ လေ့လာသုံးသပ်ချက်အရ တရုတ်နိုင်ငံအနေဖြင့် ဆိုလာပြားအမြောက်အမြား ထုတ်လုပ်လျက်ရှိပြီး အီးယူနှင့် အမေရိကန်နိုင်ငံတို့သို့ တင်ပို့ရာ၌ အခက်အခဲ၊ အတားအဆီးများနှင့် ရင်ဆိုင်ရလျက်ရှိရာ ပိုလျှံလာသည့် ပမာဏအတွက် သင့်တော်သည့် ဝယ်လက်နိုင်ငံတစ်နိုင်ငံကို ရှာဖွေခဲ့ပြီး အိန္ဒိယသည် ၎င်းတို့၏ ထုတ်ကုန်များအတွက် အသင့်တော်ဆုံးဖြစ်သည်ကို တွေ့ရှိခဲ့ကြကြောင်းနှင့် အီးယူနှင့် အမေရိကန်တို့က တရုတ်မှတင်သွင်းသည့် ဆိုလာဆဲလ်များအား ကာကွယ်တားဆီးသည့် လုပ်ငန်းစဉ်များဖော်ဆောင်လိုက်ခြင်းသည် တရုတ်ပို့ကုန်များကို အိန္ဒိယဆီသို့ဦးတည်စေခဲ့သည်ဟု ထောက်ပြပြောဆိုမှုများလည်းရှိသည်။

အိန္ဒိယမှ အဓိကတင်သွင်းနေသည့် ဆိုလာဆဲလ်များမှာ တရုတ်၊ အမေရိကန်၊ စင်ကာပူနှင့် တရုတ် (တိုင်ပေ) တို့မှဖြစ်ပြီး တင်သွင်းမှုပမာဏအနေဖြင့် ၂၀၁၄-၁၅ တွင် ၁၂၇၅ မီဂါဝပ်သာရှိခဲ့ရာမှ ၂၀၁၇-၁၈ တွင် ၉၄၇၄ မီဂါဝပ်သို့ တိုးမြှင့်လာခဲ့ပြီး ၆၄၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၏ ပထမခြောက်လတွင်ပင် ဆိုလာဆဲလ်တင်သွင်းမှုပမာဏမှာ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တစ်ခုလုံး၏ ၇၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့ဖြစ်၍ လက်ရှိအနေအထားမှာ အလွန်အရေးကြီးသည့် အခြေအနေဖြစ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များအား ကာကွယ်နိုင်ရန်အတွက် Safeguard Duty ကို အချိန်မဆိုင်းဘဲကောက်ခံသင့်ကာ အကောင်အထည်ဖော်မှုနှောင့်နှေးနေမည်ဆိုပါက ထိခိုက်နစ်နာမှုများအား ပြန်လည်ပြင်ဆင်ထူထောင်ရန် ခက်ခဲလိမ့်မည်ဟု စုံစမ်းစစ်ဆေးရေးအစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။

၂၀၁၂ ခုနှစ်တွင် တရုတ်မှ အိန္ဒိယသို့တင်ပို့မှုမှာ တစ်ကမ္ဘာလုံးသို့ တင်ပို့သည့် ပမာဏ၏ ၁ ဒသမ ၅၂ ရာခိုင်နှုန်းသာ ပါဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၂၁ ဒသမ ၅၈ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အမေရိကန်၊ အီးယူကဲ့သို့ ဈေးကွက်အခွင့်အလမ်းများ ဆုံးရှုံးထားခြင်းကြောင့် ပိုလျှံသည့် ပမာဏများကို အိန္ဒိယဈေးကွက်သို့ ဦးတည်လာနိုင်ကြောင်းကို ထောက်ပြပြောဆိုမှုများအရ သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တရုတ်အစိုးရမှ ဈေးကွက် ဝင်ရောက်နိုင်မှု ကန့်သတ်ချက်များအား လျှော့ချခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ထပ်မံ တိုးမြှင့်သွားမည်

တရုတ်အစိုးရမှ ဈေးကွက်ဝင်ရောက်နိုင်မှု ကန့်သတ်ချက်များအား လျှော့ချခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်အား အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး ထပ်မံတံခါးဖွင့်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ ပြောကြားခဲ့သည်။

အဆိုပါပြောင်းလဲမှုမှာ အမေရိကန်အစိုးရမှ စီးပွားရေးလုပ်ငန်းများအပေါ် နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံးအဆင့်ဖြစ်သည့် ၃၅ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ သိသိသာသာအခွန်နှုန်း လျှော့ချခြင်းအတွက် ဥပဒေမူကြမ်းအား ဒီဇင်ဘာ ၂ ရက်တွင် အတည်ပြုပြီးနောက်ပိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအများစု အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမေရိကန်၏ အခွန်နှုန်းလျှော့ချခြင်း မူဝါဒကြောင့် ရင်းနှီးငွေစီးထွက်မှု ဖြစ်ပေါ်နိုင်ပြီး နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဆွဲဆောင်ခြင်းတွင် အခက်အခဲများရှိနိုင်သည့် အပြင် ဘဏ္ဍာရေးဆိုင်ရာ ရှုပ်ထွေးမှုဖြစ်စေနိုင်သည့်အပေါ် စိုးရိမ်လျက်ရှိကြကြောင်း ပြောကြားထားသည်။

အခွန်လျှော့ချမှုမူဝါဒကြောင့် တရုတ်ကုမ္ပဏီများ၏ ပို့ကုန်တင်ပို့မှုနှင့် ပြည်ပတွင်ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ်ရရှိနိုင်သော်လည်း တရုတ်နိုင်ငံအတွင်းရှိ အမေရိကန်ကုမ္ပဏီများ ထွက်ခွာသွားနိုင်ကြောင်း ခန့်မှန်းထားသည်။ သို့သော် အကျိုးသက်ရောက်နိုင်မည့် ပမာဏကိုခန့်မှန်း ရန်ခက်ခဲသည့်အတွက် များစွာစိုးရိမ်စရာမလိုကြောင်း CITIC ဘဏ်၏ စီးပွားရေးပညာရှင်က သုံးသပ်ပြော ကြားခဲ့သည်။ လက်ရှိတွင် အမေရိကန်အတွင်း ပြည်နယ်ပေါင်း ၄၆ ခုတွင် တရုတ်နိုင်ငံသားများမှ ရင်းနှီးမြှုပ်နှံလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၄၁၀၀၀ ဖန်တီးနိုင်ခဲ့ကြောင်း၊ အမေရိကန် အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား အကဲဖြတ်ခြင်း ဆောင်ရွက်ရာကာလအတွင်း အတားအဆီးများချမှတ်ခြင်း မပြုရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသားများ၏ စုစုပေါင်း ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ နှစ်စဉ်၃၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းနေပြီး ၂၀၁၇ ခုနှစ် ပထမ ၁၁ လတွင် အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၅၅ ဘီလီယံသာရှိခဲ့သည်။ တရုတ်နိုင်ငံတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီသစ်များအနေဖြင့် ပထမ ၁၁ လတွင် ကုမ္ပဏီပေါင်း ၃၀၈၁၅ ခန့်ထူထောင် ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၂၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယွမ် ၈၀၃ ဒသမ ၆၂ ဘီလီယံထိရောက်ရှိပြီး ၂၀၁၆ ခုနှစ်ထက် ၉ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ နိုဝင်ဘာလတစ်လတည်းတွင် ၂၀၁၆ ခုနှစ်ထက် ၉၀ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်၍ ယွမ်၁၂၄ ဒသမ ၉ ဘီလီယံရှိခဲ့ကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# လျှပ်စစ်ပစ္စည်းများအပေါ် အိန္ဒိယကသွင်းကုန်ခွန် တိုးမြှင့်ကောက်ခံခြင်းကို အမေရိကန်၊ အီးယူနှင့် ဂျပန်တို့ကန့်ကွက်

အိန္ဒိယအစိုးရက မိုဘိုင်းလ်ဖုန်း၊ တီဗီနှင့် ပရိုဂျက်တာများအပေါ် သွင်းကုန်ခွန် တိုးမြှင့်ကောက်ခံခြင်းကို အီးယူ ဂျပန်နှင့် အမေရိကန်တို့က ကန့်ကွက်လိုက်သည်။ သတင်းအချက်အလက်နှင့် နည်းပညာသဘောတူညီချက် Information Technology Agreement (ITA) ကို လက်မှတ်ရေးထိုးထားသူများသည် မိုဘိုင်းလ်ဖုန်းများအပါအဝင် အိုင်တီပစ္စည်းအမြောက်အမြားအပေါ် သွင်းကုန်ခွန်စည်းကြပ်နိုင်ခွင့် မရှိခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် မိုဘိုင်းလ်ဖုန်း၊ တယ်လီဗေးရှင်း၊ ဒစ်ဂျစ်တယ်ကင်မရာ၊ မိုက်ခရိုဝေ့ဖ်မီးဖို၊ မီးသီးနှင့် အခြားလျှပ်စစ်ပစ္စည်းများ၏ သွင်းကုန်ခွန်များကို ပြီးခဲ့သည့်လက တိုးမြှင့်လိုက်ပြီး ITA ကော်မတီ၌ ရှင်းလင်းမှုပြုလုပ်ရန် အီးယူ၊ ဂျပန်နှင့်အမေရိကန်တို့က အိန္ဒိယအားတိုက်တွန်းထားသည်။

အစောပိုင်းတွင် WTO ၏ ITA နှင့်စပ်လျဉ်းသော ကတိကဝတ်များ လိုက်နာရန် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံစလုံးအား နိုင်ငံအတော်များများက ဝေဖန်ပြစ်တင်ပြောဆိုထားပြီး အိန္ဒိယသည် ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ မိုဘိုင်းလ်ဖုန်းများအပေါ် သွင်းကုန်ခွန် စတင်စည်းကြပ်ကောက်ခံခဲ့ကာ ၁၅ ရာခိုင်နှုန်းသို့ ထပ်မံတိုးမြှင့်ကောက်ခံခဲ့ကြောင်း၊ ထိုမျှသာမက တီဗီနှင့် မီးအိမ်များတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ရန်ကိုလည်း မကြာသေးမီက သတ်မှတ်လိုက်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် အိန္ဒိယသို့ လျှပ်စစ်ပစ္စည်းအများဆုံး တင်ပို့နေသည့်နိုင်ငံဖြစ်သော်လည်း ယင်းကိစ္စ နှင့် စပ်လျဉ်း၍ အိန္ဒိယအစိုးရ၏ လုပ်ဆောင်ချက်အပေါ် ကန့်ကွက်ထားခြင်း မရှိကြောင်းတွေ့ရသည်။ တရုတ်ကုမ္ပဏီများသည် လျှပ်စစ်ပစ္စည်းများအား အိန္ဒိယနိုင်ငံအတွင်းသို့ အစိတ်အပိုင်းများအနေဖြင့် တင်သွင်းလာကြပြီး ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်ခြင်းကို ပြုလုပ်နေကြသည့်အတွက် ၎င်းတို့အနေဖြင့် အခွန်ကိုကျော်လွှားနေသည့် အနေအထားများလည်းရှိသည်ဟု Jawaharlal Nehru University မှ ပါမောက္ခဖြစ်သူ Biswajit Dhar က ပြောကြားထားကြောင်း သိရှိရသည်။

အိန္ဒိယ၏ ရှင်းလင်းချက်အား မကျေနပ်ပါက အဆိုပါနိုင်ငံများအနေဖြင့် WTO ခုံရုံး၌ဖြေရှင်းရန် ကြိုးစားလာနိုင်ဖွယ်ရှိရာ အိန္ဒိယအနေဖြင့် မည်သို့သော အငြင်းပွားမှုမျိုးအတွက်ကိုမဆို ပြင်ဆင်ထားပြီးဖြစ်သည်ဟုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

**ယဉ်ယဉ်နွယ်၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Vol: 18, No.8 Monday February 19 2018

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၉-၂-၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် အနည်းငယ်ကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် အနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၄၀ (တစ်တန် ကျပ် ၃၃၀၆၉၀) ဈေးတက်ခဲ့ရာမှ ယခုတစ်ပတ်တွင် ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၆၀၁၃၀၅၇ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၈၅၄၃၉ ပိဿာရှိခဲ့လို့ အရောင်းအဝယ် အနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အအထိ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ကျပ် ၃၀ ရှိခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအတက်အကျမရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီး ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီးတို့ကတော့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၈၆၀ (တစ်တန် ကျပ်၅၂၆၅၀) ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ဘဲ မြို့ခံဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ် ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၀၀ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၇၂၅ ကျပ် (တစ်တန် ကျပ် ၄၄၃၉၈၀) ဖြင့် ဈေးမြင့်ခဲ့ပါတယ်။ ပဲစင်းငုံနီကို မြို့ခံဝယ်လက်တွေက အဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၁၀ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၆၃ ကျပ်(တစ်တန် ကျပ် ၇၇၃၄၈၀)ဖြင့် ဈေး မြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက အဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၉၃၃ကျပ် (တစ်တန်ကျပ် ၁၇၉၆၁၃၀) ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ၁၅၉၂၂၁၀) ဖြင့် ဈေးတက်ခဲ့ပြီး မန္တလေးဝယ်လက်များက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၈၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၆၇ ကျပ် (တစ်တန်ကျပ် ၅၃၀၉၄၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုမြို့ခံဝယ်လက်တွေကဝယ်ယူခဲ့ကြလို့အရောင်းအဝယ်ဖြစ်မှုများခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၆၅၈ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၇၅၀ (တစ်တန်ကျပ် ၄၅၉၂၉၀)ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၉၅၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၃၀၀၀(တစ်တန်ကျပ်၁၈၃၇၁၇၀)ဈေးရှိခဲ့ပြီး တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာ ၂၁၁၁ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ကျပ် ၁၃၆၀၇၃၀)၊ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၆၆၇ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၇၇၈ ကျပ် (တစ်တန် ကျပ် ၁၇၀၁၂၉၀) နဲ့ အသီးသီးဈေးတက်ခဲ့ပြီး ယခင်တစ်ပတ်က နှမ်းညိုတစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀)နဲ့ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေ ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၅၆၅ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ၆၀၂ကျပ် (တစ်တန် ကျပ်၃၆၈၆၅၀) ထိ ဈေးမြင့်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××



## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၄၂၀(တစ်တန် ကျပ် ၈၆၉၀၉၀) ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၁၅ကျပ် (တစ်တန် ကျပ် ၅၆၀၃၃၀)ဈေးမြင့်ခဲ့သလို ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၇၂၅ကျပ် (တစ်တန် ကျပ် ၄၄၃၉၈၀)ထိ ဈေးမြင့်ခဲ့ပါတယ်။ နှမ်းရောင်စုံ ဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၁၀ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၇၀ ကျပ် (တစ်တန် ၁၆၃၅၀၈၀ ကျပ်) နဲ့ ဈေးကျခဲ့ပြီး နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၃၅၅ ကျပ် (တစ်တန် ကျပ် ၁၄၄၂၁၇၀)၊ နှမ်းဖြူထိပ်စ တစ်ပိဿာ ၃၀၄၅ ကျပ် (တစ်တန်ကျပ် ၁၈၆၄၇၂၀)၊ နှမ်းနီ တစ်ပိဿာ ၂၇၅၅ ကျပ်(တစ်တန် ကျပ် ၁၆၈၇၁၃၀ )ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ပြီး ကုလားပဲဟော်လန်ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ပြီး ကုလားပဲဟော်လန်ကတော့ ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၆၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၇၀၀ (တစ်တန် ကျပ်၄၂၈၆၇၀) ဖြင့် ဈေးတက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲစင်းငုံနီကို ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ပါတယ်။ ကုလားပဲဟော်လန်ကတော့ နယ်အဝင်ရှိလာခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန် ကျပ်၈၈၇၉၆၀)နဲ့ ဈေးအတက်အကျ မရှိခဲ့သလို မြို့ခံဝယ်လက်တွေက ကုလားပဲဟော်လန်ကို ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၃၃၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၄၄၅ကျပ် (တစ်တန် ကျပ် ၁၄၉၇၂၃၀) ရှိခဲ့ပြီး ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ကျပ် ၂၄၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၅ ကျပ် (တစ်တန် ကျပ် ၁၄၉၇၂၃၀) ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်ရိုးရိုးကို မန္တလေးဝယ်လက်တွေနဲ့ နှမ်းနီကို မြို့ခံဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၆၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၇၀(တစ်တန် ကျပ် ၁၆၃၅၀၈၀) ဖြင့် ဈေးတက်ခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြ ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးတက်ပြီး အရောင်းအဝယ်ပြန်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး အနည်းငယ်တက်ပြီး အရောင်းအဝယ်ကတော့ ကျလာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်ရှိပြီး ရွှေလီဘက်တွင် ၈၇ ယွမ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ မြန်မာဘက်တွင် ၈၀ယွမ်ရှိပြီး ရွှေလီဘက်တွင် ၉၄ယွမ်ထိ ဈေးတက်ခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၂၉၄၅၈ တန်ရှိ ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၂၂၈၁၂ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ယွမ်ကို မြန်မာငွေ ၂၀၉ကျပ်ရှိခဲ့လို့ ယခုတစ်ပတ်မှာလည်း ငွေလဲနှုန်းအပြောင်းအလဲမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၅၄၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၆၆၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ် ၇၀၄၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်တန် ကျပ် ၇၁၆၀၀၀ အထိ၊ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန် ကျပ် ၄၄၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၇၀၀၀၀ အထိဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မတ်ပဲ FAQ (RC) ကကျပ် ၁၂၀၀၀၊ မတ်ပဲ SQ(RC) က ကျပ် ၁၂၀၀၀နဲ့ ပဲစင်းငုံနီက ကျပ် ၃၀၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး ပဲတီစိမ်း ဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲ ဈေးငြိမ်ပြီး ပဲတီစိမ်းဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၆၀ (တစ်တန် ကျပ်၅၇၈၈၉၀)ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက် တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၆၀ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၈၅ကျပ် (တစ်တန် ကျပ် ၈၄၈၁၆၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်းကို ပုံမှန်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း ဟသ်ာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

××××××××××××××××

# ပခုက္ကူမြို့တွင် မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ် ညှိနှိုင်းရေးအသင်း၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ဖေဖော်ဝါရီ ၃ ရက်က မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ် ညှိနှိုင်းရေးအသင်း အလုပ်အမှုဆောင်အဖွဲ့များ၏ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပရာ သိုး/ဆိတ်မွေးမြူသူ၊ ပြည်ပသို့တင်ပို့ရောင်းချသူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက မိမိတို့တိုင်းအတွင်းတွင်ရှိသော သိုး၊ ဆိတ်မွေးမြူမှုများကို စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်ရန် နိုင်ငံတော်မှ ညွှန်ကြားလာသဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှာရှိသော သိုး၊ ဆိတ်မွေးမြူထုတ်လုပ်သူများနှင့် ပြည်ပသို့တင်ပို့ရောင်းချသည့် ကုမ္ပဏီများစုပေါင်း၍ အသင်းကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သိုး၊ ဆိတ်မွေးမြူမှုတိုးတက်ဖွံ့ဖြိုးရေး စာတမ်းတစ်စောင်ကိုရေးဆွဲပြီး နိုင်ငံတော်အဆင့် တင်ပြရမည်ဖြစ်ကြောင်း၊ မွေးမြူတင်ပို့သူများအနေဖြင့် ဆိတ်ဈေးကောင်းမှသာပြည်ပသို့ အများအပြားတင်ပို့နိုင်မှာဖြစ်၍ နိုင်ငံခြားဝင်ငွေရရှိလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှာရှိသော သိုး၊ ဆိတ်မွေးမြူသူတောင်သူများလည်း ဆိတ်ဈေးကွက်ကောင်းနေသည်ကို သိရှိရန်လိုအပ်ကြောင်း၊ မွေးမြူရေးကိုစိတ်ဝင်စားပြီး မွေးမြူသူများလာလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ချေးငွေများ ထုတ်ချေးသွားမည်ဟုကြားသိရကြောင်း၊ ပခုက္ကူခရိုင်အတွင်းမှာရှိသော ငါးမြို့နယ်အနက် ရေစကြိုမြို့နယ်တွင်သာမက ပဲပေါက်မြို့နယ်၊ ဆိတ်ဖြူမြို့နယ်များမှာလည်း သိုး၊ ဆိတ်မွေးမြူထားမှုများ အများအပြားရှိနေကြောင်း၊ ၎င်းကျေးရွာများသို့လည်း မွေးမြူရေးဇုန်များ ပေါ်ပေါက်လာစေရန် မိမိအနေဖြင့်ပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ် မွေးမြူတင်ပို့မှုတိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းမှ ဥက္ကဋ္ဌ ဦးဌေးဝင်းက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူထားသူနှင့် တင်ပို့သူများပေါင်းစပ်၍ ဈေးကွက်ကိုရှာရမည်ဖြစ်ကာ လက်ရှိသိုး၊ ဆိတ်များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရုံသာမက အခြားနိုင်ငံများကို ဈေးကွက်ရှာနိုင်မှ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခုဈေးကွက်အခြေအနေမှာ တရုတ်နိုင်ငံသို့လည်း ဇန်နဝါရီ ၃၀ ရက်မှစ၍ မူဆယ်တွင် တင်ပို့ထားသော ဆိတ်များလည်း ရောင်းချ၍မရသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတည်းကို မှီခိုနေရသည့်အတွက် ၎င်းနိုင်ငံကမဝယ်လျှင် မွေးမြူတင်ပို့သူများ အခက်အခဲ ဖြစ်နိုင်ကြောင်းဆွေးနွေးပါသည်။

မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ် မွေးမြူတင်ပို့မှုတိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက ယခုလက်ရှိ တရုတ်ဈေးကွက်မှာအခက်အခဲဖြစ်နေကြောင်း၊ တရုတ်သို့မတင်ပို့ရ၍ ထိုင်းနိုင်ငံသို့ တင်ပို့လျှင်လည်း ဈေးကွက်ရရှိမှုနည်းကြောင်း၊ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တင်ပို့ရသောကြောင့် ဈေးကွက်ရရှိမှုနည်းကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံသို့ တိုက်ရိုက်တင်ပို့ခွင့်ရရန် နိုင်ငံတော်လူကြီးများထံမှ အကူအညီများကို တောင်းဆိုလိုပါကြောင်း၊ မလေးရှားနိုင်ငံမှ ဝယ်လက်များသည် မန္တလေးမြို့ထိမရောက်ရှိဘဲ ရန်ကုန်မြို့၌သာ ရောက်ရှိသောကြောင့် ရန်ကုန်မြို့မှ မွေးမြူတင်ပို့သူများကို အစည်းအဝေးတွင် ဖိတ်ကြားထားခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ဆိတ်ကိုအိတ်စွပ် ရေခဲသား၊ အရှင် စသည့်ပုံစံအမျိုးမျိုးနှင့်တောင်းဆိုကြောင်း၊ မိမိတို့အနေဖြင့် မွေးမြူသူဖြစ်သောကြောင့် အိတ်စွပ်ရေခဲသားကိုဦးစားမပေးပဲသိုး၊ ဆိတ် အရှင်များကိုသာ ဦးစားပေး တင်ပို့သွားမည်ဖြစ်ကြောင်း၊ တင်ပို့သည့်အခါတွင်လည်း ရန်ကုန်မြို့မှအဖွဲ့များကို မှီတင်း၍ တင်ပို့သွားမည်ဟု စဉ်းစားထားကြောင်း၊ အချို့နိုင်ငံများသည် အစိုးရအချင်းချင်း ချိတ်ဆက်၍ ဝယ်ယူသောကြောင့် အစိုးရဘက်မှ မိမိတို့ကို ချိတ်ဆက်ပေးလျှင် ပို၍အဆင်ပြေနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်ဟု သတင်းရရှိပါသည်။

သူဇာကျော် (ပခုက္ကူ)

စာမျက်နှာ (၁၅) ဆိတ်နှင့် သိုးများ …… မှအဆက်

မလေးရှားနိုင်ငံသို့ တိရစ္ဆာန်တင်ပို့မှုတိုင်းအတွက် သဘော်တင်ခြင်းမပြုမီ မြန်မာနိုင်ငံရှိ အတည်ပြုထားသည့် ကျန်းမာရေးစစ်ဆေးရာဌာနများနှင့် မွေးမြူရေးခြံများအား ကြီးကြပ်ဆောင်ရွက်နေသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သက်ဆိုင်ရာအရာရှိမှ ကျန်းမာရေး စစ်ဆေးချက်မှတ်တမ်း (Quarantine Report) ကို ထုတ်ပေးရမှာဖြစ်ပါတယ်။

## သယ်ယူပို့ဆောင်ခြင်းနှင့် အတင်/အချ ပြုလုပ်ရာနေရာ

တိရစ္ဆာန်များတင်ပို့မှုကို မလေးရှားနိုင်ငံရှိ သတ်မှတ်ထားသည့် ကုန်တင်/ကုန်ချနေရာများ (သို့မဟုတ်) အခြားဝင်ပေါက်နှင့် ဆိပ်ကမ်းများသို့ သင့်လျော်ရာ ယာဉ်များဖြင့် တိုက်ရိုက်သယ်ဆောင်နိုင်မှာဖြစ်ပါတယ်။

## မလေးရှားသို့တင်ပို့သည့် တိရစ္ဆာန်များ ရောက်ရှိချိန်တွင် ဆောင်ရွက်မှုများ

မလေးရှားနိုင်ငံသို့ တင်ပို့သည့်တိရစ္ဆာန်များ ရောက်ရှိပြီးနောက် စစ်ဆေးမှုများ ပြုလုပ်ပြီးချိန်တွင် အဆိုပါတိရစ္ဆာန်များအား မလေးရှားနိုင်ငံပြည်နယ်များရှိအတည်ပြု ကျန်းမာရေးစစ်ဆေးသည့် နေရာများသို့ ဆက်လက်ပို့ဆောင်၍ ထပ်ဆောင်းကျန်းမာရေးစစ်ဆေးမှုများ လုပ်ဆောင်မှာဖြစ်ပါတယ်။

## မလေးရှားနိုင်ငံ၌ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း

မလေးရှားသို့ တင်ပို့မည့် တိရစ္ဆာန်များအား မလေးရှားနိုင်ငံ၊ အသိအမှတ်ပြုကျန်းမာရေး စစ်ဆေးဌာန (Department of Veterinary Services-DVS) ၌ ရှင်းလင်းရက် ၁၅ ရက်ထက်မနည်းသော ကာလအပိုင်းအခြားအတွင်း ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်မှာဖြစ်ပြီး စစ်ဆေးရက် နှစ်ရက်မြောက်နေ့တွင် ကျန်းမာရေးစစ်ဆေးခြင်းကိုလည်းကောင်း၊ ခွာနာလျှာနာရောဂါကာကွယ်ဆေး (O,A Asia1) ထိုးနှံခြင်းကို စစ်ဆေးရက် ၁၄ ရက်မြောက်နေ့တွင်လည်းကောင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ခွာနာလျှာနာရောဂါအတွက် NSP ELISA ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်းကို စစ်ဆေးရက် နှစ်ရက်မြောက်နေ့တွင် ဆောင်ရွက်ပြီး အခြားစစ်ဆေး စမ်းသပ်မှုကို လိုအပ်သလို ဆောင်ရွက်တာဖြစ်ကြောင်း သိရပါတယ်။

ခွာနာလျှာနာရောဂါ(သို့မဟုတ်) အခြားရောဂါတစ်မျိုးမျိုးကို ရှာဖွေတွေ့ရှိခဲ့ပါက ကူးစက်တိရစ္ဆာန်များအားလုံးကို ဖျက်ဆီးသုတ်သင်ပစ်ရမှာ ဖြစ်ပါတယ်။ ကူးစက်တိရစ္ဆာန်များနဲ့ ကူးလူးဆက်နွယ်မှုရှိတဲ့ တိရစ္ဆာန်များအား သားသတ်ရန်အတွက် ချက်ချင်းပို့ဆောင်ရမှာ ဖြစ်ပါတယ်။ ဖျက်ဆီးသုတ်သင်မှုအတွက် တင်သွင်းသူ (သို့မဟုတ်) တိရစ္ဆာန်ပိုင်ရှင်များအား လျော်ကြေးပေးမှာ မဟုတ်ပါဘူး။

ကျန်းမာရေးစစ်ဆေးခံထားတဲ့ တိရစ္ဆာန်များဟာ ကူးစက်ရောဂါများအားလုံး ကင်းရှင်းပြီး ကျန်းမာကြောင်း စစ်ဆေးတွေ့ရှိတယ်ဆိုရင် စစ်ဆေးရက် ၁၆ ရက်မြောက်နေ့မှာ တိရစ္ဆာန်အားလုံးကို စစ်ဆေးသည့်နေရာများမှ ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးတဲ့ ကာလကို လိုအပ်ရင် ထပ်မံတိုးချဲ့နိုင်တယ်လို့လည်း သိရပါတယ်။

အတည်ပြုထားတဲ့ ကျန်းမာရေးစစ်ဆေးရာနေရာများမှ တိရစ္ဆာန်များအား တံဆိပ်ခတ်ထားသော ယာဉ်များတွင် ထည့်သွင်းပြီး၊ အတည်ပြုသတ်မှတ်ထားတဲ့ နေရာ/မွေးမြူရေးခြံများသို့ ပြောင်းရွှေ့မှာဖြစ်ပါတယ်။

## အခြားလိုအပ်သည့် အခြေအနေများ

မလေးရှားနိုင်ငံအတွင်းသို့ တိရစ္ဆာန်တင်သွင်းသူဟာ ကိုယ်စားလှယ်မှတစ်ဆင့် တင်သွင်းခြင်းဖြစ်လျှင် ယင်းကိုယ်စားလှယ်အားလုံးသည် မလေးရှားနိုင်ငံ၊ တိရစ္ဆာန်ဆေးကုသရေးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှာ မှတ်ပုံတင်ထားဖို့လိုအပ်မှာ ဖြစ်ပါတယ်။

တင်သွင်းသူအားလုံး (သို့မဟုတ်) တင်သွင်းမည့် ကိုယ်စားလှယ်အားလုံးဟာ တင်သွင်းမည့် တိရစ္ဆာန်အရေအတွက်၊ တင်သွင်းမည့် အဆိုပြုနေ့ရက်တို့ကို အတည်ပြု ကျန်းမာရေးစစ်ဆေးသည့် ဌာနများမှ တာဝန်ခံအရာရှိထံသို့ အသိပေးရမှာဖြစ်ပြီး တင်သွင်းမှုအတွက် ကတိကဝတ်တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမပြုမီ တင်သွင်းမှုအစီအစဉ်များကိုလည်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးရန်နေရာ အတည်ပြုချက်မရရှိတဲ့ တင်သွင်းသူ (သို့မဟုတ်) ကိုယ်စားလှယ်များအနေနဲ့ မလေးရှားနိုင်ငံသို့ တိရစ္ဆာန်တင်သွင်းနိုင်မှာ မဟုတ်ဘူးလို့လည်း သိရှိရပါတယ်။

## ကျန်းမာရေးစစ်ဆေးပြီးနောက် စီမံဆောင်ရွက်မှုများ

တိုက်ရိုက်သားသတ်မှု ပြုလုပ်ရန်အတွက် တင်သွင်းသော တိရစ္ဆာန်များအား စစ်ဆေးရာဌာနများမှထုတ်ယူပြီးနောက် မလေးရှားနိုင်ငံ၊ တိရစ္ဆာန်ဆေးကုသရေးဌာနမှ အတည်ပြုထားတဲ့ သားသတ်ရုံများထံသို့ တိုက်ရိုက်ယူဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ သားသတ်ရုံတွင်ရှိနေစဉ် တိရစ္ဆာန်များဟာ ၁၉၇၅ ခုနှစ် သားသတ်ခြင်းထိန်းချုပ်မှုဆိုင်ရာစည်းမျဉ်း၊ ၁၉၈၅ ခုနှစ်၊ အသားစစ်ဆေးခြင်းဆိုင်ရာစည်းမျဉ်းနဲ့ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းစံနှုန်းများကို လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ချက်ချင်းသားသတ်မှုမပြုသော တင်သွင်းလာသည့် တိရစ္ဆာန်များအား မလေးရှားနိုင်ငံ၊ တိရစ္ဆာန်ဆေးကုသရေးဌာနမှ အတည်ပြုထားတဲ့ ထိန်းသိမ်းရာနေရာ (သို့မဟုတ်) မွေးမြူရေးခြံများတွင် ထိန်းသိမ်းထားရှိရမှာဖြစ်ပါတယ်။ တင်သွင်းလာသည့် တိရစ္ဆာန်များအား လက်ခံခြင်းမပြုမီ မွေးမြူရေးခြံများရှိ သံသယရှိ တိရစ္ဆာန်များအား ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးနှံထားဖို့လိုအပ်မှာ ဖြစ်ပါတယ်။

သားသတ်ခြင်းမဆောင်ရွက်မီ အသားတိုးမွေးရန်အတွက် တင်သွင်းသည့် တိရစ္ဆာန်များအား မွေးမြူရေးခြံ/ ထိန်းသိမ်းရာ နေရာများတွင် ခြောက်လကြာ ကန့်သတ်ထားရှိရမှာဖြစ်ပြီး အခြားတိရစ္ဆာန်များနှင့် ကူးလူးဆက်နွယ်မှုမရှိစေရေး သေချာစေရန်အတွက် ကြိုတင်ကာကွယ်မှုတွေကိုလည်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

## တင်သွင်းမှုဆိုင်းငံ့ခြင်း

မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားမှု၊ ရောဂါဖြစ်ပွားမှုဆိုင်ရာ သံသယရှိမှု ကြုံတွေ့ရသည့်အခါ (သို့မဟုတ်) အထက်တွင် ဖော်ပြခဲ့သည့် ဥပဒေစည်းမျဉ်းများအား ချိုးဖောက်တင်သွင်းခဲ့ပါက မလေးရှားနိုင်ငံ၊ တိရစ္ဆာန်ကုသရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) တိရစ္ဆာန် ကုသရေးဆိုင်ရာ ပြည်နယ်ညွှန်ကြားရေးမှူးတို့အနေဖြင့် မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တိရစ္ဆာန် တင်သွင်းမှုကို ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ လိုအပ်ချက်အလိုက် အချိန်မရွေး ဆိုင်းငံ့သွားနိုင်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

စိုက်ပျိုးရေးအခြေခံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ အထူးသဖြင့် အထက်မြန်မာပြည်ဒေသတွေမှာ စိုက်ပျိုးရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုပြီး၊ မိသားစုတစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းဖြစ်တဲ့ ဆိတ်/သိုး မွေးမြူမှုကို အလေးထား လုပ်ဆောင်ကြတာကို တွေ့ရပါတယ်။ အခုအခါမှာတော့ နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးမူဝါဒများနဲ့အညီ ဈေးကွက်စီးပွား ရေးစနစ်အကောင်အထည်ဖော်ဖို့နဲ့ ဝင်ငွေတိုးတက်ရရှိရေးတို့အတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စတဲ့ တိရစ္ဆာန်အရှင်တွေကို ပြည်ပသို့တရားဝင်တင်ပို့ ခွင့်ပြုခဲ့တာကြောင့် အဆိုပါတိရစ္ဆာန်တွေအတွက် တင်ပို့မည့် ဈေးကွက်ပိုမိုတိုးတက်ရရှိရေးဟာ အရေးပါလာတာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း တရားမဝင် ကုန်သွယ်မှုတွေကို တရားဝင်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခြင်းဖြင့် နိုင်ငံအတွက် အခွန်ဘဏ္ဍာငွေများ တိုးတက်ရရှိလာမှာလည်း ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ဝင်ငွေတိုးတက်ရရှိရေး၊ မြန်မာ့ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးတို့အတွက် မလေးရှားနိုင်ငံသို့ သိုး/ဆိတ်များ တိုးတက်တင်ပို့နိုင်စေရေး ဆန္ဒပြုလျက် ရေးသားတင်ပြလိုက်ရပါတယ်။

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်လျော့နည်းတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၆၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၉၃၃၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၁၂၃၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၈၉၉ တန်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့သော်လည်း ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်းခဲ့တဲ့အတွက် ယခုလိုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၆၁၁ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၀၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ကုန်၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့်တို့ကို ၆၃၃၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၄ သန်းတန်ဖိုးရှိ ငါးမှုန့်၊ ငါးမျိုးစုံ၊ ကင်းမွန်၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်(လိပ်) တို့ကို ၂၃၈၈ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ပြည်တွင်းသို့ ဆိုင်ကယ်များ ဝင်ရောက်မှုကျဆင်း

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၀၃၆၀ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၅၄၉ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၈၉ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရ ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းအားလုံးမှ ဆိုင်ကယ်များတင်သွင်းမှုကျဆင်းခဲ့တဲ့အတွက် ယခုလိုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၂၁၄ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၁၄၂ စီးနဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ဆိုင်ကယ်လေး စီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅၈၃၃ တန်ဖိုးရှိလက်ဖက်ခြောက်တန် ၅၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၂ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၃၇ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၀၇၉၇ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၃ တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၅၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် တာချီလိတ်မှ လက်ဖက်ခြောက် ပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ အများဆုံးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ၌ ဒုတိယအများဆုံးထွက်ရှိပြီး ပလောင်၊ ပအိုးဝ်၊ ခနုနဲ့ ရှမ်းတိုင်းရင်းသားတို့က အများဆုံးစိုက်ပျိုးကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ သကြားလျော့နည်းတင်ပို့

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း နှစ်ခုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၆၆ သန်း တန်ဖိုးရှိ Re-export သကြား ၁၀၇၁၆ တန်ကျော်ကို တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၉၀၆၉ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၆၄၇ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၉၀၄၆ တန်ကျော်တင်ပို့ခဲ့လို့ သကြားပုံမှန်တင်ပို့မှုရှိပြီး ချင်းရွှေဟော်မှ ယခင်တစ်ပတ်က ၂၀၃၄ တန် တင်ပို့ခဲ့တာကြောင့် ၃၈၇ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါ ရီ ၃ ရက်မှ ၉ ရက်အတွင်း သကြား တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၇၅၄၄၀၀၊ တစ်ဖက်နိုင်ငံဈေး ယွမ် ၃၆၈၀ ရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

Commerce ကာတွန်း




# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၁၈၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၅၉၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၄၁၀ လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့်လည်း သုည ဒသမ ၀၄၅ သန်း လျော့နည်းခဲ့ပါတယ်။ ကဏန်းတစ်တန်ရဲ့ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၅၄၆၀၀၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၀၀၀၀ ဈေးဖြင့် ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။

**မော်မော်အောင်**

# ထိုင်းနိုင်ငံသို့ ကော်ဖီစေ့ တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၃ရက်မှ ၉ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆၄၄၀ တန်ဖိုးရှိ ကော်ဖီစေ့ ၁၂ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကော်ဖီစေ့တင်ပို့မှု မရှိခဲ့ပါဘူး။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးလျက်ရှိတဲ့ ဒေသများမှာ တောင်ငူ၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ရှမ်းပြည်နယ် ရွာငံဒေသနဲ့ ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီကို ၂၀၁၆ ခုနှစ်က အမေရိကန်သို့ တင်ပို့ခဲ့ပြီး ဂျပန်၊တရုတ်(တိုင်ပေ)၊ ဆွစ်ဇာလန်နဲ့ အာရှနိုင်ငံများသို့ ကော်ဖီဈေးကွက် ချဲ့ထွင်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပီလောပီနံအမှုန့် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၄၉၆ တန်ဖိုးရှိ ပီလောပီနံအမှုန့် ၁၄၄ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၁၃ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၃၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ပီလောပီနံအမှုန့် တစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၁၀ ရှိပြီး တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုတယ်လို့ သိရှိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၃ သန်း တန်ဖိုးရှိကွမ်းသီး ၈၁၇ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၃၄၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၂၃ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းရော တမူးကုန်သွယ်ရေးစခန်းပါ ကွမ်းသီးများတင်ပို့မှု ကျဆင်းခဲ့တဲ့အတွက်ကြောင့် လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၄၉၅ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၃၂၂ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၄ သန်း တန်ဖိုးရှိ နန့်ဖာလုံးကုန်စုံ၊ စီးကရက်၊ ဘိလပ်မြေတို့ကို တန် ၁၃၀ နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်း တန်ဖိုးရှိ စောင်၊ မဝတ်တီရှပ်တို့ကို ၁၃ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ပရဆေးကုန်ကြမ်း တင်ပို့မှုလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၆၈ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၅ မျိုး၊ တန်ချိန်အားဖြင့် ၃၅၆ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၈၆ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၃၃၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ဆီး ဆန်၊ နန္ဒင်းတက်၊ နန္ဒင်းခေါင်း၊ မာလာဥခေါင်း၊ မာလာဥ၊ တောချင်း၊ တောဂျုံးမြစ်၊ စကားပန်းပွင့်ခြောက်၊ ဖန်ခါးသီးခြောက်နဲ့ ချဉ်ပေါင်ဖာလာ အခွံပါတို့ ဖြစ်ပါတယ်။

**မော်မော်အောင်**

## ရောဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ပြုပြင်ထုတ်လုပ်မှု စနစ်တကျရှိစေရေး အရည်အသွေးစိစစ်ကြပ်မတ်

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် အသေးစား၊ အလတ်စား ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ငါးခြောက်ထုတ်လုပ်ရာတွင် ယင်မနားဆေး၊ ယမ်းစိမ်းများအသုံးပြုလာပြီး ငံပြာရည်ထုတ်လုပ်ရာတွင် ယူရီးယားကဲ့သို့ မြေသြဇာများသုံးစွဲလာသည်ဟု သတင်းရသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာန ငါး၊ ပုစွန်စစ်ဆေးရေးနှင့် အရည်အသွေး စိစစ်ကြပ်မတ်ရေး (FIQC- Fish Inspection and Quality Control Division) ဌာနခွဲမှ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် လိုက်လံပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစားအစာများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ငါးနှင့် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့်ဖြန့်ချိရာတွင် ရောဂါပိုးပေါက်ပွားမှု ကာကွယ်ရန်အတွက်သာမက လူကိုအန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရေး ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP) စနစ်ကို လိုက်နာဆောင်ရွက်ရန်၊ အခြားဒေသများသို့ တင်ပို့ဖြန့်ချိရာတွင် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် မိရိုးဖလာထုတ်လုပ်မှု (Traditional Production) မှ အဆင့်မီထုတ်လုပ်မှု (Standard Production) ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်၍ စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်မှု လုပ်ငန်းများတွင် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practices-GMP) ဖြင့် ပြုပြင်ထုတ်လုပ်ရန် အာဆီယံနိုင်ငံများအတွင်း သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ လုပ်ငန်းရှင်များ သိရှိလိုက်နာနိုင်ရေးအတွက် ယခုကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် အသိပညာပေးရခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

**ထွန်းထွန်း (ပုသိမ်)**

## မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ရေး စီမံကိန်း အကောင်အထည်ဖော်သည့်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများစီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော်သည့်အဖွဲ့ (Project Implementation Unit- PIU) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ PIU အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ADB မှ Ms.Stefania က လုပ်ငန်းများကို လေ့လာရာတွင် ခေါက်မုန့်လုပ်ငန်း၊ သဘာဝဆပ်ပြာ၊ သဘာဝ ချည်ဆိုးဆေးလုပ်ငန်းများသည် အလားအလာရှိကြောင်း၊ Project မြို့နယ်များတွင် အရင်းအနှီးမရှိဘဲ လုပ်ငန်းလုပ်ကိုင်ရန် စိတ်အားထက်သန်သူများ လုပ်ငန်းလုပ်ကိုင်နိုင်အောင် မိမိတို့ Project မှကူညီပေးမည်ဖြစ်ကြောင်း၊ မိမိတို့ Project မှထုတ်လုပ်သည့်ပစ္စည်းနမူနာများကို ဝေဖန်အကြံပြုပေးစေလိုကြောင်း၊ သဘာဝဆိုးဆေးသုံးပြီး ရက်လုပ်သော အဝတ်အထည်များအား ဈေးကွက်သို့ စမ်းသပ်တင်ပို့တဲ့အခါ ရလဒ်ကောင်းများရရှိ ပြီး အရောင်များတွင် အင်ဒီဂို (မဲနယ်ရောင်)ကို လူကြိုက်များပါကြောင်း၊ အင်ဒီဂို(မဲနယ်ရောင်) အပင်ရရှိဖို့အတွက် အပင်မျိုးစေ့များကို စမ်းသပ်စိုက်ပျိုးနေကြောင်း၊ Business အခြေခံသင်တန်းများ၊ Personal Leadership သင်တန်းများ၊ စီးပွားရေးဆိုင်ရာNetwork သင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ Project မှ ထုတ်လုပ်သည့်ပစ္စည်းများတွင် Made in Mon ဟူသည့် တံဆိပ်ရိုက်နှိပ်နိုင်ရေးအတွက် Logo Design ဆွဲပြီး Registration ပြုလုပ်ရန် ကြိုးစားနေကြောင်း၊ ဈေးကွက်ရရှိရေးနှင့် မြေနေရာရရှိရေးအတွက် ကြိုးစားပေးသည့် PIU အဖွဲ့ဝင်ဌာနဆိုင်ရာများအား အထူးကျေးဇူးတင်ကြောင်း၊ Yamanya Trade Center သို့ သွားရောက်လေ့လာခဲ့ရာ ယခင်ကနှင့် မတူဘဲ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ Trade Center မှာ မော်လမြိုင်မြို့၏ အချက်အချာနေရာမှာရှိတဲ့အတွက် အလွန်ကောင်းပါကြောင်း၊ PIUနှင့်ဆက်စပ်သည့် အစိုးရဌာနများအား စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများပေးခဲ့ပြီး နောက်ထပ်လိုအပ်သည့် သင်တန်းများရှိလျှင် အကြံပြုစေလိုကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လတွင် ဂျပန်နိုင်ငံ၌ ပြုလုပ်မည့် International Trade Fair ၌ မိမိတို့၏ Product ကို သွားရောက်ပြသမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ခေါက်မုန့်လုပ်ငန်းနှင့် သဘာဝချည်ဆိုးဆေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် Group အလိုက်ဖွဲ့ထားပြီး ခေါက်မုန့်များမှာ ချောကလက်နံ့၊ လက်ဖက်စိမ်းနံ့၊ ဆန်မွှေးနံ့များဖြင့် စမ်းသပ်ထုတ်လုပ်နေကြောင်း၊ သဘာဝချည်ဆိုးဆေးဖြင့် ရက်လုပ်သော စောင်၊ ခြုံပုဝါ၊ အဝတ် အထည်များမှာလူကြိုက်များပြီး ဂျပန်နိုင်ငံမှလည်း ကမ်းလှမ်းထားပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစိုးသန်းအေးက PIU မှ ထုတ်လုပ်သောကုန်ပစ္စည်းများကို ဈေးကွက်ရရှိရေးအတွက် မိမိတို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အနေဖြင့် ကုန်သွယ်မှုဗဟိုဌာနများကို တိုင်းနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ထားရှိရာ ကုန်ပစ္စည်းများ၏ နမူနာနှင့်ဈေးနှုန်းများအား လာရောက်ပြသနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

**မိုးမိုး(စားသုံးသူ-မွန်)**

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၇ နှစ်စမှ ၂၀၁၈ ဇန်နဝါရီလအထိ အလုပ်အကိုင်အခွင့်အလမ်း တစ်သန်းခန့် ဖန်တီးပေးခဲ့

ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စတင်အတည်ပြုခဲ့ပြီးနောက် တစ်နှစ်ကျော်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုခဲ့သော လုပ်ငန်းစုစုပေါင်း ၁၉၅ ခုရှိခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၈၃၄၅၇ ခုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်ပေါင်း ၁၅၄၇၇ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် အစပိုင်းမှစ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်အထိရောက်ရှိခဲ့ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သန်းကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိသော အချက်အလက်များကို အခြေခံ၍ JobNet.com.mm ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ အနာဂတ်ကာလမှာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရန်အတွက် ကောင်းမွန်သောနည်းလမ်းများ ကျွမ်းကျင်မှုရှိသော Professionals လိုအပ်ချက်များကိုလည်း အလေးထားဆောင်ရွက်သင့်ကြောင်း သက်ဆိုင်ရာကဏ္ဍများမှ ကျွမ်းကျင်သူများက သုံးသပ်ပြောဆိုသည်။

နိုင်ငံအတွင်း ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပတ်သက်၍ JobNet.com.mm မှ မန်နေးဂျင်းဒါရိုက်တာ Mr.Matt De Luca က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကနေပြီး တစ်နည်းမဟုတ် တစ်နည်း အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်စေပြီး အလုပ်အကိုင်တိုးတက်ဖော်ဆောင်မှုကို နည်းလမ်းအမျိုးမျိုး အသုံးပြုဖော်ဆောင် လုပ်ကိုင်နိုင်မှာဖြစ်ကြောင်း ဥပမာ SMEs လုပ်ငန်းတွေအတွက် ငွေကြေးဆိုင်ရာထောက်ပံ့မှုတွေရရှိအောင် Public-Private Partnership အပိုင်း ပိုမိုတိုးတက်ပါဝင်လာအောင်လုပ်ဆောင်တာတွေနဲ့ အခြားစီးပွားရေး Model ဖြစ်ပြီး၊ အကျိုးတူပူးပေါင်းမှုတွေမှ လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းများကို ပိုမိုအားကောင်းလာအောင်လုပ်ပြီး Youth Employment Program တွေကနေတစ်ဆင့် နောက်ပိုင်း မျိုးဆက်သစ်များအတွက် သက်ဆိုင်ရာနယ်ပယ်တွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေဖြစ်ပေါ်လာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ JobNet.com.mm ၏ လူမှုဆက်ဆံရေးမန်နေဂျာ ကိုမျိုးအိမ့်ဇော်က ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေကနေပေါ်ထွက်လာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေက Professional သိပ်မကျဘဲ ကာယအားဖြင့် လုပ်တဲ့လုပ်သားတွေသာ အဓိက အထောက်အကူပေးနေသလိုဖြစ်တာကြောင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ Skill Worker တွေကို အလုပ်အကိုင် များများပေးနိုင်တဲ့ အနေအထားရှိအောင် လုပ်ဆောင်ခြင်းဖြင့် ပြည်ပကုမ္ပဏီတွေနဲ့ပါ ဝင်ယှဉ်ပြိုင်ပြီး လုပ်ကိုင်နိုင်လာမှာဟုဆိုသည်။

**ရောမြေ**

## ပခုက္ကူမြို့တွင် တရားဝင်ပိတ်ပင်ထားသော စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ဖေဖော်ဝါရီ ၁၄ ရက်က ပခုက္ကူမြို့၊ စည်ပင်အမှိုက်ကျင်း၌ တရားဝင်ပိတ်ပင်ထားသော စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများ အားမီးရှို့ဖျက်ဆီးခဲ့ရာ ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ ခရိုင်ဥပဒေအရာရှိ ဦးသိန်းဌေး၊ ခရိုင်ပညာရေးမှူး ဒေါ်အေးကြိုင်နှင့် စားသုံးသူအခြေခံပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ လေ့လာသူများ၊ စုစုပေါင်း ၂၁၆ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါမီးရှို့ဖျက်ဆီးပွဲတွင် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူစသည့် မြို့နယ်များ၏ မြို့မဈေးများမှ သိမ်းဆည်းခဲ့သော တံဆိပ်အချက်အလက် မပြည့်စုံသောမုန့်များ၊ အချိုရည်ဘူးများ၊ အချိုမှုန့်များ၊ တားမြစ်ထားသော ငရုတ်သီးမှုန့်များ၊ အားဖြည့်အချိုရည်ဘူးများ၊ ချိုချဉ်လုံးများ၊ စပ်ချောင်းမုန့်များ၊ တရုတ်စာတမ်းပါ ခေါက်ဆွဲစိမ်းခြောက်ထုပ်များ၊ သက်တမ်းလွန်အစားအသောက်များ၊ မှိုတက်နေသောအစားအစာများ၊ တရားဝင်ပိတ်ပင်ထားသော အစားအစာများ၊ ခွင့်မပြုဆိုးဆေးပါဝင်သည့် အစားအစာများ စသည့် စုစုပေါင်း ကျပ် ၁၀၅၁၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်း အမျိုးအမည် ၆၂ မျိုး၊ အရေအတွက် ၃၀၀ ကျော်အား စားသုံးသူအခြေခံပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သူဇာကျော်(ပခုက္ကူ)**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်က ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ဟသ်ာတခရိုင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လှုပ်ရှားမှုများ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ပြောကြားခဲ့ပါသည်။ ထို့နောက် အတွင်းရေးမှူးဦးကြည်ဟန်က ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်ခဲ့သော အသိပညာပေးဟောပြောပွဲ ဆောင်ရွက်မှုများ၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်များတွင် CICC တိုင်ကြားမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **မောင်မောင်မြတ်ခိုင်**

www.oceancrownservices.com

# OCEAN CROWN SERVICES CO., LTD.

海洋皇冠服務有限公司

1. International Freight Forwarding Services
2. SEA-AIR, AIR-SEA, AIR TO AIR TRANSPORTATION SERVICES
3. Warehousing and Distribution Services
4. Local Handling For Export and Import Cargo
5. Door to Door Pick Up and Delivery
6. LCL Handling
7. Shipping Lines and Air Lines Agencies
8. Container Vessel Handling
9. Charter Vessels / Bulk Cargo Handling
10. Customs Clearance services
11. Import & Export Documentation

1. 国际货运代理服务
2. 海空, 空海运, 空运航空运输服务
3. 仓储及配送服务
4. 本地处理出口和进口货物
5. 门到门上门取货, 送货
6. 拼箱处理
7. 船公司和航空公司代理
8. 集装箱船装卸
9. 宪章船散货处理
10. 清关服务
11. 进出口文档

MEMBER OF

UMFCCI AFFA MIFFA FIATA WCA

Bldg-40, Ground Floor, 9th Street, Lanmadaw Township, Yangon.

Tel : 01-222081, 01-216105, 09-73236117, 09-5003478, 09-43164838, Fax : 01-216105

Email : oceancrown.mgmt@gmail.com, ocs.doc@gmail.com,ocs.account@gmail.com, oceancrown.sales@gmail.com, oceancrown.salesl@gmail.com

AMB

# ASIAN MYANMA BEAUTY

TRAVEL & TOUR

UNION OF MYANMAR TRAVEL ASSOCIATION
UMTA

- Ticketing
  (Domestic/International Flight, Train, Bus, Boat)
- In bound & Outbound tour Packages
- FIT/Package Tour
  - Festival Tour
  - Business Tour/M.I.C.E
  - Trekking Tour
  - Tailor made Tour
  - Golf Tour

- Hotel Reservation
- Ticket/Interpreter Service
- Car Rental Service
- Visa Service

Asian Myanma Beauty Travel & Tours Co., Ltd.

Address : Bldg-40, Ground Floor, 9th Street, Lanmadaw Tsp., Ygn.
Tel : (+95 1) 229784, (+951)2303075, (+95 9) 73105889, (+95 9) 795532541, (+95 9) 782008400
Fax : (+95 1) 229784
Email : sales@ambmyanmartravels.com, ticketing@ambmyanmartravels.com, cho.paing@ambmyanmartravels.com Website: www.ambmyanmartravels.com


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
https://www.facebook.com/AlpineDrinkingWater
Tel: 09 730 971 36, 09 730 971 37

# ထိုင်းနိုင်ငံတွင် တံဆိပ်အမှတ်အသားနှင့် စပ်လျဉ်း၍ စားသုံးသူများကို အကာအကွယ်ပေးဆောင်ရွက်

ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်ရုံးလက်အောက်ရှိ စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့ရုံးသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များနှင့် စပ်လျဉ်း၍ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ လိုအပ်သော အချက်အလက်များဖြစ်သည့် ကုန်စည်၏ အမည်၊ အမျိုးအစား (တင်သွင်းသောပစ္စည်း၏ ပင်ရင်းနိုင်ငံ)၊ ထိုင်းနိုင်ငံအတွင်း ရောင်းချမည်ဆိုပါက ထုတ်လုပ်ရောင်းချသူနှင့် တင်သွင်းသူတို့၏ အမည်/ထိုင်းနိုင်ငံအတွင်း မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်တို့အား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ တံဆိပ်အမှတ်အသားတွင်ဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင်ထိုင်းနိုင်ငံအတွင်း ရောင်းချမည်ဆိုပါက ထုတ်လုပ်ရောင်းချသည့်နေရာ/တင်သွင်းသော လုပ်ငန်းလည်ပတ်သည့်နေရာ၊ကုန်စည်များ၏ အရွယ်အစား သို့မဟုတ် အတိုင်းအတာ၊ အရေအတွက် သို့မဟုတ် စွမ်းဆောင်နိုင်မှု/အလေးချိန်၊ အသုံးပြုပုံ၊ အကြံပြုချက်/တားမြစ်ချက်၊ သတိပေးချက်၊ ထုတ်လုပ်သည့် ရက်စွဲ/သက်တမ်းကုန်ဆုံးသည့် ရက်စွဲ/သတ်မှတ်သော ရက်တိုင်မီ အသုံးပြုရမည့်ရက်စွဲ၊ ထိုင်းဘတ်ငွေကြေး /အခြားငွေကြေးတို့ဖြင့် ဖော်ပြထားသော ဈေးနှုန်းတို့ကိုလည်း ဖော်ပြရန်လိုအပ်မည်ဖြစ်သည်။

ထိုင်းနိုင်ငံအတွင်း တံဆိပ်အမှတ်အသားအရ ထိန်းချုပ်ထားသော ကုန်စည်များမှာ စက်ရုံများမှ ရောင်းချရန်ထုတ်လုပ်သောကုန်စည်များ၊ ရောင်းချရန်မှာယူထားသော/တင်သွင်းသောကုန်စည်များ၊ ကျန်းမာရေးကို ထိခိုက်နစ်နာစေသော ကုန်စည်များ (ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော ထည့်သည့်ပစ္စည်းများ၊ လျှပ်စစ်ရေနွေးအိုး သို့မဟုတ် လျှပ်စစ်ရေအပူပေးစက်)၊ ပြည်သူများမှ ပုံမှန်အသုံးပြုနေသော ကုန်စည်များနှင့် မှတ်စုစာအုပ်များ၊ ဘောလ်ပင်များ၊ အစားအသောက်ထည့်သော ကြွေထည်မြေထည်များ၊ မျက်နှာသုတ်တစ်ရှူးများ စသည်တို့ဖြစ်ကြသည်။ ထို့ပြင် စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့ရုံး လက်အောက်ရှိ တံဆိပ်အမှတ်အသား ကော်မတီသည် သတိပေးကြေညာချက်များကို ထုတ်ပြန်၍ သက်ဆိုင်ရာကုန်ပစ္စည်းများ ရောင်းချရာတွင် တံဆိပ်အမှတ်အသားများကပ်ရန် ကြိုးကြပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကုန်ပစ္စည်းများအနက် ဟိုက်ဒရိုဂျင်ဘောလုံး၊ မွေ့ရာ၊ မော်တော်ဆိုင်ကယ်၊ ရေအေးစက်၊ ကလေးထိန်းသော ကိရိယာ၊ ကလေးကစားကွင်း ပစ္စည်းကိရိယာများ ပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း အသုံးပြုပြီး မော်တော်ကားများနှင့် စပ်လျဉ်း၍ တံဆိပ်အမှတ်အသား ကော်မတီမှ တံဆိပ်အမှတ်အသားဖြင့် ထိန်းချုပ်ထားပြီး မော်တော်ယာဉ် ဥပဒေအရ မှတ်ပုံတင်သောရက်မှ ရောင်းချသောရက်အထိ မှတ်ပုံတင် ရက်စွဲ၊ မှတ်ပုံတင်နံပါတ်၊ Chassis/VIN နံပါတ်၊ အင်ဂျင်အမှတ်စဉ်၊ ယာဉ်အမှတ်တံဆိပ်၊ အင်ဂျင်စက် အမှတ်တံဆိပ်၊ အရောင်၊ ယာဉ်အမျိုးအစား၊ လောင်စာဆီအမျိုးအစား၊ ပိုင်ရှင်စာရင်း စသည့် သတင်းအချက်အလက်များကို ဖော်ပြရန်လိုအပ်သည်။

ထိုင်းနိုင်ငံအတွင်း တံဆိပ်အမှတ်အသား အသုံးပြုမှုမှကင်းလွတ်ခွင့်ရရှိသော ပစ္စည်းများမှာ ထိုင်းနိုင်ငံအတွင်း ရောင်းချရန်မဟုတ်ဘဲ ပြည်ပသို့တင်ပို့မည့် ပြည်တွင်းထုတ်ပစ္စည်းများ၊ စက်ရုံတစ်ခု/လုပ်ငန်းနေရာတစ်ခုတွင် ထုတ်လုပ်ရန်အတွက် စီးပွားရေးလုပ်ငန်းများသို့ လက်ကားရောင်းချသော ကုန်စည်များ၊ စက်ပစ္စည်း /စက်ပစ္စည်းကိရိယာ သို့မဟုတ် အပိုပစ္စည်း/ကား/ လယ်ထွန်စက်/ အခြားယာဉ်အမျိုးအစားများ/လျှပ်စစ်ပစ္စည်းကိရိယာ/ ရေစုပ်စက်/ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ (ဈေးနှုန်း တံဆိပ်အမှတ်အသားနှင့် အခြားဖော်ပြချက်များကိုပြသလျက်) နှင့် ရေနံထွက်ပစ္စည်းများဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးမျိုးထိုက် (စားသုံးသူ)**

# ရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိ

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၈၉၇ တန်ကျော်ကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တင်ပို့ခဲ့ရာ RSS1 အမျိုးအစား ၃၃ တန်ကျော်၊ RSS3 အမျိုးအစား ၁၄၂၁ တန်၊ RSS5 အမျိုးအစား ၂၆၆ တန်၊ MSR 20 အမျိုးအစား ၁၇၇ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ရော်ဘာတင်ပို့မှုကို ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက မူဆယ်မှ တန်ချိန် ၃၆၀ ပိုမိုတင်ပို့ခဲ့သော်လည်း လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ်ရော်ဘာ တင်ပို့မှုမရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၈ ဒသမ ၀၈ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၁၈၈၁ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁၂ သန်းတန်ဖိုးရှိ ရော်ဘာ ၁၈၈၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မလေးရှားနိုင်ငံသို့ RSS3 အမျိုးအစား တန်ချိန် ၁၂၆၀ နဲ့ MSR 20 အမျိုးအစား ၃၀၇ တန်ခန့်၊ တရုတ် နိုင်ငံသို့ MSR 10 အမျိုးအစား ၂၀၂ တန်ခန့်နဲ့ အိန္ဒိယနိုင်ငံသို့ MSR10 အမျိုးအစားတန်ချိန် ၂၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR 20 အမျိုးအစား တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ရော်ဘာ ၃၀၉၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၀၈ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်းငယ်သာ ရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း အပြောင်းအလဲမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်လိုအပ်လျက်ရှိ

မြန်မာနိုင်ငံတွင် ဂျုံစားသုံးမှုနှစ်စဉ် တိုးတက်လျက်ရှိရာ စားသုံးမှုလိုအပ်ချက်မြင့်မားသဖြင့် ပြည်တွင်းထွက်ရှိမှုဖြင့် လုံလောက်မှု မရှိကြောင်း တွေ့ရပါသည်။ ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်စေရန် နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၉၀ ကျော်တန်ဖိုးရှိ ဂျုံစေ့နှင့် ဂျုံမှုန့်များကို တင်သွင်းနေရပြီး ပြည်တွင်းတွင် ဂျုံကိုတိုးချဲ့စိုက်ပျိုးသွားခြင်းဖြင့် ပြည်ပဂျုံတင်သွင်းမှုကို လျော့ကျစေကာ နိုင်ငံခြားငွေလိုအပ်ချက်ကို လျော့နည်းစေမည် ဖြစ်ပါသည်။

ဂျုံသီးနှံကို စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံကို နှစ်စဉ်စိုက်ဧက ၁ ဒသမ ၆ သိန်းခန့်စိုက်ပျိုးလျက်ရှိပါသည်။ အများဆုံးစိုက်ပျိုးသည့် စစ်ကိုင်းခရိုင်တွင်ဧက ခြောက်သောင်းကျော်၊ ဒုတိယအများဆုံးစိုက်ပျိုးသည့် မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်တို့တွင် ဧကသုံးသောင်းကျော်ခန့် စိုက်ပျိုးမှုရှိကြောင်း သိရသည်။ အထွက်နှုန်းအနေဖြင့် ဂျုံဖြူသန့် တစ်ဧကလျှင် ၂၁ တင်းခန့် ထွက်ပြီး ဂျုံထွက်တိုးက တင်း ၃၀ ခန့်ထွက်ရှိပါသည်။ ဂျုံဖြူသည် ဈေးပိုမြင့်ပြီး မုန့်အနှများတွင်သုံးစွဲကာ ဂျုံထွက်တိုးကို ခေါက်ဆွဲစက်များတွင် သုံးစွဲကြပါသည်။

ဂျုံသည် အအေးကြိုက်သီးနှံဖြစ်သဖြင့် ဆောင်းရာသီတွင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင်စိုက်ပျိုးလေ့ရှိကာ မတ်လတွင် ထွက်ပေါ်သည်။ ဂျုံသည် အမျိုးအစားကောင်းသောမြေတွင် စိုက်ပျိုးဖြစ်ထွန်းကာ စပါး(သို့) ပဲတီစိမ်း (သို့) နှမ်း စိုက်ပျိုးပြီးနောက် သီးထပ်အဖြစ်စိုက်ပျိုးရာတွင် ဂျုံ(သို့) ကုလားပဲကို စိုက်ပျိုးကြသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံရွေးချယ်ရာတွင် ဈေးကောင်းသည့်သီးနှံကို ရွေးချယ်စိုက်ပျိုးကြပြီး လွန်ခဲ့သည့် ၃ နှစ်ခန့်ကစ၍ ကုလားပဲဈေးတက်ခဲ့ရာ တစ်တင်းလျှင် ကျပ် ၅၀၀၀၀ အထိရရှိခဲ့ရာ ကုလားပဲကိုပိုမိုစိုက်ပျိုးလာခြင်းကြောင့် ဂျုံစိုက်ပျိုးမှု တစ်နှစ်ထက်တစ်နှစ် လျော့ကျလာသည်ကို တွေ့ရှိရသည်။ သို့သော်လက်ရှိ ကုလားပဲဈေးအပေါ်တွင် ချင့်ချိန်ပြီး လာမည့်နှစ်တွင် ဂျုံကို ပိုမိုစိုက်ပျိုးလာနိုင်ကြောင်း လေ့လာသိရှိရသည်။

ဂျုံဖြူဈေးနှုန်းမှာ ထွက်ပေါ်ချိန် မတ်လခန့်တွင် တစ်တင်းလျှင်လျှင် ကျပ် ၁၆၀၀၀ မှ ရာသီကုန်အောက်တိုဘာလခန့်တွင် ကျပ် ၂၀၀၀၀ ဖြစ်လေ့ရှိသဖြင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်သည် မြင့်မားမှုမရှိဘဲ တစ်ဧကလျှင် ကျပ် ၂၃၅၀၀၀ ခန့်သာ ကုန်ကျပါသည်။ စိုက်ပျိုးချိန်သက်တမ်းမှာ လေးလခန့်ကြာမြင့်ပြီး သီးနှံပေါ်ချိန်ရောင်းဈေး နှင့်တွက်ပါက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းကျော်သာ အကျိုးအမြတ်ကျန်ရှိရာ တွက်ခြေကိုက်မှု နည်းပါးသဖြင့် စိုက်ပျိုးမှုနည်းကြောင်း သိရပါသည်။ ထို့ကြောင့် ဂျုံစိုက်ပျိုးမှုနည်းပညာ ပိုမိုကောင်းမွန်ပြီး အထွက်နှုန်း တိုးတက်စေရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေးမှုများဆောင်ရွက်လျက်ရှိပါသည်။

မုံရွာမြို့နယ်တွင်ရှိသော ဂျုံစက်(၁၀)စက်သည် ကြိတ်ခွဲရန်လိုအပ်သော ဂျုံစေ့အတွက် ဒေသထွက်ရှိမှုဖြင့် မလုံလောက်သဖြင့် တောင်ကြီး၊ အောင်ပန်းတို့မှ လာသည့် ရှမ်းဂျုံများနှင့် ဩစတြေးလျဂျုံများကို ဝယ်ယူသုံးစွဲရကြောင်း သိရပြီး ခေါက်ဆွဲစက် ၂၁ စက်အတွက် လိုအပ်သောဂျုံမှုန့်ကုန်ကြမ်းအတွက် ပြည်တွင်းအထွက်တိုးဂျုံမှုန့်သာမက ပြည်ပဂျုံမှုန့်များကိုပါ သုံးစွဲလျက်ရှိရာ ပြည်ပမှဈေးသက်သာသော ဂျုံစေ့နှင့် ဂျုံမှုန့်များ ဝင်ရောက်မှုသည် ခေါက်ဆွဲ စက်နှင့် မုန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် ဈေးနှုန်းကြီးမြင့်မှုမရှိဘဲ သုံးစွဲနိုင်သည်ကို တွေ့ရပါသည်။ ဂျုံစိုက်တောင်သူနှင့် ဂျုံစက်ပိုင်ရှင်များအတွက် ပြည်တွင်းဂျုံထက် ဈေးသက်သာသော ပြည်ပမှ ဂျုံစေ့၊ ဂျုံမှုန့်များ ဝင်ရောက်လာခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမရှိဘဲ ထုတ်လုပ်မှုကျဆင်းလျက်ရှိရာ ပြည်ပဂျုံကို အရည်အသွေးကောင်း အဆင့်မြင့်ဂျုံများကိုသာ တင်သွင်းခွင့်ပြုခြင်းဖြင့် ကန့်သတ်မှုများ ဆောင်ရွက်ပေးစေလိုကြောင်းသိရပါသည်။ စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ တင်ပို့ရောင်းချသည့်အဆင့်အထိ ကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းကောင်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားခြင်းဖြင့် ထုတ်လုပ်သူ၊ စားသုံးသူ နှစ်ဦးနှစ်ဖက် အဆင်ပြေမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီလင်းထွဋ်(မုံရွာ)**

# တရုတ်နှစ်ကူးကာလ ပြောင်းတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းသုံးခုမှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၆၇ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၃၀၃၃တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန် ၂၁၀၅၀၊ လွယ်ဂျယ်မှ တန် ၁၈၀၀ ခွဲနဲ့ ကန်ပိုက်တီမှ ၁၈၂ တန်ခွဲဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က တရုတ်နယ်စပ်စခန်းလေးခုပေါင်းမှ ပြောင်း ၃၉၃၆၉ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၆၃၃၆ တန် လျော့နည်းခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၂၈၇၂၀၁ ကျပ်ရှိရာမှ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၀၈၃၃၃ ကျပ်သို့ ဈေးထပ်မံ မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၇၉၀ စီး ဝင်ရောက်ခဲ့ကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၅၅-၅၇ ကျပ်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ နှစ်သစ်ကူးကာလလည်း ဖြစ်တာကြောင့် ယခုလိုပြောင်းတင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# ကမ္ဘာကြီးကျန်းမာဖို့ စားသုံးသူအကာအကွယ်ပေးရေး လိုက်နာကြပါစို့




နိုင်ဦး၊ မြင့်မြင့်ချို

သဘာဝတရားကြီးသည် ဖောက်ပြန်နေသည်။ ယိုယွင်းနေသည်။ ဤသည်၏အကျိုးဆက်ကို ကမ္ဘာ့လူသားများ ကျောကော့အောင်ခံစားနေရသည်။ ရာသီဥတုမမှန်ခြင်း၊ ရောဂါဆန်းများ ဖြစ်ပွားလာနေခြင်းများကို ကြုံတွေ့နေရသည်။ သိပ္ပံပညာရှင်များကလည်း သဘာဝတရားကြီး၏ ဖောက်ပြန်လာမှုများကို ရှုထောင့်မျိုးစုံမှလေ့လာ၍ ဖော်ထုတ်နေကြသည်။ တချို့က နှစ်ပေါင်းများစွာ ကြာမြင့်လာ၍ လူသားများကဲ့သို့ ဇရာကြောင့် ပြောင်းလဲဖောက်ပြန်လာခြင်းဖြစ်သည်။ တချို့ကလည်း လူသားတို့၏ မှားယွင်းသော ယုံကြည်ချက်များကြောင့် ဖြစ်လာရသည်ဟု ဆိုကြသည်။ အများစုကမူ သဘာဝတရားကြီး ဖောက်ပြန်လာမှုသည် လူသားတို့၏ အသိပညာဗဟုသုတ မကြွယ်ဝမှုကြောင့် လွဲမှားသော အပြုအမူများကြောင့်လည်းကောင်း၊ အတ္တလွန်ကဲမှုကြောင့် သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့်ဖြစ်ကြောင်း လက်ခံလာကြသည်။ ထို့ကြောင့်ပင် သဘာဝတရားကြီး ပုံမှန်လည်ပတ်နိုင်ရေးအတွက် တစ်ဦးချင်းမှစ၍ ပြောင်းလဲပြင်ဆင်ရန် မဖြစ်မနေ ဆောင်ရွက်ရမည်ကိုသိရှိလာကြသဖြင့် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်လာကြသည်။ သို့သော် အချိန်များစွာ ယူရဦးမည်ဖြစ်သည်။ လူသားများသည် အတ္တကို အခြေခံ၍ လုပ်ငန်းများ ဆောင်ရွက်ကြသည့်အတွက် ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြသော်လည်း မိမိကိုယ်တိုင်ပြုပြင်ပြောင်းလဲရန်အတွက်မူ မျက်ကွယ်ပြုထားကြသည်။

ထိုယုံကြည်ချက်များကြောင့်ပင် လူသားတို့၏ ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန် သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရရှိစေရန် အလှမ်းဝေးနေခြင်းဖြစ်သည်။ ပညာရှင်များက ကမ္ဘာ့လူသားများ အရိုးစွဲကာ နားလည်မှုလွဲမှားသော အပြစ်ခြောက်ပါး (Six Kinds of Miconception) ကို အောက်ပါအတိုင်း ဖော်ထုတ်တင်ပြထားပါသည်-

(၁) သဘာဝ၏ အရင်းအမြစ်များသည် သုံးမကုန်အောင်ရှိသည်။

(၂) သဘာဝသည် လူသားတို့စွန့်ပစ်သော ညစ်ညမ်းမှုမှန်သမျှကို စိုက်ယူသိမ်းဆည်းထားနိုင်သည်။

(၃) သဘာဝ၏ မျိုးစိတ်များကို ဖျက်ဆီးသော်လည်း မကုန်နိုင်။

(၄) လူသားတို့၏ ကိုယ်ခန္ဓာမှာ မိမိတို့က ထုတ်သော ဘေးအန္တရာယ်မှ ကာကွယ်နိုင်သည်။ ခုခံနိုင်စွမ်း ရှိကြသည်။

(၅) သဘာဝက ပေးအပ်သော အရာမှန်သမျှကို လူသားတို့၏နည်းပညာများက အစားထိုးပေးနိုင်သည်။

(၆) လူတို့က လူ့အဖွဲ့အစည်းကို ခပ်လွယ်လွယ်နည်းတို့ဖြင့် စီမံခန့်ခွဲနိုင်သည်။

ယခင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်ကြသည်။ ပံ့ပိုးကူညီပေးကြသည်။ စက်မှုခေတ်ပြောင်း တော်လှန်ရေးများ ဆင်နွှဲကြသည်။ အောင်မြင်သင့်သလောက် အောင်မြင်သည်။ စက်မှုလုပ်ငန်းများ အောင်မြင်ရန်အတွက် မြေပေါ်မြေအောက် သဘာဝသယံဇာတပစ္စည်းများကို အထိန်းအကွပ်မဲ့စွာ အစွမ်းကုန်ထုတ်ယူကြသည်။ စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ မြစ်ချောင်းများ၊ သဘာဝမြေဆီလွှာများထဲသို့ စွန့်ပစ်ကြသည်။ ထို့ကြောင့် ကုန်းနေ၊ ရေနေသတ္တဝါများ သေကြေပျက်စီးရသည်။ သဘာဝမြေဆီလွှာများသည် သဲကန္တာရများဖြစ်လာရသည်။ လူတို့၏စက်မှုလုပ်ငန်းများ ချဲ့ထွင်မှု၊ ဆင်ခြင်တုံတရား ကင်းမဲ့စွာ စွန့်ပစ်မှုများကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများပင်ဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝကိုအန်တု၍ သဘာဝမှ ပြန်လည်ပေးအပ်သော တုံ့ပြန်မှုများပင်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ အစာအာဟာရများ ပျက်စီးခြင်း၊ ရောဂါဘယများ ထူပြောခြင်း စသည့် အနုတ်လက္ခဏာများကို ကမ္ဘာသူ၊ ကမ္ဘာသားများခံစားနေရသည်။ အချိန်မီ သဘာဝတရားနှင့် လိုက်လျောညီထွေ မဆောင်ရွက်ပါက ကျွန်တော် တို့နေထိုင်ရာ ကမ္ဘာကြီးသည် အချိန်မတိုင်ခင် ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ လူသားမျိုးနွယ်များသည်လည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် နာရီ၊ မိနစ်၊ စက္ကန့်အလိုက် တိုးပွားနေသည်။ တိုးတက်လာသော လူဦးရေအတွက် လိုအပ်သော လူသုံးအိမ်သုံးပစ္စည်းများကို နည်းပညာများ အသုံးပြု၍ သဘာဝကပေးသော သယံဇာတများကို အားကိုးအားထားပြုကာ ထုတ်လုပ်လာကြသည်။ ထိုအခါ သဘာဝ၏ စွမ်းအားများ ကုန်ခမ်းသလိုနည်းပညာသုံး ဓာတုပစ္စည်းများကြောင့် ရောဂါပေါင်းစုံဖြစ်ပွားရသည်။ ရောဂါဆန်းများဖြစ်ပွားနေမှုကို အံ့ကြိတ်ခံလာရသည်။ ဘုံပိုင်ဖြစ်သော သဘာဝအရင်းအမြစ်များကို လက်ချိုးရေတွက်၍ရသော နည်းပညာများဖြင့် မောင်ပိုင်စီးကာ မိမိနိုင်ငံ ကောင်းစားရေးအတွက် အတ္တလွန်ကဲကာ ဆောင်ရွက်လာကြသည်။ ထို့ကြောင့် သဘာဝကပေးသော အရင်းအမြစ်များသည် မပျက်စီးသင့်ဘဲ ပျက်စီးပျောက်ကွယ်သွားရသည်။ အချိန်ကြာမြင့်စွာ ရယူသုံးစွဲနိုင်ပါလျက် အချိန်တိုအတွင်း ကုန်ဆုံးသွားရသည်။ လူသားကမ္ဘာကို ဖျက်ဆီးမည့်အရာများသည် ဥက္ကာခဲကြောင့်လည်းမဟုတ်၊ စစ်ပွဲများကြောင့်လည်းမဟုတ် လူသားများကိုယ်တိုင်ပင် ဖြစ်နေကြောင်း အံ့သြဖွယ်တွေ့လာကြသည်။

ထို့ကြောင့်ပင် ပညာရှင်များက လူတိုင်းကိုယ်စီသဘာဝတရားကြီးကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံသားများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံးအိမ်သုံးဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲနိုင်ရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိရေး၊ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးရေးအတွက် အလေးထားဆောင်ရွက်ကြရန် ဥပဒေများရေးဆွဲကာ အရေးယူသည်ထိ ကြပ်မတ်ဆောင်ရွက်လာကြသည်။ ယခင်က ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက်၊ မိမိနိုင်ငံ တိုးတက်ရေးအတွက်သာ အဓိကထား ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ မိမိနိုင်ငံသာမက ကမ္ဘာသူ၊ ကမ္ဘာသားများ ဘေးကင်းလုံခြုံရေးအတွက်ပါ ကြိုးစားဆောင်ရွက်လာကြသည်ကို ဝမ်းသာဖွယ် တွေ့ရှိလာရပါသည်။ ပိုမိုအောင်မြင်စွာလုပ်ဆောင်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ညွှန်ကြားချက်များချမှတ်ကာ လုပ်ဆောင်နေကြသည်ကို အားရဖွယ်တွေ့ရှိရပါသည်။

ထိုသို့လုပ်ဆောင်နေသည်မှာ ကမ္ဘာလောကကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်၍ သဘာဝသယံဇာတများ မထိခိုက်စေရေး၊ လူသားကမ္ဘာ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံးအိမ်သုံးနှင့် ဝန်ဆောင်မှုများရယူသုံးစွဲနိုင်ရေး၊ လူသားများ ကမ္ဘာမြေပေါ်တွင် ရောဂါဘယကင်းဝေးကာ သက်တမ်းစေ့နေထိုင်နိုင်ရေး၊ လူသားမျိုးဆက်သစ်များကို ကောင်းမွန်သာယာသော ပတ်ဝန်းကျင်သစ်တွင် နေထိုင်နိုင်ရေးစသည့် အချက်များကို ရရှိနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ကိုပြဋ္ဌာန်းကာ စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ပညာပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးရေးတို့အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများသည် စားသုံးသူအသိအမြင်များ ပြောင်းလဲလာသလို လုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် အလေးထားဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီဖြစ်သည်။

တချို့သော စီးပွားရေးပညာရှင်များက မြန်မာနိုင်ငံသည် လူဦးရေများပြားပြီး ဧရိယာကျယ်ပြန့်သော နိုင်ငံကြီး နှစ်နိုင်ငံကြားတွင်ရှိနေသကဲ့သို့ ပထဝီအနေအထားအရ အချက်အချာကျသော နေရာတွင် တည်ရှိနေသဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများကိုပိုင်ဆိုင်ထားသည်ဟုဆိုကြသည်။ လက်တွေ့တွင်မူ ထိုနိုင်ငံများမှ ပိုလျှံသော အန္တရာယ်ရှိသော အရည်အသွေးစံနှုန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လူသုံးအိမ်သုံးပစ္စည်းများကို စွန့်ပစ်ရာ တစ်နည်းအားဖြင့် ဈေးနှုန်းကြီးမြင့်သော အမှိုက်များကို စွန့်ပစ်ရာနေရာတစ်နေရာ ဖြစ်ခဲ့ပေသည်။ လုပ်ငန်းရှင်များ၏ စီးပွားရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်မှုမရှိခြင်း၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့် အတ္တအကျိုးစီးပွားကို ရှေ့တန်းတင်၍ ဆောင်ရွက်ခဲ့ကြသောကြောင့် ဖြစ်သည်။

ယခုအခါ ဥပဒေဖြင့် ကြပ်ကြပ်မတ်မတ် ပညာပေး၊ ဟောပြော၊ ဆွေးနွေး၊ အရေးယူခဲ့သဖြင့် တဖြည်းဖြည်း လျော့နည်းလာသည်။ လမ်းမကြီးများပေါ်တွင် ကားမှထွက်သော မီးခိုးများနည်းသွားသည်။ သက်တမ်းလွန်လူသုံးအိမ်သုံးပစ္စည်းများ နည်းသွားသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုများ များပြားလာသည်။ ထိုက်သင့်သော အောင်မြင်မှုရရှိခဲ့ပါသည်ဟု ဆိုနိုင်သည်။ သို့သော်အားရ ကျေနပ်မနေသင့် အရှိန်ကိုပို၍ မြှင့်တင်ကာ ဆက်လက်ဆောင်ရွက်သွားရန် အထူးလိုအပ်နေမည် ဖြစ်ပါသည်။

တစ်ဖက်မှ ဥပဒေဖြင့် ထိန်းချုပ်ထားသလို တစ်ဖက်မှလည်း စစ်ဆေးကြပ်မတ်ပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မှ ပြည်သူများ နားလည်မည့် အလေ့အကျင့်ရရှိလာမည်။ ထိုမှ လိုက်နာရန် လက်ခံလာပေမည်။ ပြည်သူတစ်ဦးချင်းမှ အသိတရားလက်ကိုင်ထား၍ သတိထား လိုက်နာကျင့်သုံးမှသာလျှင် အောင်မြင်နိုင်ပေမည်။ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော လူသုံးအိမ်သုံးပစ္စည်းများကို ခွဲခြားပိုင်းခြား၍ ရယူသုံးစွဲနိုင်မှ ကျန်းမာပျော်ရွှင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ပေမည်။

သို့ပါ၍ သဘာဝတရားကြီး ရေရှည်တည်တံ့ ခိုင်မာစွာတည်ရှိရေး၊ အနာဂတ်မျိုးဆက်သစ်များ ကောင်းမွန်သော ပတ်ဝန်းကျင်သစ်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လွဲမှားသော ယူဆချက်၊ ယုံကြည်ချက်များကို စွန့်လွှတ်ပါ၊ အတ္တများကိုဖယ်ရှားပါ၊ အန္တရာယ်ရှိ လူသုံးအိမ်သုံးနှင့် ဝန်ဆောင်မှုများကိုရယူအသုံးပြုခြင်းမှ ရှောင်ကြဉ်ပါ၊ မိမိပတ်ဝန်းကျင်သို့ အသိပေးပါ၊ သက်ဆိုင်ရာသို့ တိုင်ကြားအသိပေးပါ၊ မိမိကိုယ်တိုင် ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို ပြောင်းလဲခြင်းဖြင့် ကူညီဆောင်ရွက်ပေးပါရန်တိုက်တွန်းအပ်ပါသည်။

■

# မတ္တရာမြို့နယ်တွင် တိုင်ထောင်ပဲ(ခ)ပဲတောင့်ရှည်အား မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှ အပိုဝင်ငွေရ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်ရှိ လယ်ကန်သင်းရိုးများတွင် တိုင်ထောင်ပဲ အမျိုးအစားဖြစ်သော ပဲသီးတောင့်ရှည်ပင်များကို အများအပြား စိုက်ပျိုးကြောင်း သိရပါတယ်။ အများဆုံးစိုက်ပျိုးသော ကျေးရွာများမှာ ကံဖြူ၊ ဘိုကုန်း၊ လကောင်းကြီး၊ ထန်းပင်ကုန်း၊ ရတနာဘုမ္မိကျေးရွာများတွင် စိုက်ပျိုးကြောင်းသိရပြီး ဝါဆို၊ ဝါခေါင်လများတွင် စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်းလတွင် ခူးဆွတ်ရပါတယ်။ တစ်ရက်ခြားတစ်ခါခူးဆွတ်ရပြီး ခူးဆွတ်ပြီးနောက် ပိုးသတ်ဆေး၊ အားဆေး (ကောမက်စ်)ကို နံနက်ခင်းခူးပြီး ညနေတွင်တစ်ခါတည်း ဆေးဖြန်းရပါတယ်။ တစ်လခန့်ခူးဆွတ်ရပြီး ပေါ်ဦးပေါ်စအချိန်တွင် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ရပြီး နောက်ပိုင်းတွင် ကျပ် ၈၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ တစ်ခါခူးလျှင်ပိဿာချိန် ပိဿာ ၂၀ မှ ၂၅ ပိဿာကြားရရှိကာ ဒေသတွင်းရောင်းဝယ်သူများမှ ရွာအရောက်လာရောက်ဝယ်ယူကြပြီး အချို့မှာလည်း မတ္တရာမြို့မဈေး၊ မန္တလေးမြို့များသို့ ကိုယ်တိုင်သွားရောက် ရောင်းချကြပါတယ်။ စိုက်ပျိုးနည်းစနစ်မှာ လယ်ကန်သင်းရိုးပေါ်တွင် တူရွင်းဖြင့်မြေဆွပြီး တစ်ကျင်းလျှင် ၂စေ့၊ ၃စေ့ ခန့်ထည့်၍ အပင် အနည်းငယ်ကြီးထွားလာလျှင် တိုင်ထောင်ပေးရပြီး သီးကင်းဝင်ချိန်မှစ၍ ကောမက်စ်အားဆေးနှင့်ပိုးသတ်ဆေးများ စတင်ဖျန်းပေးရပါတယ်။

ဧကလိုက်စိုက်ပျိုးခြင်းမဟုတ်ဘဲ ကုန်ကျစရိတ်အနေဖြင့် မျိုးသီးသန့် စိုက်ပျိုးပါက တစ်ဘူးလျှင် ကျပ် ၃၅၀၀ ပေး ရပြီး တိုင်တစ်ချောင်းလျှင် ကျပ် ၁၅၀ ဖြင့် ကျင်း ၇၅၀ ခန့် ထောင်ပေးရပါတယ်။ တိုင်ဖိုးမှာ ကျပ် ၁၁၂၅၀၀ ကုန်ကျပြီး ကျင်းတူးချိန် လူငှားရမ်းခအနေဖြင့် လုပ်သားနှစ်ဦး ကျပ် ၁၀၀၀၀၊ ခူးဆွတ်ချိန်နံနက်ပိုင်းသုံးဦး ကျပ် ၆၀၀၀ နှင့် ဆေးဖိုး စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၅၀၀၀ ဖြစ်ပါတယ်။ ဆေးဖျန်းလျှင် တစ်ရက်ကျပ် ၂၀၀၀ နှင့် ကျပ် ၃၀၀၀၀ ကုန်ကျပါတယ်။ စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၂၅၁၀၀၀ ခန့်ဖြစ်ပြီး အကျိုးအမြတ်အနေဖြင့် ကျပ် ၅၀၀၀၀ ခန့် ရရှိပါတယ်။ ပဲသီးတောင့်ရှည်ကို သီးညှပ်အနေဖြင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်ပြီး အပိုဝင်ငွေရရှိရန် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း ဒေသခံပဲစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရပါတယ်။

**သင်းသင်းဆွေ (မတ္တရာ)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၅၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ်/ရှပ်တဲလ်(၂၀၁၁) | L | ၂၃၇ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပရိဘောက် (၂၀၁၂) | ယာယီ | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | အင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၇၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဆူဇူကီး(ဆိုလီယို) (၂၀၁၂) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ကလူဂျာ (၂၀၀၆) | M | ၄၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၉၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | စီအာဗီ (၂၀၁၂) | ယာယီ | ၆၀၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | | ၁၂၀ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း | ၈၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၅၈၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅ x ၄၅)ပေ | ပထပ် | ၆၀၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ | (၄) လွှာ၊ ဟောလ် | ၃၇၅ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၄၀ x ၄၅)ပေ | RC (၁) ထပ် | ၂၆၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၅။ | မြေ | ဒဂုံမြောက်ပိုင်း၊ (၄၄) ရပ်ကွက် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၇၅၀ သိန်း | ရပ်ကွက်/လမ်းသန့်၊ ညှိနှိုင်းဈေး | ၀၉/၅၁၁၇၂၆၂ |
| ၆။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်းအိမ်ရာမြေ | (၆၀ x ၈၀)ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၂၀၀ စ/ပေ | (၅) လွှာ ပြင်ဆင်ပြီး | ၈ သိန်း | ၁ လအငှားနှုန်း ဓာတ်လှေကားပါ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | လှည်းကူးမြို့နယ်၊ ဝါးဆူတောင်စိုက်ပျိုးမြေ | ၁ ဧက | စိုက်ပျိုးပင်ပါပြီး | ၁၈၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ဆင်ခေါင်းလေးကျေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၁၈၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြည်တွင်း/ပြည်ပ ဈေးကွက်ဝင် ကိုင်းဘောဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရာသီဒေသထွက်ကုန်ဖြစ်သော ကိုင်းဘောသည် ဇန်နဝါရီလမှ မတ်လအတွင်း ဈေးကွက်သို့ဝင်ရောက်လျက်ရှိပြီး အဓိကထွက်ရှိရာ ဒေသမှာ ပင်လယ်ပိုင်း၊ ဟိုင်းကြီးကျွန်းဝန်းကျင် ကျေးရွာများနှင့် မော်တင် ကားလမ်းဘေး၊ ချောင်းသာ၊ ငွေဆောင် ကားလမ်းဘေးဝန်းကျင် တောင်ကုန်း၊ တောင်စောင်းများရှိ ရော်ဘာခြံ၊ သီဟိုဠ်ခြံများတွင် အလေ့ကျပေါက် ရောက်လျက်ရှိသည်။ ကိုင်းဘောရာသီတွင် ကျေးရွာနေဒေသခံများမှ ကိုင်းဘောများကို ခုတ်ယူ၍ ရွာတွင်းရှိကိုင်းဘောဝယ်ယူသူထံ လာရောက် ရောင်းချလျက်ရှိကြောင်း၊ ၎င်းကိုင်းဘောများကိုသာပေါင်း၊ ပုသိမ်ဈေးကွက်ရှိ တံမြက်စည်းပြုလုပ်သည့် လုပ်ငန်းရှင်ထံသို့ ပို့ပေးရကြောင်း ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာအုပ်စု စိန်တောင်ကျေးရွာနေ ကိုင်းဘောဝယ်ယူသူထံမှ သိရသည်။

ယခင်နှစ်များက ပုသိမ်မြို့ပေါ်ရှိ အဝယ်ဒိုင်မှ ကိုင်းဘောများအား ဝယ်ယူ၍ ကိုင်းဘော၊ အနု၊ အလတ်၊ အရင့် အမျိုးအစားခွဲခြား၍ အနုနှင့် အလတ်ကို ပြည်ပနိုင်ငံများသို့ တင်ပို့မှုရှိသော်လည်း ယခုနှစ်လက်ရှိဈေးကွက်မှာ ရန်ကုန်သို့ တင်ပို့မှုနည်းပါး၍ ဒေသတွင်း တံမြက်စည်းပြုလုပ်သည့် လုပ်ငန်းရှင်ထံသို့သာ အများဆုံးတင်ပို့ ရောင်းချမှုရှိကြောင်း သိရသည်။

ကိုင်းဘောဝယ်ယူရာတွင် ကိုင်းဘောအပင်ရေ ၃၀၀၀ (ဒေသအခေါ် တစ်ဘောလျှင်) ယခင်နှစ်ကကျပ် ၁၀၀၀၀ ရှိသော်လည်း ယခုနှစ်မှာ ကိုင်းဘောတစ်ဘောလျှင် ကျပ် ၁၂၀၀၀-၁၃၀၀၀ ဖြင့် ရောင်းချလျက် ရှိကြောင်း ကိုင်းဘောဈေးကွက်မှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# လွိုင်ကော်မြို့ပေါ်ရှိ ကုန်စုံဆိုင်ကြီးများတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၃ ရက်က လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်အတွင်းရှိ လက်လီ/လက်ကား ရောင်းချနေသော ကုန်စုံဆိုင်ကြီးများတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ရွှေတောင်ရပ်ကွက်အတွင်းရှိ လက်လီ/လက်ကား ရောင်းချနေ သောကုန်စုံဆိုင်ကြီးများမှ သက်တမ်းလွန်နေသော စားသုံးဆီများနှင့် စားသုံးရန်မသင့်သော အသင့်စားစားသောက်ကုန် ၁၅ မျိုးအား စစ်ဆေးတွေ့ရှိရ၍ စားသုံးသူကို ဘေးအန္တရာယ်ဖြစ်စေသောကြောင့် အဖွဲ့မှသိမ်းဆည်းခဲ့ပြီး နောင်တွင် ဆက်လက်ရောင်းချခြင်းမပြုရန်၊ စားသောက်ကုန်များတွင် ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်သည့် နေရာဒေသနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် စသည့်အချက်များမပါဝင်သော အစားအသောက်များကို လုံးဝရောင်းချခြင်း မပြုရန်နှင့် စားသုံးသူများအတွက် အာမခံချက်ရှိပြီး အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများကိုသာရောင်းချရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

# မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်များ ရွေးချယ် ဝယ်ယူစားသုံးနိုင်ရန်နှင့် ထုတ်လုပ်သူလုပ်ငန်းရှင်များမှလည်း စံချိန်စံညွှန်းမီ၊ အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်လာစေရေးရည်ရွယ်၍ မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၂/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးကို မကွေးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးတွင် ဖေဖော်ဝါရီလ ၉ရက်က ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက မိမိတို့အဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဥပဒေဖြင့်သော်လည်းကောင်း၊ အခြားဥပဒေဖြင့်သော်လည်းကောင်း အရေးယူနိုင်ကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မကွေးမြို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက CICC ရုံးတွင် တိုင်ကြားစာအနေဖြင့် ၂၀၁၇ ခုနှစ်တွင် တိုင်ကြားစာ ခြောက်စောင် ဖြေရှင်းပေးနိုင်ခဲ့ပါကြောင်း၊ 4TV နှင့်ပတ်သက်၍ မိမိတို့ဌာနမှ သုံးစွဲသူများအဆင်ပြေအောင် ကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်နေပါကြောင်း၊ ဒီဇင်ဘာလတွင် လျှပ်စစ်မီးဖိုကိစ္စနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအား ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းပေးရာ အဆင်ပြေသွားပါကြောင်း၊ သတင်းမီဒီယာပါဝင်မှုအနေဖြင့် မြန်မာတိုင်းမ်၊ မြန်မာ့အလင်းနှင့် Commerce ဂျာနယ်တို့တွင် သတင်းပါဝင်မှုများ ရှိပါကြောင်း၊ ပြည်တွင်းကုန်သွယ်မှုအနေဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့အား ဇုန်ဖော်ဆောင်ရေး ဆောင်ရွက်နေပါကြောင်းနှင့် လျှော်ဖြူနှင့်ပတ်သက်၍လည်း ဆောင်ရွက်နေပါကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။

**စန္ဒာစိုးလွင် (မကွေး)**

# ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသောစာရင်း (Export Negative List) အား ထုတ်ပြန်

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့မှုများအား အစဉ်တစိုက်လုပ်ဆောင်နေပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး ပံ့ပိုး ကူညီလျက်ရှိသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုများအတွက် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ဖြေလျှော့ပေးနိုင်ရန်ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆၀/ ၂၀၁၇ ဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သောစာရင်းအား HS Code 2017 Version ဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ ပို့ကုန် လိုင်စင်လျှောက်ထားရန် မလိုအပ်သောစာရင်းအပြင် ယခုအခါ ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသောစာရင်း (Export Negative List) အား HS Code 2017 Version ဖြင့်ထပ်မံ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။


ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သောစာရင်း(Export Negative List)ကို ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၉/ ၂၀၁၈ ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ထုတ်ပြန်ကြေငြာခဲ့ပြီး 10 digit ကုန်စည်လိုင်းပေါင်း ၃၃၄၅ လိုင်း ပါဝင်ကာ ရှားပါးအပင်၊ မျိုးစေ့၊ ဆန်၊ စပါး၊ သစ်တောထွက်ပစ္စည်း၊ အဖိုးတန်ကျောက်မျက်ရတနာ စသည်တို့ ပါဝင်ကြောင်း သိရသည်။

ယခုထုတ်ပြန်လိုက်သည့် အမိန့် ကြော်ငြာစာသည် ၂၀၁၈ ခုနှစ် မတ်လ ၁ ရက်မှစတင်၍ အကျိုးဝင်မည်ဖြစ်ပြီး အမိန့်ကြော်ငြာစာအမှတ် ၆၀/ ၂၀၁၇ ဖြင့် လိုင်စင်လျှောက်ရန်မလိုကြောင်း ထုတ်ပြန်ထားသည့်စာရင်းမှ ကုန်စည်လိုင်းများသည် အမိန့်ကြော်ငြာစာ အမှတ် ၉/ ၂၀၁၈ ဖြင့် ထုတ်ပြန်သော လိုင်စင်လျှောက်ရန်လိုသည့်(Export Negative List) တွင် အကျုံးဝင်ပါက ယင်းကုန်စည်လိုင်းများအတွက် ပို့ကုန်လိုင်စင် လျှောက်ထားခြင်းကို ယခု အမိန့်ကြော်ငြာစာ စတင်အကျိုးသက်ရောက်သည့်နေ့မှ ရက်ပေါင်း ၉၀ ပြည့် မြောက်သည့်နေ့တွင် ပို့ကုန်လိုင်စင် လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ပို့ကုန်လိုင်စင်ရယူရန်လိုသော ကုန်စည်အမယ်စာရင်းကို အခါအားလျော်စွာ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့သော ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သောစာရင်းအား ယခုအမိန့်ကြော်ငြာစာ ၉/ ၂၀၁၈ ဖြင့် လွှမ်းမိုးပယ်ဖျက်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www. commerce .gov.mm တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**ကြည်သာသစ်နိုင်**

# ပုသိမ်ဈေးကွက်မှ ဆံပင်နမူနာများအား Ever seiko ကုမ္ပဏီ (ရန်ကုန်) က Export တင်ပို့ရန် ကမ်းလှမ်း



ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်သော ဆံပင်ကိုယခင်က တရုတ်နိုင်ငံသို့သာ အများဆုံးတင်ပို့ ရောင်းချမှုရှိသော်လည်း ယခုအခါ UMFCCI ၏ ချိတ်ဆက်ပေးမှုမှတစ်ဆင့် ဆင်မလိုက်သဘော်ကျင်း၊ ရွှေမာလာရိပ်မွန် ဂျပန်နိုင်ငံအခြေစိုက် Everseiko (ရန်ကုန်ရုံးခွဲ) မှ ပုသိမ်မြို့ရှိစိတ်တိုင်းကျဆံပင် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးညွှန့်နိုင်ထံသို့ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ဆံပင်လုပ်ငန်းရှင် ဦးညွှန့်နိုင်သည် ဇန်နဝါရီလ ပထမပတ်တွင် Ever seiko ကုမ္ပဏီသို့ သွားရောက် တွေ့ဆုံကာ ဝယ်ယူရန်ကမ်းလှမ်းထားသော အရှည် လေးလက်မ၊ အလေးချိန် တစ်ဂရမ်ရှိ ဆံပင်နမူနာများကို သွားရောက်ပို့ဆောင်ပေးခဲ့ရာ ကုမ္ပဏီမှ လိုချင်သည့် ပစ္စည်းနမူနာ၊ အရောင် အမျိုးအစား၊ အလေအလွင့် မဖြစ်စေရန် ပြုလုပ်နည်းတို့ကို ပြသပေးခဲ့ကြောင်း သိရသည်။

နမူနာအတိုင်း ဆောင်ရွက်ထားသည့် ပစ္စည်းများကို ဖေဖော်ဝါရီ ၂ ရက်တွင် Ever seiko ကုမ္ပဏီသို့ ထပ်မံပေးပို့ခဲ့ကြောင်းနှင့် ကုမ္ပဏီမှ ပစ္စည်းနမူနာကိုကြိုက်နှစ်သက်မှုရှိပါက စာချုပ်ချုပ်ဆိုဝယ်ယူမှာဖြစ်ပြီး အရောင်းအဝယ်ဖြစ်ပါက ပုသိမ်မြို့ Export ထုတ်ကုန်အဖြစ် အရှည်လေးလက်မ တစ်ဂရမ်ကာလာစုံ ၂၅ ချောင်း တစ်ပါကင်စနစ်ဖြင့် ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ **မင်းမင်းဦး (ပုသိမ်)**

# ဧရာဝတီတိုင်းဒေသကြီးတွင် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ကျုံပျော်)တို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အိမ်တွင်းမှုဆိုင်ရာ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ကျုံပျော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သင်တန်းခန်းမတွင် ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ သင်တန်းကို အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန သင်တန်းဆရာမများက ဇန်နဝါရီ ၃၀ မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ၊ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ကျားရှပ်၊ အမျိုးသမီးဝတ်ရင်စေ့၊ ရင်ဖုံး၊ လက်စက၊ လက်ရှည် အမျိုးမျိုး၊ ကလေးဂါဝန်၊ စကတ်အမျိုးမျိုး၊ ကလေးဝတ်ဘောင်းဘီတို စက်ချုပ်နည်းကို သင်တန်းသား ၃၀ ဦးအား တစ်လကြာ စာတွေ့၊ လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ကြောင်း သိရသည်။ ယခုလိုသင်တန်းများ ဖွင့်လှစ်ပို့ချရခြင်းမှာ စနစ်တကျ ကျွမ်းကျင်တတ်မြောက်သော စက်ချုပ်သမားများ ထွက်ပေါ် လာစေရန်နှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိလျက် မိသားစုဘဝ ရပ်တည်နိုင်ရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနတိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးထံမှ သတင်းရရှိပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## Re-export Refined Sugar

## တင်သွင်းတင်ပို့သော ကုမ္ပဏီများအားအသိပေးခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်မှုတိုးတက်စေရန်ရည်ရွယ်၍ တစ်ဖက်နိုင်ငံတွင် ဈေးကွက်လိုအပ်ချက်ရှိသော Refined Sugar များအား Re-export စနစ်နှင့် တင်သွင်းတင်ပို့ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

သို့ရာတွင် အချို့သော ကုမ္ပဏီများသည် Re-export စနစ်နှင့်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်တင်သွင်းအရေအတွက်အတိုင်း ၂၀၁၇ စက်တင်ဘာလထိ အပြည့်အဝ ပြန်လည်တင်ပို့ခြင်းမရှိကြောင်း စိစစ်ဖော်ထုတ် တွေ့ရှိရပါသည်။ အဆိုပါကုမ္ပဏီများအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နောက်ဆုံးထားစာရင်းကိုက်ညှိရှင်းလင်းရန် အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ Re-export သကြားတင်သွင်းပြီး သတ်မှတ်စည်းကမ်းနှင့်အညီ ပြန်လည်တင်ပို့ခြင်းမရှိသည့် ကုမ္ပဏီများအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။ ကုန်သွယ်ရေးဦးစီးဌာန

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၉-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** မည်သည့်အလုပ်မဆိုပြတ်ပြတ်သားသားပြောဆိုလုပ်ကိုင်တတ်မည်။ ရဲဝံ့၍အဆုံးအဖြတ်မှန်တတ်သည်။ နေရာတကာတွင် တိတိကျကျနေတတ်မည်။ စည်းကမ်းစနစ်ကျနမှုရှိမည်။ လက်ရှိအခြေအနေနှင့် တင်းတိမ်မနေဘဲကြိုးစားလျှင် အထူးအောင်မြင်တတ်ပါသည်။

**ယတြာ။ ။ကုံ့ကော်ညွန့်ဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** အခြေအရံအပေါင်းအသင်းများစွာဖြင့်ပျော်ရွှင်စွာနေထိုင်ရတတ်ပါသည်။ ချိုမြိန်သောအစားအစာများကို လွန်စွာနှစ်သက်တတ်သည်။ များစွာသောသူတို့၏ချစ်ခင်လေးစားရိုသေခြင်းကိုခံရတတ်သည်။ အလုပ်အကိုင်အသင်းအဖွဲ့ဟူသမျှ၌ အကြီးအမှူးဥက္ကဋ္ဌဖြစ်တတ်သည်။ အလုပ်အကိုင်အကြံအစည်များကိုကြီးကျယ်မြင့်မြတ်စွာ ကြံစည်ပြုလုပ်တတ်သည်။

**ယတြာ။ ။ ဇွန်ပန်းညွန့်ကိုဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** ပတ်ဝန်းကျင်၏ယုံကြည်လေးစားအားထားခြင်းခံရတတ်သည်။ ရပ်ကျိုးရွာကျိုးကို ထိထိရောက်ရောက်လုပ်လိမ့်မည်။ ရန်ပါမှအောင်မြင်မှုရရှိမည့်ဇာတာဖြစ်နေသည်။ အများကငွေရှိသည်။ ချမ်းသာသည်ဟု ထင်တတ်သော်လည်း လက်တွေ့တွင်ငွေမရှိဖြစ်နေတတ်ပါသည်။ အရာရာတွင် နှံ့စပ်တတ်သိလိမ္မာမည်။

**ယတြာ။ ။ဇလပ်ညွန့်ဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ငွေကြေးအတွက် မကြာခဏစိတ်အနှောင့်အယှက်တွေ့နေမည်။ လက်ထဲတွင် ငွေမမြဲဘဲဖြစ်တတ်သည်။ ဘာမဟုတ်သည့်အကြောင်းကလေးတစ်ခုကိုရိုးမယ်ဖွဲ့၍စိတ်ညစ်နေတတ်သည်။ ပူပင်သောကရှိမည်။ အလုပ်ဌာနများ မကြာခဏပြောင်းနေတတ်သည်။ စိတ်တိုင်းမကျမှုများရှိနေတတ်ပါသည်။ ပြဿနာများကို ဖြေရှင်းရသည်ထက် ကြောင့်ကြဗျာပါဒရောက်ရခြင်းကပိုနေတတ်ပါသည်။

**ယတြာ။ ။သပြေညွန့်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** မည်သည့်နေရာတွင်မဆို သတိဝီရိယနှင့်နေထိုင်စားသောက်လုပ်ကိုင်တတ်မည်။ အလုပ်တစ်ခုကို သေချာကျနမှ ပိုင်နိုင်မှုလုပ်တတ်လိမ့်မည်။ သူများကို ပေးကမ်းကူညီလိုစိတ်ရှိသည်။ အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်ပြီးမှလုပ်တတ်မည်။ သူတစ်ပါး၏ ဩဇာပေးလာလျှင် အလွန်ရွံ့မုန်းတတ်မည်။ စိတ်နှလုံးဖြူစင်သန့်ရှင်း၍ စေတနာကောင်းမည်။

**ယတြာ။ ။ သီးညွန့်ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** စကားအရာတွင် လိမ္မာ၍ စီးပွားရေးလောကတွင်အောင်မြင်ကျော်စောမှုများရှိနေမည်။ စတိုးဆိုင်၊ မီနီမားကက်တို့ဖွင့်လှစ်နိုင်လျှင် စီးပွားဖြစ်ထွန်းမည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကံကောင်းမှုများရှိနေမည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ အထူးသဖြင့် အကြော၊ လေတို့နှင့် ပတ်သက်ပြီး ဝေဒနာခံစားရကိန်းရှိနေတတ်ပါသည်။

**ယတြာ။ ။ ဒန်းညွန့်ဆောင်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးသင့်တင့်ကောင်းမွန်နေမည်။ ချစ်ခင်လေးစားထိုက်သော အိမ်ထောင်ဖက်ကိုရမည်။ အကြီးအကဲလူကြီးများ၏ ကူညီမှု မ၊ စမှုကိုရရှိလိမ့်မည်။ လုပ်ငန်းခွင်တွင် အောင်မြင်မှုများရရှိပြီး ထင်ပေါ်ကျော်ကြားမှုရှိနေမည်။ ပညာရေးကံကောင်းသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်စရာများ ကြုံဆုံရလိမ့်မည်။ ကျန်းမာရေးတွင် အအေးမိသောဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ အုန်းညွန့်ဆောင်ပါ။**

# ဘိုကလေးမြို့နယ်အတွင်း မွေးမြူထားသည့် တိရစ္ဆာန်အမျိုးအစားအလိုက် အစုအဖွဲ့များ ဖွဲ့စည်းရန်ဆောင်ရွက်

ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမြို့နယ်ရုံးတွင် ဝက်၊ ဆိတ်၊ အသားစားကြက်၊ ဒေသ ကြက်၊ ဥစားကြက်၊ ဘဲစသည်ဖြင့် အသားကဏ္ဍအစုအဖွဲ့အဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ဦးစီးမှူး ဒေါက်တာသွယ်သွယ်ဖြိုးနှင့် ပူးပေါင်း၍ ဒေသအတွင်း မွေးမြူထားသည့် တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထားသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရပ်ကွက်၊ ကျေးရွာများတွင် မွေးမြူထားသည့် တိရစ္ဆာန်အမျိုးအစားအလိုက် အစုအဖွဲ့များဖွဲ့စည်းရန် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ လုပ်ငန်းရှင် ၂၀ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူးမှ တိရစ္ဆာန်မွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ မွေးမြူထားသည့်တိရစ္ဆာန် အရေအတွက် အပေါ် အမျိုးအစားအလိုက် ရာခိုင်နှုန်းပြည့် လွှမ်းခြုံမှုရှိစေရေး၊ အစုအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ရန်၊ မွေးမြူ ထုတ်လုပ်၊ တင်ပို့ရောင်းချမှုများ တိုးတက်မှုရှိစေရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့အနေဖြင့် ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု မရမ်းကွဲကျေးရွာတွင် မွေးမြူထားသည့် ဒေသဝက်၊ CP ဝက်၊ ဂျူးသုံးမျိုး စပ်ဝက်ခြံများသို့ ကွင်းဆင်းလေ့လာစိစစ်၍ စာရင်းများကောက်ယူခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်အစားအစာများ ကာကွယ်ဆေးထိုးရမည့် အချိန်နှင့် ကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မောင်ဇော် (ဘိုကလေး)**

# မုံရွာမြို့တွင် ၇၁ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ တွင် ၇၁ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၂ ရက် အထိ မုံရွာမြို့၊ ပြည်သူ့အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီးနောက် ပြည်သူ့အားကစားကွင်းအတွင်း ပြသထားသည့် ဌာနဆိုင်ရာပြခန်းများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ စုစု ပေါင်းပြခန်း ၂၉ ခန်းခင်းကျင်းပြသထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြခန်းလေး ခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ပြခန်းနှစ်ခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြခန်းနှစ်ခန်း၊ ပညာရေးဝန်ကြီးဌာနမှ ပြခန်းနှစ်ခန်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ပြခန်းနှစ်ခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှပြခန်းနှစ်ခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြခန်းသုံးခန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ပြခန်းသုံးခန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြခန်းနှစ်ခန်း၊ စည်ပင်သာယာရေးကော်မတီမှ ပြခန်း လေးခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြခန်းတစ်ခန်း၊ သမဝါယမဝန်ကြီးဌာနမှ ပြခန်းတစ်ခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဇေယျာ ကုန်သွယ်မှုဗဟိုဌာနမှ ပြခန်း တစ်ခန်းတို့ဖြစ်ပြီး ပြခန်းများသို့ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြကြောင်းနှင့် ပြည်ထောင်စုနေ့ အခမ်းအနားအားသုံးရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။


**နှင်းပန်းဖြူ (ZTC)**

# ခနောက်ဆိုး — 

# ဓနုဖြူမြို့နယ် တမြာကျေးရွာအုပ်စု ပေါ်ဦးစုကျေးရွာတွင် ငါးကြီးအံဖတ် စိုက်ပျိုးခြင်းမှ အကျိုးအမြတ်ရရှိ

မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊စားသုံးသူရေးရာဦးစီးဌာနမှမြို့နယ်တာဝန်ခံ ဒေါ်မြစန်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၇ ရက်က တမြာကျေးရွာအုပ်စု၊ ပေါ်ဦးစုကျေးရွာရှိ တောင်သူဦးဟန်လင်းမောင်၏ အမယ်သစ်သီးနှံ ငါးကြီးအံဖတ် စိုက်ခင်းသို့ ကွင်းဆင်းလေ့လာခဲ့သည်။ ဓနုဖြူမြို့နယ်၊ တမြာကျေးရွာအုပ်စု၊ ပေါ်ဦးစု ကျေးရွာတွင် ငါးကြီးအံဖတ်မျိုး တစ်ပြည်လျှင် တစ်သောင်းနှုန်းဖြင့် ဝယ်ယူ စိုက်ပျိုးပြီး မြေပြင်ခ၊ မျိုးဖိုး၊ ရေတင်ဆီဖိုးနှင့် သွင်းအားစုဖိုး စုစုပေါင်းကျပ် နှစ်သိန်းရှစ်သောင်း ကုန်ကျမှုရှိကြောင်းနှင့် စိုက်ပျိုးချိန်မှာ ဆယ်လခန့်ကြာမြင့်ပြီး တစ်ဧကလျှင် ဆယ်တင်းခန့်ထွက်ရှိကြောင်း





သိရှိရသည်။ ထွက်ရှိလာသော ငါးကြီးအံဖတ်များကို ဓနုဖြူမြို့ မြို့မဈေး၊ ဘယဆေးဆိုင်၊ အလှကုန်ဆိုင်များနှင့် ရန်ကုန်မြို့ရှိ ကုန်ဈေးတန်းလမ်း ဘယဆေးဆိုင်များသို့ တင်ပို့ရောင်းချပြီး တစ်တင်းကို ကျပ်ရှစ်ထောင်ဖြင့် ရောင်းချရသဖြင့် တစ်ဧကဝင်ငွေရှစ်သိန်းကျပ် ရရှိကြောင်း လေ့လာသိရှိရသည်။ ငါးကြီးအံဖတ်ကို တစ်ဧကစိုက်ပျိုးပါက ကျပ်ငါးသိန်းနှစ်သောင်းခန့် အကျိုးအမြတ်ရရှိသဖြင့် အကျိုးအမြတ်ရှိသည့် စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**CONSUMER- MT**

# ကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြည်တွင်းအခြေစိုက် ဂျပန်ကုန်သည်ကြီး များအသင်းတို့ စတင်ပူးပေါင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက် ဂျပန်ကုန်သည်/စက်မှု လုပ်ငန်းရှင်များအသင်းတို့ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ယယ်လ်ဟိုတယ်၌ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံအခြေစိုက် ဂျပန်စက်မှု/ကုန် သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Katsuji Nakagawa တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

“တစ်နိုင်ငံနဲ့ တစ်နိုင်ငံကုန်သွယ်မှုကလည်း ရှိကြတယ်။ ဆက်ဆံရေးကလည်း အထူးကောင်းမွန်ကြတယ်။ လုပ်ငန်းတွေတိုးတက်အောင်မြင်ဖို့ ရှေ့ဆက်သွားမယ့်ခရီးလမ်းမှာ ကဏ္ဍစုံ ဖြောင့်ဖြူးဖို့အတွက်ကို နားလည်မှု စာချွန်လွှာရေးထိုးတာပါ” ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဒုဥက္ကဋ္ဌ ဦးမောင်မောင်လေးက ပြောသည်။

ယခု လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက် ဂျပန်ကုန်သည်/ စက်မှုလုပ်ငန်းရှင်များအသင်းတို့ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ ဂျပန်-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအကြား အလုပ်ရုံဆွေးနွေးပွဲနှင့်ကွန်ဖရင့်များ ပူးပေါင်းကျင်းပရန်၊ မြန်မာနိုင်ငံ စက်မှု/ကုန်သည်အသင်းချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက် ဂျပန်ကုန်သည်/စက်မှု လုပ်ငန်းရှင်များအသင်းတို့အကြား လိုအပ်သည်များကို ဂျပန်ဘက်မှ ကူညီထောက်ပံ့ဆောင်ရွက်ပေးနိုင်ရေး သဘောတူညီခဲ့ကြသည်။ ■

# လယ်ယာလုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးများကို ကမ္ဘောဇဘဏ်နှင့် ActionAid ပူးပေါင်းကူညီ

ကမ္ဘောဇဘဏ်နှင့် ActionAid တို့ပူးပေါင်းကာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရှိ လယ်ယာလုပ်ငန်းလုပ် ကိုင်သည့် အမျိုးသမီးများကို ဘဏ္ဍာရေးအကူအညီပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၏လယ်ယာလုပ်ကိုင်သူအများစုသည် လုပ်ငန်းချဲ့ထွင်ရန်နှင့် စိုက်ပျိုးသီးနှံအမျိုးအစားထပ်တိုးလိုပါက ငွေချေးလုပ်ငန်းငယ်များနှင့် ဒေသခံ ငွေချေးသူများထံမှ အတိုးနှုန်းကြီးစွာ ငွေချေးနေရကြောင်း၊ ပြန်ဆပ်နိုင်ရန်အတွက်လည်း ရုန်းကန်နေရပြီး အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အမျိုးသမီးများ၏ စီးပွားရေးလုပ်ငန်းငယ်များကို မြှင့်တင်ပေးခြင်း၊ သင့်တင့် အတိုးနှုန်းဖြင့် ဘဏ်ချေးငွေရရှိစေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“ဝင်ငွေနည်းပါးတဲ့ လယ်ယာလုပ် အမျိုးသမီးတွေကို မြေပိုင်ဆိုင်မှုပြသလိုက်တာနဲ့ ချေးငွေထုတ်ပေးနိုင်မယ့် အစီအစဉ်ဟာ အရင်က သူတို့လိုအပ်ခဲ့တဲ့ ငွေကြေးကိုရရှိလာစေဖို့ရည်ရွယ်ပါတယ်။ ကမ္ဘောဇဘဏ်အနေနဲ့ အစိုးရနဲ့ရော၊ အခြား NGO တွေနဲ့ရော ပူးပေါင်း ပြီး ဝင်ငွေနည်းပါးတဲ့ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရင်း နိုင်ငံတိုးတက်အောင်လည်း တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်အောင်ကြိုးစားနေပါတယ်” ဟု ကမ္ဘောဇဘဏ်၏ ဒုအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်ခမ်းက ပြောကြားသည်။

ပခုက္ကူမြို့နယ်မှလယ်ယာလုပ်ငန်း လုပ်ကိုင်သောအမျိုးသမီးများကို ကမ္ဘောဇဘဏ်မှ ချေးငွေထောက်ပံ့ခြင်းနှင့် ပြန်လည်တောင်းခံခြင်း၊ ActionAid မှ ကျေးလက်အဆင့်ချေးငွေသဘောတူညီချက်များ အကောင်အထည်ဖော်ခြင်း၊ ActionAid နှင့် ကမ္ဘောဇဘဏ်တို့မှ အမျိုးသမီးများကို ဘဏ္ဍာရေးဆိုင်ရာနှင့် စာရင်းဇယားများပြုစုတတ်စေရန် သင်တန်းပေးခြင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးများကွန်ရက်မှလည်း ငွေချေးလိုသူများကို ကမ္ဘောဇဘဏ်၏ ဒေသတွင်းနိုင်ငံတွင်းကွန်ရက်များနှင့် ချိတ်ဆက်နိုင်စေရန် ကူညီခြင်း၊ နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် ယခုအစီအစဉ်မှ လေ့လာသိရှိချက်များကို အခြေခံပြီး ဝင်ငွေနည်းပါးသော လယ်ယာလုပ်ငန်းလုပ်ကိုင်သူများကို ထပ်မံကူညီပေးနိုင်မည့် နည်းလမ်းများ ချမှတ်ခြင်း စသည့်အချက်များကို ကမ္ဘောဇဘဏ်နှင့် ActionAidတို့ သဘောတူညီခဲ့ကြကြောင်း သိရသည်။

# CVT Myanmar ၏ လုပ်ငန်းခွင် ကျွမ်းကျင်သင်တန်းငါးခုကို မီဒီယာများသို့ မိတ်ဆက်

CVT Myanmar အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း၏ လုပ်ငန်းခွင် ကျွမ်းကျင်သင်တန်းငါးခုကို မီဒီယာများသို့ မိတ်ဆက်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ CVT Myanmar အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်းတွင်ပြုလုပ်ခဲ့သည်။

“ဒီမှာလာတက်တဲ့ကလေးတွေကို သင်တန်းဆင်းပြီးတာနဲ့ Supervisor အဆင့်ဖြစ်လာအောင်လို့ ရည်မှန်းထားတယ်။ သင်ရိုးတွေကိုလည်း ဆွစ်ဇာလန်နိုင်ငံက ပညာရှင်တွေနဲ့ နှီးနှောဖလှယ်ပြီး ပြုစုထားခြင်းဖြစ်ပါတယ်။ သီအိုရီပိုင်းရော၊ လက်တွေ့စာတွေ့ပိုင်းတွေ အပါအဝင် သင်တန်းသား ၇၀၀ ကျော်ကိုသင်ကြားပေးနေပါတယ်”ဟု CVT Myanmar အသက်မွေးမှုအတတ်ပညာ သင်တန်းကျောင်း၏ လူထုဆက်ဆံရေး အရာရှိချုပ် ဒေါ်ယဉ်ယဉ်အေးက ပြောသည်။

ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင် မြို့နယ်ရှိ CVT Myanmar အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်းတွင် သင်ကြားပေးနေသော သင်တန်းများမှာ စီးပွားရေးပညာအထောက်အကူပြု သင်တန်း၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း၊ ပရိဘောဂပြုလုပ်မှု အတတ်ပညာသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်းနှင့် သတ္တုပစ္စည်း အတတ်ပညာသင်တန်းတို့ဖြစ်ကြောင်း၊ လက်တွေ့ သင်ကြားရေးဌာနအဖြစ် လှိုင်မြို့နယ်ရှိ အမှတ်(၃)၊လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

“ဆင်းရဲချို့တဲ့လို့ အခြေခံပညာ အလယ်တန်းတောင် မပြီးသေးတဲ့ ကလေးတွေအတွက်လည်း အသက်မွေးပညာနဲ့ ကျောင်းပညာကို ပူးတွဲသင်ကြားပေးတဲ့ Education For Youth အစီအစဉ်ကို ပြုလုပ်ထားပါတယ်။ ဒီအစီအစဉ်အတွက် မရမ်းကုန်းမြို့နယ်မှာရှိတဲ့ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းဝင်းထဲမှာ ဖွင့်လှစ်ထားပါတယ်” ဟု ဒေါ်ယဉ်ယဉ်အေးက ဆက်လက်ပြောကြားသည်။

CVTMyanmarသင်တန်းကျောင်းသည် အသက်မွေးဝမ်းကျောင်းမှုပညာရပ်များကို ဆွစ်ဇာလန်နိုင်ငံ၏ နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့များဖြင့် ဖွင့်လှစ်သင်ကြားပေးပြီး စာတွေ့လက်တွေ့ သင်ကြားပေးနေသည့် အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်း (INGO) တစ်ခုဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် အစိုးရအသိအမှတ်ပြု သင်တန်းကျောင်း ဖြစ်လာခဲ့သည်။

သန်းထိုက်အောင် စုစည်းသည်

# တိုင်းရင်းသားစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအသင်း တည်ထောင်မည်

မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းရင်းသားစွန့်ဦးတီထွင်လုပ်ငန်းရှင်များကိုစုစည်းကာ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများရှိလုပ်ငန်းကုမ္ပဏီများ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို ကိုယ်စားပြုနိုင်မည့် ပုဂ္ဂလိကအသင်းအဖွဲ့ ထူထောင်ရန် မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

“ပထမအဆင့်အနေနဲ့ နိုင်ငံတော်အဆင့်အသင်းအဖြစ် ဖွဲ့စည်းမယ်။လူမျိုးဘာသာမခွဲခြားဘဲ မြန်မာနိုင်ငံရဲ့ မည်သည့်တိုင်းရင်းသား လုပ်ငန်းရှင်မဆို အသင်းဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ပါတယ်။ တစ်လအတွင်း ဖွဲ့စည်းနိုင်အောင် ဆောင်ရွက်သွားမယ် ” ဟု မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ပြောသည်။

တိုင်းရင်းသားစွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဖွံ့ဖြိုးမှု နောက်ကျနေသော ဒေသများတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် မြို့ပြနှင့် ကျေးလက်တူညီသောဖွံ့ဖြိုးမှုဖြစ်စေရန်ရည်ရွယ်ထားကြောင်း သိရသည်။

“တိုင်းရင်းသားအများစုနေထိုင်တဲ့ဒေသတွေမှာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်တဲ့၊ လူအခွင့်အရေးကိုကာကွယ်စောင့်ရှောက်တဲ့၊ အဂတိလိုက်စားမှုကို အားမပေးတဲ့ စီးပွားရေးပုံစံကို တည်ဆောက်နိုင်ဖို့ အရေးကြီးတယ်” ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

# ဒုတိယအကြိမ် ဒေသတွင်းလူမှု ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ရန်ကုန်မြို့တွင် ပြုလုပ်သွားမည်

အာရှစွန့်ဦး ပရဟိတကွန်ရက် (Asian Venture Philanthropy Network)က မြန်မာနိုင်ငံတွင်း အကျိုးပြုလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် ဒုတိယအကြိမ် ဒေသတွင်းလူမှုရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဖေဖော်ဝါရီ၂၇ ရက်တွင် ရန်ကုန်မြို့၌ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“အာရှတစ်လွှားမှာ မြန်မာနိုင်ငံက စီးပွားရေး တိုးတက်မှုမြန်ဆန်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာနေပါတယ်။ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးပြောင်းလဲမှုတွေအပေါ် မှာ မူတည်ပြီး နိုင်ငံကလည်း ပြောင်းလဲနေပါတယ်။ မြန်မာနိုင်ငံက လုပ်ငန်းခွင်ပေါင်းစုံမှာ လူမှုရင်းနှီးမြှုပ်နှံ သူတွေများလာတဲ့အလျောက် AVPN အနေနဲ့ မြန်မာနိုင်ငံမှာ လုပ်ငန်းချဲ့ထွင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်”ဟု AVPN ၏ စီအီးအို Ms. Naina Subberwal Batra က ပြောသည်။

တစ်ရက်တာကျင်းပမည့် အဆိုပါဖိုရမ်တွင် လွန်ခဲ့သော တစ်နှစ်ကျော်အတွင်း မြန်မာနိုင်ငံရရှိခဲ့သောအောင်မြင်မှုများနှင့် အနာဂတ်စိန်ခေါ်မှုများ၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ခေါင်းဆောင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်အဖြေရှာခြင်းဖြင့် မည်ကဲ့သို့အရေးပါကြောင်း စသည့် အကြောင်းအရာများကို ‘အရှိန်မြှင့် Social Impact’ ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

AVPN သည် အာရှတစ်လွှား တိုးတက်အကျိုးပြုနိုင်သောပရဟိတနှင့် လူမှုရင်းနှီးမြှုပ်နှံမှုအသိုက်အဝန်းများ တည်ဆောက်ရန် ရည်မှန်းချက်ထားဆောင်ရွက်နေသည့်စင်ကာပူ အခြေစိုက်ငွေကြေးထောက်ပံ့သူများကွန်ရက် ဖြစ်ကြောင်း သိရသည်။



## မြို့ကြီးများ၏ ၁၉-၂-၂၀၁၈ မှ ၂၃-၂-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၂-၂၀၁၈) | အင်္ဂါ(၂၀-၂-၂၀၁၈) | ဗုဒ္ဓဟူး(၂၁-၂-၂၀၁၈) | ကြာသပတေး(၂၂ -၂-၂၀၁၈) | သောကြာ(၂၃-၂-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F |
| ရန်ကုန်မြို့ | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| မြစ်ကြီးနား | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၈°F |
| လားရှိုး | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၃၀°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၀°C/၈၈°F | နေသာ ၂၈°C/၈၂°F |
| လွိုင်ကော် | နေသာ ၃၀°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| မော်လမြိုင် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F |
| ဘားအံ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၅°C/၉၅°F |
| တောင်ငူ | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F |
| မုံရွာ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| ပုသိမ် | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| မြိတ် | နေသာ ၃၃°C/၉၁°F | ၂၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၀°C/၈၈°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၈°F | နေသာ ၃၀°C/၈၇°F |
| မကွေး | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F |
| ဖလမ်း | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၅°F | နသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တရုတ်နိုင်ငံက တပ်ဖွဲ့ဝင် ခြောက်သောင်းကျော်ဖြင့် သစ်ပင်များစိုက်ပျိုးမည်

ကမ္ဘာကြီးပူနွေးမှုနှင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန် ကြိုးပမ်းမှုအဖြစ် တရုတ်နိုင်ငံက တပ်ဖွဲ့ဝင် ၆၀၀၀၀ ကျော်ကို ပြန်လည်တာဝန်ပေးထားကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြသည်။

၂၀၁၈ ခုနှစ်တွင် အသစ်စိုက်ပျိုးထားသော သစ်တောမြေဧရိယာသည် စတုရန်းမိုင် ၃၂၄၀၀ ရှိမည်ဟု ခန့်မှန်းထားရာ အကြမ်းဖျင်းအားဖြင့် အိုင်ယာလန်နိုင်ငံ အရွယ်အစားခန့် ရှိမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ယခုဆယ်စုနှစ်အကုန်တွင် နိုင်ငံဧရိယာ၏ ၂၃ ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းသွားသည်အထိ စိုက်ပျိုးရန် ရည်မှန်းထားကြောင်း The Asia Times သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းနယ်စပ်ဒေသတွင် တပ်စွဲထားသော ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ တပ်ဖွဲ့ကြီးတစ်ဖွဲ့ကို ကုန်းတွင်းဒေသရှိ စစ်ရေးမဟုတ်သော တာဝန်ပေးအပ်ရန် ရဲဘက်ဆိုင်ရာဝန်ထမ်းများနှင့်အတူ တရုတ်နိုင်ငံက ပြန်လည်ရုပ်သိမ်းခဲ့သည်။

မီးခိုးမြူများဖြစ်ပွားရာ ပေကျင်းမြို့ကို ဝန်းရံလျက်ရှိသော ဟူဘေးပြည်နယ်တွင် တပ်ဖွဲ့ဝင်အများစုကို တာဝန်ချထားပေးမည်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးမှုနှင့် လေထုညစ်ညမ်းမှု ဖြေရှင်းနိုင်ရန်အတွက် မြို့တော်အတွင်းရှိအဆောက်အဦများအားလုံးကို သစ်ပင်များဖုံးလွှမ်းနေပြီး ကမ္ဘာ့ပထမဆုံးသစ်တောဖုံးလွှမ်းသော မြို့တော်များအဖြစ် ဖန်တီးမည်ဖြစ်ကြောင်း ယခုလစောစောပိုင်းက တရုတ်နိုင်ငံက ကြေညာခဲ့သည်။

တရုတ်နိုင်ငံ၏ လျူချောင် သစ်တောဖုံးမြို့တော် (Livzhou Forest City) စီမံကိန်းကို လာမည့်နှစ်အနည်းငယ်အတွင်း တည်ဆောက်ပြီးစီးပါက လူဦးရေ ၃၀၀၀၀ ကျော်ကို နေရာချထားပေးနိုင်မည်ဖြစ်သည်။ ရုံးများ၊ အိမ်များ၊ ဟိုတယ်များနှင့် ကျောင်းများကို သစ်ပင်ကြီး ၄၀၀၀၀ နှင့် မျိုးစိတ် ၁၀၀ ပါဝင်သော အပင်ငယ်တစ်သန်းဖြင့် တန်ဆာဆင်သွားမည်ဖြစ်သည်။

ဉာဏ်တင်

# မဟာရာသျှတ္တရပြည်နယ်တွင် နှင်းမုန်တိုင်းကြောင့် သီးနှံဟက်တာနှစ်သိန်း နီးပါးထိခိုက်

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း နှင်းများကျဆင်းပြီး မိုးသက်မုန်တိုင်းများ ဖြစ်ပေါ်မှုကြောင့် အိန္ဒိယနိုင်ငံ မဟာရာသျှတ္တရပြည်နယ် ခရိုင်ပေါင်း ၁၆ ခရိုင်ရှိ ကျေးရွာပေါင်း ၁၂၆၉ ရွာမှ လယ်ယာမြေဟက်တာ ၁ ဒသမ ၈ သိန်း ထိခိုက်မှုရှိခဲ့ကြောင်း အိန္ဒိယအိပ်စ်ပရက်သတင်းတွင် ဖော်ပြသည်။ အထူးသဖြင့် ကုလားပဲ၊ နှံစားပြောင်းနှင့် ဟင်းသီးဟင်းရွက်အချို့ကို ထိခိုက်စေခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ မာရာသွာဒါ (Marathwada) နှင့် ဗီဒါဘာ (Vidarbha) ပြည်နယ်များရှိ ခရိုင်များတွင် နှင်းမုန်တိုင်းများ ကျရောက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်အထိ ဖြစ်ပေါ်ခဲ့သော နှင်းမုန်တိုင်းများကြောင့် ခရိုင် ၁၆ ခရိုင်တွင် သီးနှံများပျက်စီးခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဌာန၏ ပဏာမ အစီရင်ခံစာများအရသိရသည်။ ဂွန်ဒီယာ၊ နက်ဂပူရ၊ ဆန်ဒါရာ၊ ဝါဒါနှင့် ဂတ်ချီရိုလီတို့တွင်လည်း ထိခိုက်မှုများထပ်မံဖြစ်ပွားခဲ့သည်။

ကုလားပဲမှာ ရိတ်သိမ်းရတော့မည့်အချိန်ကျရောက်နေပြီဖြစ်သဖြင့် အဓိက ထိခိုက်ခံရသော သီးနှံဖြစ်သည်။ ကုလားပဲသီးနှံမှာ အောက်တိုဘာနှင့် နိုဝင်ဘာတွင် စတင်စိုက်ပျိုးသောသီးနှံဖြစ်ပြီး စတင်စိုက်ပျိုးချိန်ပေါ်မူတည်ပြီး သီးနှံများကို ရိတ်သိမ်းပြီးသူကပြီး၊ ရိတ်သိမ်းချိန်ရောက်သူက ရောက်ကာ သိုလှောင်ပြီးသူက ပြီးသည့်အခြေအနေဖြစ်သည်။

အိန္ဒိယမိုးလေဝသဌာန၏ အဆိုအရ ဗီဒါဘာရှိ အချို့ဒေသများတွင် မိုးအနည်းငယ်ရွာသွန်းပြီး မဟာရာသျှတ္တရပြည်နယ်ရှိ အချို့ဒေသများတွင် ခြောက်သွေ့နေသာလျက်ရှိပြီး ဖေဖော်ဝါရီ ၁၈ ရက်အထိ ဆက်လက်ခြောက်သွေ့မည့်အခြေအနေရှိမည်ဟု ခန့်မှန်းထားသည်။

သီးနှံဆုံးရှုံးသော လယ်သမားများအား ငွေကြေးထောက်ပံ့သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပန်ဒူရန်ဖန်ကာကပြောသည်။

ဉာဏ်တင်

# လပွတ္တာမြို့နယ်နှင့် မော်ကျွန်းမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အ. မ. က စာသင်ကျောင်းတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းပြီးကျောင်းသားကလေးငယ်များအား ဖေဖော်ဝါရီလ ၅ ရက်က စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ဆရာ၊ ဆရာမ ရှစ်ဦး၊ ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်သုံးဦး၊ ကျောင်းသား/ကျောင်း သူ ၁၆၂ ဦး၊ စုစုပေါင်း ၁၇၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ဟောပြောပွဲတွင် လပွတ္တာမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဌာန၏ စားသုံးသူ အသိပညာပေးရေးဆိုင်ရာလုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှုနှင့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်းဖွင့်လှစ်ပြီး တိုင်ကြားမှုများအပေါ် ဖျန်ဖြေဆောင်ရွက်ပေးနေမှုများ၊ ဒုတိယ ကြီးကြပ်ရေးမှူးဦးမြင့်ဌေးက စားသုံးရန်မသင့်သည့် တားမြစ်ထားသောမုန့်၊ အချိုရည်များကို ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်များက ရောင်းချခြင်းမပြုရန်နှင့် ကလေးသူငယ်များကလည်း စားသောက်ခြင်းမပြုရန်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန် မုန့်နမူနာများပြသကာ ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်များအား သန့်ရှင်းလတ်ဆတ်သောမုန့်၊ အသီးအနှံများကိုသာရောင်းချရန်၊ သက်ဆိုင်ရာဌာနမှ စားသုံးရန်မသင့်ဟုတားမြစ်ထားသည့် မုန့်နှင့် အချိုရည်၊ အစားအသောက်များကို ရောင်းချခြင်းမပြုရန်နှင့် ကလေးငယ်များကလည်း စားသုံးခြင်းမပြုရန်၊ သက်တမ်းလွန်မုန့်၊ အချိုရည်များကိုရောင်းချခြင်း၊ စားသုံးခြင်းမပြုရန် မုန့်၊ အချိုရည်နမူနာများဖြင့် ရှင်းလင်းပြသဟောပြောခဲ့ပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေမှုအား ကွင်းဆင်းစစ်စစ်ဆေးခဲ့ကြောင်း သိရသည်။

အလားတူမော်လမြိုင်ကျွန်းမြို့နယ်ဖဆပလ အ. မ. က စာသင်ကျောင်းတွင်လည်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦး ခင်မောင်ကျော်နှင့် မြို့နယ်ပညာရေး၊ မြို့နယ်ကျန်းမာရေးဌာနများနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂ ရက်က ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြောခဲ့ပြီး ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၉၃ ဦးတက်ရောက်ခဲ့ကြကြောင်းနှင့် ဟောပြောပွဲအပြီးတွင် မြို့နယ်တာဝန်ခံနှင့်ဆရာ/ဆရာမများသည် ကျောင်းမုန့်ဈေးတန်းများအား စိစစ်ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ရာ အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများ၊ မြို့နယ်တာဝန်ခံများနှင့် ဌာနခွဲမှူးများ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က (၁၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၊ မြို့နယ်အလိုက် သိမ်းဆည်းထားသော စားသုံးရန်မသင့်သည့် အစားအစာများ၊ အလှကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးရန်နှင့် ဒေးဒရဲမြို့နယ်ရှိ ရေသန့်စက်ရုံ၊ ဆေးဝါးအရောင်းဆိုင်များ၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးအရောင်းဆိုင်များအား ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် ကွင်းဆင်းစစ်ဆေးသွားရန် ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖေဖော်ဝါရီ ၁၃ ရက်က မအူပင်မြို့ပေါ်ရှိလက်ကားကုန်စုံဆိုင်လေးဆိုင်၊ စိုက်ပျိုးရေးဆိုင် တစ်ဆိုင်နှင့် Golden Hero သောက်ရေသန့်စက်ရုံများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်း ဦးဆောင်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးကြီး ဘဝင်း၊ ခရိုင်ပြန်ကြားရေးဦးစီးဌာန၊ ခရိုင်ပညာရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့်လွှတ်တော်ကိုယ်စားလှယ်ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် လက်ကားကုန်စုံဆိုင်လေးဆိုင်မှ ရက်လွန်အစားအစာများ၊ မျက်မြင်ဆိုးဆေးများစွာပါဝင်သော အစားအစာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ထုတ်ပြန်ထားသည့် စုစုပေါင်းတန်ဖိုး ကျပ် ၁၁၂၉၅၀ တန်ဖိုးရှိ မုန့်အမျိုးအစား ၄၆ မျိုး၊ မုန့်အရေအတွက် ၅၀၄ ခုတို့အား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**CONSUMER- MT**

# ကလောမြို့နယ်တွင် Mobile LabVan ဖြင့် ဈေးကွက်စစ်ဆေးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီး၍ ကလောမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ် တာဝန်ခံရုံး(အောင်ပန်း)မှ ဝန်ထမ်းများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၃ ရက်က Mobile Lab Van ဖြင့် ဈေးကွက်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဈေးကွက်စစ်ဆေးရာတွင် ကလော၊ အောင်ပန်းရှိ စည်ပင်သာယာဈေးအတွင်း ရောင်းချနေသော ရှမ်းရိုးရာအစားအသောက်များဖြစ်သည့် ဆီတို့ဟူး၊ မုန်ညင်းချဉ်၊ ကြက်သွန်ချဉ်၊ လက်ဖက်၊ ပဲကြီးလှော် စသည်တို့ကို အဓိကထား စစ်ဆေးခဲ့ပြီး ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်များကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ကလော စည်ပင်သာယာဈေး ရှိ ဆိုင်ခန်းပေါင်း ၁၁ ဆိုင်မှ နမူနာပစ္စည်း ၁၆ ခုအား စစ်ဆေးရာ ဆီတို့ဟူးအပါအဝင် ရှမ်းရိုးရာအစားအသောက် ၁၀ ခုမှာ ခွင့်ပြုပစ္စည်းဖြစ်ပြီး ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်စသောပစ္စည်း ခြောက်ခုတို့မှာ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

အလားတူ အောင်ပန်းစည်ပင်သာယာဈေးအား ဆက်လက်စစ်ဆေးရာ ဆိုင်ခန်းပေါင်းကိုးဆိုင်မှ နမူနာပစ္စည်း ၁၆ ခုကို စစ်ဆေးရာတွင် ခွင့်ပြုအစားအသောက်ပစ္စည်းခြောက်ခု၊ စစ်ဆေးဆဲခုနစ်ခုနှင့် ဆီတို့ဟူး အကြမ်းပုံးများတွင် မှိုပါ၍ စားသုံးရန်မသင့်ဟုယူဆရသော ဆီတို့ဟူးသုံးမျိုးတို့အား စစ်ဆေးတွေ့ရှိခဲ့ကြောင်း FDA စာရင်းများအရ သိရှိရသည်။

**ငြိမ်းငြိမ်းထွေး(အောင်ပန်း)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့ပြီး အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၈ ဦးတက်ရောက်ခဲ့သည်။


အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးကိုယ်စား ဒုတိယ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက (၁၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်မှုများနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်များအား တင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် မအူပင်မြို့ပေါ်ရှိလက်ကားမုန့်ဆိုင်လေးဆိုင်မှ သိမ်းဆည်းရမိသောကျပ် ၁၁၂၉၅၀ တန်ဖိုးရှိ စားသုံးရန်မသင့်သော မုန့်အမျိုးအစား ၄၆ မျိုး၊ အရေအတွက်အားဖြင့် ၅၀၄ ခုကို မီးရှို့ဖျက်ဆီးရန်နှင့် ကျောင်းမုန့်ဈေးတန်းများ၊ ဈေးများ၊ စာသင်ကျောင်းများနှင့် ကျေးရွာနေပြည်သူလူထုအား အသိပညာပေးဆောင်ရွက်ပေးမှု အခြေအနေများကို တင်ပြခဲ့သည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ရှောင်တခင်စစ်ဆေးမှုမှ သိမ်းဆည်းထားသော ဘေးအန္တရာယ်ရှိ အစားအစာများကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**Consumer MT**

# ရေဦးမြို့ပေါ်ရှိ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးဆေးပစ္စည်းနှင့် မျိုးစေ့အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်ညွန့်သည် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချမှုတာဝန်ခံ ဦးစီးအရာရှိဒေါ်သီတာလွင်၊ သီးနှံကာကွယ်ရေး တာဝန်ခံ ဦးစီးအရာရှိ ဒေါ်မာချို၊ မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်မေကြွယ်ဝင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်သား ကျော်မျိုးသန့်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက်က ရေဦးမြို့ပေါ်ရှိဓာတ်မြေဩဇာအရောင်းဆိုင်၊ စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်နှင့် မျိုးစေ့အရောင်းဆိုင်များ စုစုပေါင်း ခုနစ်ဆိုင်သို့ ကွင်းဆင်းပြီး တားမြစ်ထားသည့် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ၊ ရက်လွန်ပိုးသတ်ဆေးများနှင့်



မျိုးမသန့်သော မျိုးစေ့များ၊ အရည်အသွေး ညံ့ဖျင်းသည့် မျိုးစေ့များရောင်းချမှု ရှိ/မရှိ စစ်ဆေးရာ ရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့နောက် ခရိုင်မျိုးစေ့တာဝန်ခံမှ တိုးပွားမန်းကုမ္ပဏီတွင် ရောင်းချနေသည့် ခေတ်သစ်ရောစပါး၊ အိုင်အာ ၇၄၇ စပါးနှင့် ၇-၂ စပါး နမူနာများကို ရယူ၍ အရည်အသွေးကောင်းမွန်ပြီး မျိုးသန့်မှု ရှိ/မရှိကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံမှ တိုးပွားမန်း ကုမ္ပဏီထုတ် လှည်းယာဉ်တံဆိပ် N=15:P=15:K=15: S=10 ကွန်ပေါင်းဓာတ်မြေဩဇာ၊ N=15:P=15 :K=20 ကွန်ပေါင်းဓာတ်မြေဩဇာ နမူနာများကို ရယူခဲ့ပြီး ပါဝင်သည့် အချိုးအတိုင်း မှန်ကန်မှု ရှိ/မရှိကိုလည်းကောင်း သိရှိနိုင်ရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးပို့ကာ ဓာတ်ခွဲစစ်ဆေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

**အောင်ညွန့် (ရေဦး)**

# ရွှေဖြစ်နေတဲ့ ရွှေသခွားမွှေး

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံနယ်စပ်သို့ သစ်သီးဝလံများ တင်ပို့ရောင်းချလျက်ရှိပြီး မြန်မာ့သခွားမွှေးများကိုလည်း တရုတ်ပြည်ရှိ တိဘက်ဒေသ၊ ဟိုင်နန်ဒေသ၊ မကာအိုဒေသ၊ ဟောင်ကောင်ဒေသများမှအပ ကျန်ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော သခွားမွှေးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့ရောင်းချနေပြီး တရုတ်နိုင်ငံရဲ့ ဈေးကွက်မှာလည်း ရွှေသခွားမွှေးကို ဈေးကွက်ဝင်သီးနှံအဖြစ် ရောင်းဝယ်လျက် ရှိကြပါတယ်။

သခွားမွှေးများကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းတို့တွင် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးတဲ့ အမျိုးအစားတွေကတော့ ပိုက်ကွက်သခွားမွှေး (ဂူခုံး)၊ ရွှေသခွားမွှေး၊ ဖရဲသခွားမွှေးဟူ၍ သုံးမျိုးရှိပြီး သခွားမွှေးစိုက် တောင်သူများအနေနဲ့လည်း တရုတ်ဈေးကွက်ဝင် သီးနှံဖြစ်လာတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြောင်း သိရှိရပါတယ်။ သခွားမွှေးအမျိုးအစားအလိုက် ဈေးနှုန်းများမတူညီကြကြောင်းသိရှိရပြီး မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ရာသီပေါ် သီးနှံများအနက် သခွားမွှေး တင်ပို့မှုဟာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီတွေမှာ အများဆုံးတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကို ကြည့်မယ်ဆိုရင် ဧပြီလမှ ဇန်နဝါရီလအထိ သခွားမွှေး ၄၄၄၁၅ ဒသမ ၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၇၁ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ ဧပြီလမှ ဇန်နဝါရီလအထိ ၅၆၉၁၇ ဒသမ ၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၁၅ သန်း တင်ပို့နိုင်ခဲ့တာကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ သခွားမွှေးတစ်တန်လျှင် ပျမ်းမျှအနိမ့်ဈေး ယွမ် ၁၅၀၀၊ အမြင့်ဈေးယွမ် ၈၅၀၀ ရရှိပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တစ်တန်လျှင် ပျမ်းမျှအနိမ့်ဈေး ယွမ် ၁၀၀၀၊ အမြင့်ဈေးယွမ် ၆၂၀၀ ရရှိခဲ့ကြောင်း သိရှိရပါတယ်။ သခွားမွှေးအမျိုးအစားအလိုက် ဈေးနှုန်းတွေကတော့ ရွှေသခွားမွှေးမှာ တစ်တန် ယွမ် ၅၀၀၀ မှ ယွမ် ၆၀၀၀၊ ပိုက်ကွက်သခွားမွှေး (ဂူခုံး) မှာ တစ်တန်လျှင် ယွမ် ၃၀၀၀ မှ ယွမ် ၆၂၀၀၊ ဖရဲသခွားမွှေးတစ်တန်လျှင်ယွမ် ၃၀၀၀ မှ ယွမ် ၆၀၀၀ ရရှိကြောင်းကိုလည်း သိရှိရပါတယ်။



အရည်အသွေးကောင်းတဲ့ သခွားမွှေးဆိုရင်တော့ လုဝယ်နေတဲ့ အနေအထားရှိပြီး အခုရက်ပိုင်းအတွင်း အဝယ်လိုက်တဲ့ပိုက်ကွက်သခွားမွှေး (ဂူခုံး) တစ်တန်လျှင် ကုန်ကျစရိတ်မှာ ကျပ်ရှစ်သိန်းကျော်၊ တစ်ဖက်နိုင်ငံသို့ရောင်းရငွေမှာ ကျပ်ကိုးသိန်းကျော် ရရှိတဲ့အတွက် တစ်တန်လျှင် အမြတ်ငွေ ကျပ်တစ်သိန်းကျော် ရရှိကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံနယ်စပ်မြို့ဝမ်တိန်မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ တင်ပို့ရောင်းချလျက်ရှိပြီး တရုတ်ကုန်သည်တွေက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့လာရောက်၍ အရည်အသွေးပေါ်မူတည်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြုလုပ်လျက်ရှိပါတယ်။

တောင်သူများအနေဖြင့် သခွားမွှေးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေများရရှိပြီး အကျိုးစီးပွားတိုးတက်လျက်ရှိသဖြင့် အရည်အသွေးကောင်းပါက ဈေးကောင်းရရှိကြောင်းသိရသည့်အတွက် သစ်သီးဝလံကုန်စည်ဒိုင်များမှ စိုက်ပျိုးထုတ်လုပ်ကြတဲ့ တောင်သူများကို အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါတယ်။ သခွားမွှေး အရောင်းအဝယ်ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှု ရှိပြီး အရည်အသွေးပေါ်မူတည်၍ ကြိုက်ရောင်း ကြိုက်ဝယ်စနစ်ဖြင့် ရောင်းချလျက်ရှိခြင်း၊ အသင်းအဖွဲ့၊ အဖွဲ့အစည်းလုပ်ငန်းရှင်ကြီးများမှအစ အလယ် အလတ်ကုန်သည်ငယ်များအထိ ရောင်း ဝယ်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းများရှိနေပြီး စိုက်ပျိုးသူတောင်သူများကိုယ်တိုင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ လာရောက်ရောင်းချနိုင်တာကြောင့် တောင်သူများအကျိုးအမြတ်ပိုမိုရရှိနိုင်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံ ဈေးကွက်တစ်ခုတည်းကိုပဲ မှီခိုအားထားမနေဘဲ အခြားပြည်ပနိုင်ငံ ဈေးကွက်များကို ထိုးဖောက်တင်ပို့နိုင်ရန်အတွက် အရည်အသွေးမီ သီးနှံများထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများမှလည်း နည်းပညာများလေ့လာပြီး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရွှေသခွားမွှေးမှရွှေသီးနေတာကြောင့် အရည်အသွေးကောင်းမွန်တဲ့ ရွှေသခွားမွှေးများ စိုက်ပျိုးကြရန် တိုက်တွန်းလိုက်ရပါတယ်။

**မောင်မောင်အေး(မူဆယ်)**






# PTTEP သည် Bangkot ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းတွင် အစုရှယ်ယာများ တိုးမြှင့်ဝယ်ယူ

ထိုင်းနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် PTTEP အများပိုင်ကုမ္ပဏီ (PTT Exploration and Production Plc)သည် Bangkot ရေနံနှင့် သဘာဝ ဓာတ်ငွေ့စီမံကိန်းရှိ Shell ကုမ္ပဏီပိုင်အစုရှယ် ယာ ၂၂ ဒသမ ၂၂ ရာခိုင်နှုန်းကို ဝယ်ယူလိုက်သည်။ Shell ကုမ္ပဏီ၏ အမေရိကန် ဒေါ်လာသန်း ၇၅၀ တန်ဖိုးရှိ အစုရှယ်ယာများ ဝယ်ယူခဲ့ပြီးနောက် Bangkot စီမံကိန်းတွင် PTTEP ၏ အစုရှယ်ယာ ပါဝင်မှုသည် ယခင်က ၄၄ ဒသမ ၄၄ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၆၆ ဒသမ ၆၆ ရာခိုင်နှုန်းသို့မြင့်တက်လာသည်။ အဆိုပါ Bangkot ဧရိယာသည် ထိုင်းပင်လယ်ကွေ့တွင်တည်ရှိပြီး ထိုင်းနိုင်ငံ၏ အဓိကသဘာဝဓာတ်ငွေ့ အရင်းအမြစ်များရှိသည့် နေရာတစ်ခုဖြစ်သည်။

PTTEP ၏လက်အောက်ခံကုမ္ပဏီဖြစ်သော PTTEP International Co. အနေဖြင့် Shell ၏လက်အောက်ခံဖြစ်သော Shell Integrated Gas Thailand Pte. ကုမ္ပဏီပိုင်အစုရှယ်ယာ ၂၂ ဒသမ ၂၂ ရာခိုင်နှုန်းကို ဝယ်ယူခြင်းဖြစ်သည်။ အဆိုပါ အစုရှယ်ယာဝယ်ယူမှုအတွက် PTTEP ၏လက် ဝယ်ရှိငွေစုစုပေါင်း ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံမှ ကျခံသုံးစွဲမည်ဖြစ်ပြီး ယခုနှစ်၏ဒုတိယနှစ်ဝက်တွင် ဝယ်ယူခဲ့သည့် ရှယ်ယာတန်ဖိုးအားလုံးကို ပေးချေမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုကဲ့သို့ အစုရှယ်ယာပါဝင်မှုကို မြှင့်တင်လိုက်ခြင်းဖြင့် ထုတ်လုပ်မှုပမာဏ မြင့်တက်လာမည်ဖြစ်ပြီး အရှေ့တောင်အာရှတွင် PTTEP ၏ တစ်ခုတည်းသော နောက်ဆုံးအဆင့်အထိ ဖွံ့ဖြိုးပြီး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ လုပ်ငန်း၏အရောင်းပမာဏ၊ ရေနံအရန်ပမာဏနှင့် ဝင်ငွေလည်ပတ်စီးဆင်းမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း PTTEP ၏ ဥက္ကဋ္ဌ Mr. Somporn Vongvuthipornchai က ပြောကြားခဲ့သည်။

PTTEP ၏နေ့စဉ်ရေနံအရောင်းပမာဏသည် စည်ပေါင်း ၃၅၀၀၀ အထိမြင့် တက်လာမည်ဖြစ်ကာ နေ့စဉ်သဘာဝဓာတ်ငွေ့အရောင်း ပမာဏသည် ကုဗပေ သန်း ၈၆၀ ရှိပြီး ဓာတ်ငွေ့ရည်အရောင်းပမာဏသည် စည်ပေါင်း ၂၆၀၀၀ ရှိသည်။ Bangkot စီမံကိန်းရှိ လုပ်ကွက်အမှတ် B15၊ B16၊ B17 နှင့် G12/48 များကို PTTEPက လုပ်ကိုင်၍ ကျန်ရှိသည့် အစုရှယ်ယာ ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းနှင့်အကျုံးဝင်သည့်လုပ်ကွက်များကို ပြင်သစ်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ Total က လုပ်ကိုင်ကြောင်း သိရှိရသည်။

Bangkot စီမံကိန်းသည် ပြည်တွင်းလျှပ်စစ်မီးရရှိရေးအတွက် အဓိကကျသောအရင်းအမြစ်တစ်ခုဖြစ်ပြီး စုစုပေါင်း ပြည်တွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိသည်။ Bangkot စီမံကိန်းသည် ၂၀၂၃ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ တိုင်းပြည်၏စွမ်းအင်လုံခြုံမှုအတွက် ဆက်လက်လုပ်ကိုင်ခွင့်ရရှိရန် လေလံရောင်းချသည့်အချိန်၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ Bangkot စီမံကိန်းတွင် Shell ၏ ရင်းနှီးမြှုပ်နှံမှုလျှော့ချခြင်းသည် PTTEP ၏ ဝင်ငွေနှင့် လုပ်ငန်းပြုပြင်ပြောင်းလဲမှုများအတွက် အလွန်ကောင်းမွန်ကြောင်း၊ PTTEPသည်အရှေ့အလယ်ပိုင်းဒေသ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေးကို နှစ်ပေါင်းများစွာ ရပ်နားခဲ့ပြီးနောက် ယခုအချိန်တွင် ယင်းဒေသ၌ ပြန်လည်ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ ပြန်လည်ရင်းနှီးမြှုပ်နှံရာ၌ အခြားလုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Bangkot လုပ်ကွက်နှင့် Chevron ကုမ္ပဏီက လုပ်ကိုင်နေသည့် Erawan လုပ်ကွက်များကို ယခုနှစ်၏ဒုတိယနှစ်ဝက်တွင် လေလံတင်ရောင်းချရန် မျှော်မှန်းထားကြောင်း ဥက္ကဋ္ဌ Mr. Somporn က ပြောကြားခဲ့ပါသည်။

ထိုင်းစတော့အိတ်ချိန်းဈေးကွက်အတွင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ရှိ PTTEP ၏အစုရှယ်ယာ ဈေးနှုန်းသည် ရှယ်ယာတစ်ခုလျှင် ၁၁၉ ဘတ်ဖြင့် တစ်ဘတ်မြင့်တက်ခဲ့ပြီး စုစုပေါင်း အရောင်းအဝယ်ပမာဏ ဘတ် ၃ ဒသမ ၈၄ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကမ္ဘောဒီးယားနိုင်ငံတွင် အရှေ့တောင်အာရှ၏ အကြီးဆုံး ဆိုလာလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်မည်

အမေရိကန်နိုင်ငံအခြေစိုက် ဆိုလာလျှပ်စစ် စီမံကိန်းများကို အဓိက လုပ်ကိုင်သည့် Omni Navitas ကုမ္ပဏီ သည် ကမ္ဘောဒီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံ၍ ဆိုလာစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ၁၅၀ မီဂါဝပ်ထုတ်လုပ်နိုင်သည့် ကြီး မားသော ဆိုလာလျှပ်စစ်စီမံကိန်းတစ်ခုကို တည်ဆောက်မည်ဖြစ်ရာ အရှေ့တောင်အာရှဒေသတွင် အကြီးဆုံးဆိုလာလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်လာမည်ဟု OmniNavitas ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Jim McAuliffe က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဆိုလာ လျှပ်စစ်စီမံကိန်းကဲ့သို့ ပြန်ပြည့်မြဲ စွမ်းအင်ကဏ္ဍကို မြှင့်တင်အားပေးမှုနှင့်အတူ သန့်ရှင်းသော စွမ်းအင်အသုံး ပြုနိုင်ရေးကို အလေးထားလာသဖြင့် Omni Navitas ကုမ္ပဏီ၏ဆိုလာလျှပ် စစ်စီမံကိန်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည့်အပြင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ လွယ်ကူအဆင်ပြေရန်အတွက်လည်း ပံ့ပိုးကူညီမည်ဖြစ်ကြောင်းနှင့် ထွက်ရှိလာမည့် လျှပ်စစ်ကို လက်ရှိထုတ်လုပ်ရောင်းချနေသည့် ဈေးနှုန်းအတိုင်း အစိုးရသို့ပြန်လည် ရောင်းချနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Chhuon Dara က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် တည်ဆောက်မည့် ဆိုလာလျှပ်စစ်စီမံကိန်းအတွက် မြေအကျယ်အဝန်း ၅၀ ဟက်တာလိုအပ်၍ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်တွင်းမှ လုပ်သားအင်အား ၃၀၀၀ ဦး လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းသည် အရှေ့တောင်အာရှဒေသတွင်အကြီးဆုံး ဆိုလာလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်လာရန်ရှိပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ Omni Navitas ၏ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းသည် နောက်ထပ် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်အတွက် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း အမှုဆောင်အရာရှိ ချုပ် Mr. McAuliffe က ပြောကြားခဲ့သည်။

Omni Navitas ကုမ္ပဏီသည် ဆိုလာစီမံကိန်းအတွက် တည်နေရာ အသေးစိတ်ကို မသိရသေးသော်လည်း Koh Kong ပြည်နယ်အတွင်း တည်ဆောက်နိုင်ခြေရှိပြီး Omni Navitas ကုမ္ပဏီသည် ယင်းဆိုလာစီမံကိန်းအတွက် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (Council for the Development of Combodia - CDC) နှင့် တွေ့ဆုံညှိနှိုင်းရန် စီစဉ်ထားပြီးဖြစ်ကာ ကုမ္ပဏီနှင့် အစိုးရလျှပ်စစ်အာဏာပိုင်အဖွဲ့အစည်းတို့ တွေ့ဆုံ၍ လျှပ်စစ်ရောင်းဈေးနှုန်းကို ညှိနှိုင်းခဲ့သော်လည်း တစ်စုံတစ်ရာပြေလည်မှုမရရှိသေးကြောင်း သိရှိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပင်စင်ယူမည့်အသက်အပိုင်းအခြားအား တိုးမြှင့် သတ်မှတ်ရန် ဂျပန်ကြိုးစား



သက်ကြီးရွယ်အို များပြားပြီး ထောက်ပံ့မှု စရိတ်စကများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသော ဂျပန်နိုင်ငံသည် လက်ရှိအနေအထားကို ကုစားရန်အတွက် အလုပ်လုပ်ကိုင်လိုသော အသက် ၇၀ ကျော် နိုင်ငံသားများအား အလုပ်ဆက်လက် လုပ်ကိုင်ခွင့်ရရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံသည် အလုပ်လုပ်နိုင်သော လူဦးရေပြတ်လပ်မှုနှင့် ကြုံတွေ့စပြုနေသော နိုင်ငံဖြစ်ကာ ပင်စင်ခံစားသည့် အသက်အရွယ်ကို ၆၀ နှစ်ဟု သတ်မှတ်ထားသော်လည်း နိုင်ငံလူဦးရေ၏ ၃ ဒသမ ၄ မီလီယံခန့်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ၆၅ နှစ်အထိ တာဝန်ထမ်းဆောင်ရန် အစိုးရမှ လိုလားလျက်ရှိသည်။ ယခုအခါ ပင်စင်ယူရန် အသက်ကို အသက်၇၀ ကျော်အထိ တိုးမြှင့်ရန် ဆန္ဒရှိနေပြီး ၂၀၂၀ ခုနှစ် ဧပြီလခန့်မှသာ တရားဝင် အတည်ပြုမည်ဖြစ်ကြောင်း အစိုးရမှ ထုတ်ပြန်ခဲ့သည်။

လက်ရှိမူဝါဒအရ ဂျပန်နိုင်ငံတွင် အသက် ၆၀ မှ ၇၀ နှစ်ကြား မည့်သည့် အသက်အရွယ်တွင်မဆို ပင်စင်ခံစားနိုင်ပြီး ၆၅ နှစ်ကျော်သည်အထိ တာဝန်ထမ်းဆောင်နေသူများသည် လစာ ပိုမိုများပြားစွာ ရရှိလျက်ရှိသည်။ ယခုပြောင်းလဲရန် ကြိုးပမ်းနေသော ပင်စင်ခံစားမှုမူဝါဒသည် အလားတူ သက်ကြီးရွယ်အိုပြဿနာများ ရင်ဆိုင်နေရသော ဂျာမနီ၊ အီတလီ၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများကို လေ့လာဆန်းစစ်မှုမှ တစ်ဆင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါနိုင်ငံများသည်လည်း သက်ကြီးရွယ်အိုများ၏ စွမ်းဆောင်ရည်များအား တတ်စွမ်းသမျှ ပေါ်ထွက်နိုင်ရေး အလေးထားဆောင်ရွက်လျက် ရှိသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာတွင် သက်တမ်းအရှည်ဆုံးနိုင်ငံသားများ နေထိုင်မှုအတွက် ကျော်ကြားလျက်ရှိသော်လည်း နှစ်စဉ်မွေးဖွားနှုန်း ကျဆင်းခဲ့သည်မှာ ရာစုတစ်ခုခန့်ရှိပြီဟု ဆိုသည်။ လွန်ခဲ့သော နှစ် ၄၀ တွင် လူဦးရေ ၁၂၇ မီလီယံ ရှိခဲ့ရာမှ ယခုအခါ ၈၈ မီလီယံသာ ရှိတော့ကြောင်း အစိုးရ၏ တရားဝင် ထုတ်ပြန်ချက်အရ သိရသည်။ ၁၉၇၀ နှောင်ပိုင်းကာလများမှစ၍ လုပ်သားပြတ်လပ်မှုများကို တွေ့ကြုံခဲ့ရပြီး ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေးမူဝါဒ အကောင်အထည်ဖော်မှုဖြစ်သော ပြည်ပလုပ်သားများ ပိုမိုခေါ်ယူခြင်းကြောင့် နိုင်ငံသားများအနေဖြင့် စီးပွားရေးရပ်တည်မှု ခိုင်မာစေရေး ကြိုးပမ်းနေရပြီး၊ အိမ်ထောင်ပြုနှုန်းနှင့် မွေးဖွားနှုန်းများ ကျဆင်းနေသည်ဟု ထောက်ပြ ဝေဖန်ပြောဆိုမှုများလည်း ရှိခဲ့သည်။

ထို့ကြောင့် အစိုးရအနေဖြင့် သက်ကြီးရွယ်အိုများ လုပ်ငန်းခွင်တွင် ရှည်ကြာစွာ လုပ်ကိုင်နိုင်ရေး၊ တက်ကြွသော လုပ်ငန်းခွင်ဝန်းကျင်ဖန်တီးပေးနိုင်ရေး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ သက်ကြီးရွယ်အိုများကို လုပ်ငန်းခွင်တွင် ဆက်လက် အလုပ်ခန့်အပ်ရေးနှင့် ပင်စင်ယူမည့် သက်တမ်းတိုးမြှင့်ရေးတို့အား တိုက်တွန်းဆောင်ရွက်နေပြီး ကုန်ထုတ်လုပ်မှု ကျဆင်းမည့်အရေးကို ရှောင်လွှဲရန် ကြိုးပမ်းလျက် ရှိသည်။

ဂျပန်ကုမ္ပဏီအများစုသည် ၎င်းတို့၏ အချိန်ပြည့်ဝန်ထမ်းများအား အသက် ၆၀ တွင် ပင်စင် ခံစားစေသော်လည်း အစိုးရ၏တိုက်တွန်းမှုအရ ပင်စင်ခံစားသည့်သက်တမ်းတိုးမြှင့်မှုကို အချို့ကုမ္ပဏီများက စတင်၍ လိုက်ပါဆောင်ရွက်နေပြီဟု သိရသည်။

**ကြည်သာသစ်နိုင်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

သန်းသန်းနိုင်

**ယခင်တစ်ပတ်မှအဆက်**

၉။ နိုင်ငံတော်နယ်စပ်ဂိတ်တွင်း သောက်သုံးရေလုပ်ငန်း လုပ်ကိုင်ပါက အောက်ပါအချက်များနှင့် ညီညွတ်ရမည်-

(၁) သောက်သုံးရေလုံခြုံမှု အုပ်ချုပ်ရေးစနစ်ကို ကောင်း မွန်စွာ တည်ဆောက်ထားရမည်။

(၂) ကျန်းမာရေးအုပ်ချုပ်မှုလုပ်ငန်းကို တာဝန်ယူသူ၊ သောက်သုံးရေပိုးသတ်မှုလုပ်ငန်းလုပ်သူများအနေနှင့် ကျန်းမာရေး ထောက်ခံစာ၊ ကျန်းမာရေးသင်တန်းအောင်လက်မှတ်များ ရရှိထားရမည်။

(၃) သောက်သုံးရေစက်ရုံပစ္စည်းများပုံမှန်လည်ပတ်၍ သတ်မှတ်ထားသည့်အတိုင်းဆေးကြော၊ ပိုးသတ် မှုများလုပ်ရမည်။

(၄) သောက်သုံးရေစက်ရုံအနေဖြင့် သတ်မှတ်ဧရိယာအတွင်း ရေညစ်ညမ်းစေသောအရာများ မရှိစေရ၊ သောက်သုံးရေ အဖြစ်သုံးသောပုံးများမှာ သီးသန့်ထားရှိရမည်။ အခြားအရာများနှင့် ရောမသုံးရ၊ ထို့အတူအလုံပိတ်ထားရမည်ဖြစ်သလို ကျန်းမာသန့်ရှင်းရေးအတွက် အကာအကွယ်များလည်း လုပ်ထားရမည်။

(၅) သောက်ရေကိုတိုက်ရိုက်ထိသောအရာများအနေဖြင့် အဆိပ်မရှိ၊ ဘေးမရှိသောအရာများကို သုံးရမည်ဖြစ်သလို ရေကို ညစ်ညမ်းစေမှုမရှိစေရ။

(၆) မိမိဘာသာရေပုံ့ပိုးသူများအနေဖြင့်၊ မြို့ပြအများသုံးရေပေးစနစ်နှင့် ဆက်မထားရ။

(၇) ဒုတိယအဆင့်ရေပြန်လည်ဖြန့်ဝေခြင်းဖြစ်ပါက မြို့ပြသောက်သုံးရေစနစ်နှင့် ချိတ်ဆက်မထားရ၊ အထူးအရေးပေါ်စနစ်ကြောင့် ချိတ်ဆက်ရမည်ဆိုလျှင် ရေအနည်ထိုင်စနစ်ရှိရမည်။

(၈) သောက်သုံးရေစုပေါင်းပေးပို့သည့်စနစ်ကို သုံးပါက ပိုးသတ်စနစ် ရှိရမည်။

(၉) ရေ၏အရည်အသွေးမှာ နိုင်ငံတော်မှသတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၁၀။ နိုင်ငံတော်နယ်စပ်ဂိတ်အများပိုင်နေရာများတွင် လုပ်ကိုင်ပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) လုပ်ငန်းလုပ်ကိုင်နိုင်သည့်အတည်တကျနေရာရှိရမည်။ ထို့အတူ လုပ်ငန်းပမာဏ၊ စက်ပစ္စည်း သန့်ရှင်းမှု၊ ပိုးသတ်စနစ်၊ ဆေးကြောစနစ်၊ အများသုံးအိမ်သာများ ပါရှိရမည်ဖြစ်သလို လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် အချက်အလက် ပြည့်စုံရမည်။ အများပိုင်နေရာများကို အခြားအရာများတွင် မသုံးရ။

(၂) ကျန်းမာရေးဌာန (သို့မဟုတ်) တာဝန်ပေးခန့်ထားသော ကျန်းမာရေးဝန်ထမ်းအနေနှင့် အများပိုင်နေရာများတွင် သန့်ရှင်းရေး တာဝန်ယူထားသူအနေဖြင့် သန့်ရှင်းရေးကြီးကြပ်မှုနှင့် အုပ်ချုပ်မှုစနစ်၊ မှတ်တမ်းများရှိရမည်။

(၃) လုပ်ငန်းလုပ်သူအနေဖြင့် ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေးသင်တန်းအောင်လက်မှတ် ရှိရမည်။

(၄) ရောဂါပိုးမွှားကာကွယ်ရေးစနစ်နှင့် စွန့်ပစ်ပစ္စည်းထားရှိသည့် စနစ်၊ အချက်အလက်များ ရှိရမည်။

(၅) အခန်းတွင်းလေပေးစနစ်မှာ နိုင်ငံတော်၏သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။ ထို့အတူ လေသန့်ပေးမှုစနစ်နှင့် သတ်မှတ်ချက်များနှင့်လည်း ညီညွတ်ရမည်။

(၆) အများမြင်နိုင်သောနေရာတွင် ဆေးလိပ်မသောက်ရဟူသည့် အသိပေးစာများ ကပ်ထားရမည်။

(၇) ရေ၏အရည်အသွေးမှာနိုင်ငံတော်၏သတ်မှတ်ချက်နှင့် ကိုက်ညီရမည်။

၁၁။ နိုင်ငံတော် နယ်စပ်ဂိတ်ကုန်သိုလှောင်မှုလုပ်ငန်း လုပ်ကိုင်ပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) ကုန်သိုလှောင်မှုလုပ်ငန်းအနေဖြင့် ပြီးပြည့်စုံသော ကျန်းမာရေးစနစ်များရှိရမည်။

(၂) အတည်တကျရှိသောကုန်သိုလှောင်မှုနေရာများရှိရမည်။

(၃) လုပ်ငန်းလုပ်သူအနေဖြင့် ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေးသင်တန်း အောင်လက်မှတ်ရှိရမည်။ (ဤအချက်မှာ စားသောက်ကုန် သိုလှောင်သည့်လုပ်ငန်း လုပ်ကိုင်သူကို ဆိုလိုသည်။)

(၄) လုပ်ငန်းတည်နေရာမှာညီညာခိုင်ခန့်ရမည်။ ဖွဲ့စည်းမှုစည်းစနစ်ကျရမည်။ ရောဂါပိုးမွှား ကာကွယ်ရေးစနစ်နှင့် စွန့်ပစ်ပစ္စည်းထားရှိသည့်စနစ်၊ အချက်အလက်များရှိရမည်။

(၅) ရောဂါပိုးမွှားကို အန္တရာယ်မဖြစ်နိုင်သည့် အရေအတွက်တွင် ချုပ်ကိုင်ထားရမည်။

၁၂။ လုပ်ငန်းရှင်၏လုပ်ငန်းများသည်လည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ရမည်။

### အပိုင်း၃-ကျန်းမာရေးလိုင်စင်

**(က) လိုင်စင်လျှောက်ခြင်း**

၁၃။ နိုင်ငံတော်နယ်စပ်ဂိတ်များတွင်စားသောက်ကုန်ထုတ်လုပ်မှု၊ ရောင်းချမှု (ဤတွင် ယာဉ်နှင့်လည်ရောင်းသော စားသောက်ကုန်များကိုလည်း ဆိုလိုသည်)။ စားသောက်ဆိုင်၊ အအေးဆိုင်များအတွက် လိုင်စင်လျှောက်ထားမည်ဆိုပါက အောက်ပါစာရွက်စာတမ်းများ ပေးပို့ရမည်။

(၁) ကျန်းမာရေးလိုင်စင်လျှောက်ထားခြင်း၊

(၂) လုပ်ငန်းအတည်ပြုထောက်ခံစာမိတ္တူ(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူ

(၃) ဥပဒေရ ပိုင်ဆိုင်သူ(လုပ်ငန်းရှင်)နှင့် နိုင်ငံသားမှတ်ပုံတင်၊ ကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်သူ၏ အထောက်အထား၊ စာရွက်စာတမ်း၊

(၄) လုပ်ငန်းတည်နေရာအဆောက်အဦကို ဥပဒေအရပိုင်ဆိုင်ခွင့်ရအထောက်အထား၊ (မြေနေရာ အဆောက်အဦ အသုံးပြုခွင့်လိုင်စင်(သို့မဟုတ်)ငှားရမ်းစာချုပ်)

(၅) စားသောက်ကုန်လုံခြုံစိတ်ချရရေးစနစ်

(၆) လုပ်ငန်းလုပ်သူအနေဖြင့် ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေးသင်တန်းအောင်လက်မှတ်ရှိရမည်။

(၇) စားသောက်ကုန်ထုတ်လုပ်ခြင်း၊ စားသောက်ကုန်လုပ်ငန်းလုပ်ကိုင်ခြင်း။ (ဤတွင်ယာဉ်နှင့် လည်ရောင်းသော စားသောက်ကုန်များကိုလည်း ဆိုလိုသည်)။ စားသောက်ဆိုင်၊ အအေးဆိုင်များအတွက် အောက်ပါအချက်များတင်ပြရမည်။ စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်သူအနေနှင့် နေရာအတည်တကျ ရှိရမည်ဖြစ်သလို၊ ပတ်ဝန်းကျင်အခြေအနေအပေါ်မှ မြင်ရပုံ၊ အချောကိုင်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို စနစ်တကျဖွဲ့စည်းထားသည့်ပုံ၊ ထုတ်လုပ်မှုလုပ်ငန်း လုပ်ဆောင်ပုံ၊ ဒီဇိုင်းများပါရှိရမည်။ ထို့အတူ စက်ပစ္စည်းစာရင်း၊ စားသောက်ကုန်အရည်အသွေးစံချိန်၊ လုပ်ငန်းသုံးရေစစ်ဆေးချက်၊ စားသောက်ကုန်လုံခြုံရေးစနစ်တို့ကို တင်ပြရမည်၊ စားသောက်ကုန်လုပ်ငန်းအနေနှင့် မိမိလုပ်ငန်းနှင့်ကိုက်ညီသော ဖွဲ့စည်းပုံရှိရမည်။ ထို့အတူ စက်ပစ္စည်းစာရင်း၊ စားသောက်ကုန်ယာဉ်အနေဖြင့် စားသောက်ကုန်သယ်ယူနိုင်သည့် သီးသန့်ယာဉ်ဖြစ်ရမည်။ အအေးခန်းသုံးမည်ဆိုပါကအသုံးပြုခွင့်လိုင်စင်ရှိရမည်။ စားသောက် ဆိုင်လုပ်ငန်းလုပ်သူအနေဖြင့် အတည်တကျနေရာ၊ စီမံခန့်ခွဲမှု၊ ကျန်းမာရေးလိုင်စင်စသည်တို့ ရှိရမည်။

၁၄။ နိုင်ငံတော်နယ်စပ်ဂိတ်များတွင် သောက်ရေထုတ်လုပ်မှုလုပ်ငန်းလုပ်သူအနေဖြင့် လိုင်စင်လျှောက်ထားမည်ဆိုပါက အောက်ပါစာရွက်စာတမ်းများ ပေးပို့ရမည်။

(၁) ကျန်းမာရေးလိုင်စင်လျှောက်ထားခြင်း၊

(၂) လုပ်ငန်းအတည်ပြုထောက်ခံစာမိတ္တူ(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူ

(၃) ဥပဒေရပိုင်ဆိုင်သူ (လုပ်ငန်းရှင်)နှင့် နိုင်ငံသားမှတ်ပုံတင်၊ ကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်သူ၏ အထောက်အထား၊ စာရွက်စာတမ်း၊

(၄) လုပ်ငန်းတည်နေရာအဆောက်အဦကိုဥပဒေအရပိုင်ဆိုင်ခွင့်ရအထောက်အထား၊ (မြေနေရာ အဆောက်အဦအသုံးပြုခွင့်လိုင်စင် (သို့မဟုတ်) ငှားရမ်းစာချုပ်)

(၅) ကုန်လုံခြုံစိတ်ချရရေးစနစ်

(၆) လုပ်ငန်းလုပ်သူအနေဖြင့် ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေး သင်တန်းအောင်လက်မှတ် ရှိရမည်။

(၇) ဒီဇိုင်းနှင့် ရှင်းလင်းချက်၊ စနစ်တကျဖွဲ့စည်းထားသည့် ပုံများပါရှိရမည်။

(၈) အရည်အသွေးစစ်ဆေးရေးဌာနမှ ထုတ်ပေးသော (၁)နှစ်အတွင်း ရေအရည်အသွေးစစ်ဆေးချက်၊

(၉) သောက်သုံးရေလုံခြုံစိတ်ချရကြောင်း ထောက်ခံစာ၊

(၁၀) မိမိအသုံးပြုမည့်အရေအတွက် ကိုယ့်ဘာသာကိုယ်ထုတ်ပါက ရေပေးစနစ်စာတမ်း တင်ပြရမည်။

၁၅။ နိုင်ငံတော်နယ်စပ်ဂိတ်များတွင် အများပိုင်လုပ်ငန်းလုပ်သူအနေဖြင့် လိုင်စင်လျှောက်ထားမည်ဆိုပါက အောက်ပါစာရွက်စာတမ်းများ ပေးပို့ရမည်။

(၁) ကျန်းမာရေးလိုင်စင်လျှောက်ထားခြင်း၊

(၂) လုပ်ငန်းအတည်ပြုထောက်ခံစာမိတ္တူ(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူ

(၃) ဥပဒေရပိုင်ဆိုင်သူ (လုပ်ငန်းရှင်)နှင့် နိုင်ငံသားမှတ်ပုံတင်၊ ကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်သူ၏ အထောက်အထား၊ စာရွက်စာတမ်း၊

(၄) လုပ်ငန်းတည်နေရာ အဆောက်အဦကိုဥပဒေအရပိုင်ဆိုင်ခွင့်ရအထောက်အထား၊ (မြေနေရာ အဆောက်အဦးအသုံးပြုခွင့်လိုင်စင် (သို့မဟုတ်) ငှားရမ်းစာချုပ်)

(၅) ကုန်လုံခြုံစိတ်ချရရေးစနစ်

(၆) လုပ်ငန်းလုပ်သူအနေဖြင့် ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေးသင်တန်းအောင်လက်မှတ် ရှိရမည်။

(၇) ဒီဇိုင်းနှင့် ရှင်းလင်းချက်၊ စနစ်တကျဖွဲ့စည်းထားသည့် ပုံများပါရှိရမည်။

(၈) အများပိုင်လုပ်ငန်း၏ ကျန်းမာရေးစစ်ဆေးချက် (သို့မဟုတ်) စစ်ဆေးချက်စာတမ်း

(၉) အခန်းတွင်းလေပေးစနစ်မှာ နိုင်ငံတော်၏ သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။ ထို့အတူ လေသန့်ပေးမှုစနစ်နှင့် သတ်မှတ်ချက်များနှင့်လည်း ညီညွတ်ရမည်။

၁၆။ နိုင်ငံတော်နယ်စပ်ဂိတ်များတွင် ကုန်သိုလှောင်လုပ်ငန်းလုပ်သူအနေဖြင့် လိုင်စင်လျှောက်ထားမည်ဆိုပါက အောက်ပါစာရွက်စာတမ်းများ ပေးပို့ရမည်။

(၁) ကျန်းမာရေးလိုင်စင်လျှောက်ထားခြင်း၊

(၂) လုပ်ငန်းအတည်ပြုထောက်ခံစာမိတ္တူ (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ

(၃) ဥပဒေရ ပိုင်ဆိုင်သူ (လုပ်ငန်းရှင်)နှင့် နိုင်ငံသားမှတ်ပုံတင်၊ ကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်သူ၏ အထောက်အထား၊ စာရွက်စာတမ်း၊

**ဆက်လက်ဖော်ပြပါမည်။**

# ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ ၁၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာ

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ယခင်နှစ်ထက် ၁၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး တရုတ်ယွမ်ငွေ ၂ ဒသမ ၅၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၉၇ ဘီလီယံ) ရှိခဲ့ကြောင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဆင်ဟွာသတင်းဌာန website ၌ ဖော်ပြထားသော သတင်းအရ သိရှိရပါတယ်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေး ရုံး၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၈ ရက်တွင် တရုတ်နိုင်ငံ၏ ပို့ကုန်သည် ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး သွင်းကုန်အနေဖြင့် ၃၀ ဒသမ ၂ ရာခိုင်နှုန်းထိ တစ်ဟုန်ထိုးတိုးတက်လာတာကို တွေ့ရပါတယ်။

၂၀၁၇ ခုနှစ်တွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့မှုနှင့်နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလတွင် ကုန်သွယ်ရေးပိုငွေအနေဖြင့် ၅၉ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာပြီး တန်ဖိုးယွမ် ၁၃၅ ဒသမ ၈ ဘီလီယံဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏အထွေထွေကုန်သွယ်မှုသည် တန်ဖိုးအရရော အချိုးအရပါ တိုးတက်လာခဲ့သည်ကို တွေ့ရှိရပြီး ယွမ်၁ ဒသမ ၄၇ ထရီလီယံရှိခဲ့ကာ အဆိုပါပမာဏသည် စုစုပေါင်းနိုင်ငံခြား ကုန်သွယ်မှုပမာဏ၏ ၅၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။

ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံနိုင်ငံများတို့သည် တရုတ်နိုင်ငံ၏ အဓိကထိပ်တန်းကုန်သွယ်ဖက်နိုင်ငံများဖြစ်ပြီး တရုတ်မှ အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန်တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်တာ တွေ့ရှိရပါတယ်။

The Belt & Road အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၏ကုန် သွယ်မှုသည် ၁၇ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လျက်ရှိပြီး အထွေထွေကုန်သွယ်မှုတန်ဖိုးထက် ၁ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ကိုလည်း တွေ့ရှိရကြောင်း ဖော်ပြပါရှိပါတယ်။

ထို့ပြင် တရုတ်နိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေဖြင့် နိုင်ငံ၏ ကုန်သွယ်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ၎င်းတို့၏ ကုန်သွယ်မှုရှယ်ယာတန်ဖိုးသည် ၂၀၁၆ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ယခုနှစ် ဇန်နဝါရီလတွင် သုည ဒသမ ၂ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ တင်ပို့မှုသည် ယခုနှစ်ဇန်နဝါရီလအတွင်းတွင် ပိုမိုတိုးမြင့်လာခဲ့ပြီး စတီးပို့ကုန်အနေဖြင့် တန်ချိန် ၄ ဒသမ ၆၅ သန်းသာ ရှိသဖြင့် ယခင်နှစ်များထက် ၃၆ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းသွားသည်ကို တွေ့ရှိရသည်ဟု ဖော်ပြချက်အရ သိရပါတယ်။

**ဝင်းပပသူ**

# ဖိလစ်ပိုင်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးရေးလုပ်ဆောင်ရန် ဘတ်ဂျက်တိုးမြှင့်ပေးမည်

ဖိလစ်ပိုင်နိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ကူညီအားပေးရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တောင်းဆိုမှုကို ဖိလစ်ပိုင်သမ္မတ ဒူတာတေးမှ လက်ခံခဲ့ပြီးနောက် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန(DIT) ၏ ဘတ်ဂျက်တိုးမြှင့်ရေးကို အတည်ပြုခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က သတင်းရရှိသည်။

အဆိုပါလက်ခံမှုအရ သမ္မတသည် ဖိလစ်ပိုင်စီးပွားရေး၏ ပင်မကျောရိုးဖြစ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကြောင်းတွေ့ရပြီး ကူညီထောက်ပံ့ရေးကို ဦးစားပေး ဆောင်ရွက်နိုင်ဖွယ်ရှိသည်ဟု စီးပွားရေးပညာရှင်များမှ သုံးသပ်ထားသည်။

၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် ကုန် သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန(DIT)အတွက် လျာထားဘတ်ဂျက်မှာ ပီဆို ၅ ဒသမ ၁၈ ဘီလီယံဖြစ်ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် ၂၈ ဒသမ ၅၄ ရာခိုင်နှုန်းပိုမိုခဲ့ကာ တိုးပေးခဲ့သောဘဏ္ဍာငွေများသည် MSMEs လုပ်ငန်းများအတွက်ဖြစ်ကြောင်း သမ္မတက ပြောခဲ့သည်။

"သမ္မတအနေနဲ့ ဒီဘဏ္ဍာငွေတွေကို MSMEs လုပ်ငန်းတွေအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းတွေ၊ ကုန်ထုတ်လုပ်မှုမှာသုံးမယ့် စက်ပစ္စည်းတွေ၊ ဈေးကွက်သစ်ရှာဖွေမှုတွေ၊ ကုန်စည်ပြပွဲတွေနဲ့ အသေးစားငွေကြေးဆိုင်ရာ လုပ်ငန်းတွေမှာ သုံးဖို့လိုလားတယ်"လို့ ပို့ကုန်လုပ်ငန်းရှင်များအဖွဲ့ ဥက္ကဋ္ဌ Sergio R. Ortiz-Luis က ပြောသည်။

"ထောက်ပံ့မယ့် ပမာဏကိုတော့ အတည်မပြုရသေးပေမယ့် အများကြီး ပေးစေချင်ပါတယ်။ ဒါပေမဲ့လည်း ရလာသမျှငွေအားလုံးကို MSMEs လုပ်ငန်းတွေအတွက် ဘက်စုံသုံးသွားမယ်"ဟု ၎င်းကပြောခဲ့သည်။

DIT သည် မူဝါဒပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကာ ထုတ်ကုန်တိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ရှာဖွေရေးကို အလေးထားနေပြီးရရှိသော ဘတ်ဂျက်၏ ပီဆို ၂ ဒသမ ၂၅ ဘီလီယံကို MSMEs လုပ်ငန်းများအတွက် အသုံးပြုရန် လျာထားကြောင်းနှင့် ပို့ကုန်တိုးတက်လာမှုကြောင့် နိုင်ငံအတွက် ဝင်ငွေများစွာ ရရှိရန် မျှော်လင့်ကြောင်း သတင်းရရှိသည်။

**ကြည်သာသစ်နိုင်**

# ကိုရီးယား-အမေရိကန် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (FTA) ဒုတိယအကြိမ်ဆွေးနွေး

ကိုရီးယား-အမေရိကန်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (FTA) နှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းခြင်းကို ဇန်နဝါရီလ ၃၁ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဒုတိယအကြိမ်အဖြစ် ဆွေးနွေးခဲ့ကြသည်။ ယခုစေ့စပ်ညှိနှိုင်းခြင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံအပါအဝင် ပြည်ပနိုင်ငံထုတ်အဝတ်လျှော်စက်များနှင့် ဆိုလာပြားများအပေါ် ကုန်သွယ်မှုကုစားခြင်း အစီအမံဆိုင်ရာအခွန်များသတ်မှတ်ရေးကို လက်မှတ်ရေးထိုးအတည်ပြုခဲ့ပြီးနောက် ရက်သတ္တပတ်အတွင်း စတင်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအစိုးရအနေဖြင့် အမေရိကန်၏လတ်တလောကုန်သွယ်မှုကုစားခြင်းဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပထမအကြိမ်စေ့စပ်ညှိနှိုင်းစဉ်က အပြန်အလှန်လိုလားချက်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ယခုအကြိမ်တွင် ပိုမိုအသေးစိတ်သည့်ဆွေးနွေးမှုများဖြင့် နှစ်နိုင်ငံဆွေးနွေးလိုသည်များကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သွယ်ရေးကုစားမှုအစီအမံများသည် အရေးကြီးသည့်အတွက် အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ယခုအစည်းအဝေးတွင် တောင်ကိုရီးယားဘက်မှ ဦးဆောင်ဆွေးနွေးမည့် ကုန်သွယ်ရေးဝန်ကြီးဌာန FTA စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ တာဝန်ယူထားသည့် ဒုတိယဝန်ကြီး Yoo Myung-hee ကပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် ကုန်သွယ်ရေးကုစားမှုအစီအမံများအဖြစ် ပြည်ပမှပထမတစ်နှစ်အတွင်း တင်သွင်းသည့် အဝတ်လျှော်စက်အရေအတွက် ၁ ဒသမ ၂ သန်းအပေါ်တွင် အခွန် ၂၀ ရာခိုင်နှုန်းနှင့် အဆိုပါအရေအတွက်ထက်ကျော်လွန်ပါက အခွန် ၅၀ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ပြီး ပြည်ပမှတင်သွင်းသည့် ဆိုလာပြားများအပေါ်တွင် တင်သွင်းသည့်ပထမနှစ်အတွင်း ၂ ဒသမ ၅ gigawatts(ဂစ်ဂါဝပ်) အထိတင်သွင်းမှုအတွက် အခွန် ၃၀ ရာခိုင်နှုန်းကောက်ခံရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ယင်းသို့ အမေရိကန်အနေဖြင့် ကုန်သွယ်ရေးကုစားမှုအစီအမံများ ချမှတ်ဆောင်ရွက်လိုက်ခြင်းကို နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းနိုင်ရန် မဖြစ်နိုင်ပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တင်ပြကာ ကိုရီးယားကုမ္ပဏီများအတွက် ထိခိုက်နစ်နာမှုများကို ပြန်လည်တောင်းခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## စာမျက်နှာ (၆) ➤➤➤ AEC တွင် CLMV နိုင်ငံများ အောင်မြင်မလား၊ ကျရှုံးမလား ..... မှအဆက်

ဗီယက်နမ်တွင် AEC နှင့် ပတ်သက်၍ တုန်လှုပ်ခြောက်ခြားမှု (Trepidation) ကို တွေ့မြင်နေရသည်။ အဘယ်ကြောင့်ဆိုသော် ဗီယက်နမ် အစိုးရကလည်း အကောက်ခွန်မဟုတ်သော အတားအဆီး (Non-tariff barrier) ကို ကျင့်သုံးရန် ကြိုးပမ်းနေသောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ကားတင်သွင်းမှုပေါ်လစီကို ပြောင်းလဲကျင့်သုံးလိုခြင်းကို တွေ့မြင်နိုင်သည်။ အဆိုပါ ပေါ်လစီအရ ဗီယက်နမ်နိုင်ငံရှိ ကားတင်သွင်းလိုသူများသည် မိမိတို့ဝယ်ယူတင်သွင်းမည့်နိုင်ငံရှိ သယ်ယူ ပို့ဆောင်ရေးအာဏာပိုင်များ (Transportation authorities) ၏ အရည်အသွေးထောက်ခံချက်လက်မှတ်များ (Quality certificates) ရယူတင်ပြရမည်ဖြစ်ပါသည်။ နိုင်ငံခြားမှ မော်တော်ကားထုတ်လုပ်ရောင်းချသူများအနေဖြင့် ချွတ်ယွင်းနေသော၊ အပြစ်အနာအဆာရှိသော ၎င်းတို့၏ ကားများအတွက် တာဝန်ယူရမည်ဟူ၍ ဆိုလိုပါသည်။ ဤအချက်သည် ဗီယက်နမ် ကားတင်သွင်းရောင်းချသူများအတွက် အခက်အခဲဖြစ်နေသောကြောင့် လတ်တလော မကျင့်သုံးသေးကြောင်း သိရသည်။

ajymifvyJkajymifvÐnfrsm;

CLMV နိုင်ငံများအနက် ဗီယက်နမ်ကို လေ့လာရာတွင် ဗီယက်နမ်ကားလောကအခြေအနေမကောင်းကြောင်း တွေ့ရသည်။ သို့သော်လည်း ဗီယက်နမ်၏ ပျမ်းမျှအသက်အရွယ် ၂၉ နှစ်ဝန်းကျင်နှင့်အထက် လူလတ်တန်းစားများက ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နေသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုင်း အဖျော်ယမကာကုမ္ပဏီတစ်ခုဖြစ်သော Thai Beverage က ဗီယက်နမ်နိုင်ငံပိုင် အဖျော်ယမကာကုမ္ပဏီတစ်ခုကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅ ဘီလီယံဖြင့် ဝယ်ယူခဲ့သည်။ ထိုနည်းတူစွာပင် ထိုင်းလက်လီကုမ္ပဏီကြီးတစ်ခုဖြစ်သော Central Group နှင့် ထိုင်းဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်သော ကုမ္ပဏီကြီးဖြစ်သည့် Siam Cement Group တို့ကလည်း ဗီယက်နမ်ကုမ္ပဏီများကို ဝယ်ယူခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နေပါသည်။

တကယ့်လက်တွေ့တွင်မူ ဗီယက်နမ်သည် ဖော်ပြပါအတိုင်း ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို လက်ခံနေရခြင်းမျိုး မဟုတ်ဘဲ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာဈေးကွက်များကို တိုးချဲ့ရှာဖွေနေရပါသည်။ ဗီယက်နမ်ကုမ္ပဏီများသည် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး နှင့် ဟိုတယ်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထိုနည်းတူစွာပင် အခြားသော ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများအတွက်လည်း ဈေးကွက်ပိုမို ကျယ်ပြန့်လာစေသည်။ ဥပမာအားဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးဆေးဝါးပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုကလည်း မြန်မာနှင့် လာအိုနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံရန် စိုင်းပြင်းနေပါသည်။ ထို့ကြောင့် နောက်ကျသော ၄ နိုင်ငံအနက် ကမ္ဘောဒီးယားသည် AEC နှင့် ဆက်နွယ်ဖြစ်ပေါ်လာမည့် ပြိုင်ဆိုင်မှုကို ရင်ဆိုင်ရန်အတွက် ကြိုတင် ပြင်ဆင်ထားကြောင်း တွေ့ရသည်။ ထို့အတွက် ကမ္ဘောဒီးယားသည် ဤဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းခြင်းမှ အခွင့်အလမ်းများကို အများဆုံးရယူခံစားနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုသည် ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင်လည်း ဆက်လက်တိုးတက်သွားနိုင်ပါသည်။ ထိုတိုးတက်မှုနှင့်အတူ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ကမ္ဘာဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းတိုးချဲ့မှုများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း တွေ့ရှိရပါသည်။

Source: asia.nikkei.com

# နှစ်သစ်ကူးပွဲတော်ကျင်းပရန် တရုတ်နိုင်ငံ၌ လူသန်းပေါင်းများစွာ နေရပ်ပြန်



တရုတ်နိုင်ငံတွင် နှစ်သစ်ကူးပွဲတော်ကျင်းပရန်အတွက် လူသန်းပေါင်းများစွာသည် ဖေဖော်ဝါရီ ၁၄ ရက်က မီးရထား၊ လေယာဉ်ပျံနှင့် မော်တော်ကားများဖြင့် ခရီးသွားလာလျက်ရှိရာ ကမ္ဘာပေါ်တွင် လူပေါင်းများစွာ ခရီးသွားလာမှုအများဆုံး ရာသီဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ အရေးအပါဆုံး ပွဲတော်မှာ ဖေဖော်ဝါရီ ၁၆ ရက်မှစတင်မည်ဖြစ်ရာ အချို့က မွေးရပ်မြေများသို့ ပြန်သွားကြပြီး အချို့က အားလပ်ရက် အပန်းဖြေစခန်းများသို့ ဦးတည်သွားလာလျက်ရှိသည်။ နိုင်ငံ၏စက်မှုဒေသဖြစ်သည့် အရှေ့ပိုင်းရှိ ရွှေ့ပြောင်းလုပ်သားများအတွက် နှစ်သစ်ကူးအားလပ်ရက်သည် နေရပ်ပြန်၍မိသားစုများ မိတ်ဆွေများနှင့် တွေ့ဆုံသောအချိန် ဖြစ်သည်။

ခရီးသွားမည့်သူများသည် ခရီးထွက်ချိန်မရောက်မီ ရက်သတ္တပတ်များစွာကြိုတင်၍ စမတ်ဖုန်းအပလီကေးရှင်းများကိုသုံးကာ လက်မှတ်များကို ကြိုတင်ဝယ်ယူကြသည်။ မြို့ကြီးများမှ ကျေးလက်ဒေသသို့သွားသော အချို့မီးရထားခရီးစဉ်များမှာ နာရီပေါင်း ၂၀ ကျော်ကြာမြင့်ပြီး မီးရထားများတွင် လူများပြည့်ကျပ်လျက်ရှိသည်။

ဖေဖော်ဝါရီလဆန်းပိုင်း ပထမ ၁၂ ရက်တွင် နယ်ဘက်သို့မီးရထားဖြင့် ခရီးသွားလာသူဦးရေမှာ ၉၈ ဒသမ ၈ သန်းထိရှိကြောင်း နိုင်ငံတော်မီးရထားဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ကြေညာသည်။ ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်နှစ်ရက်အတွင်းမှာပင် ပေကျင်းရှိ မီးရထားဘူတာရုံများမှ ခရီးထွက်မည့်သူဦးရေမှာ ၁ ဒသမ ၁သန်းရှိမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ တရားဝင်သတင်းအေဂျင်စီဖြစ်သော ရှင်ဟွာသတင်းတွင် ဖော်ပြသည်။

မကြာသေးမီ နှစ်များအတွင်း ပြည်ပသို့ ခရီးသွားကြသည့် တရုတ်လူမျိုးအရေအတွက်မှာ တိုးတက်များပြားလာသည့်အတွက် မြို့ပြနေလူလတ်တန်းစားများ၏ ချမ်းသာကြွယ်ဝမှုကို ရောင်ပြန်ဟပ်ပြသလျက်ရှိသည်။ ယခုနှစ် နှစ်သစ်ကူးအားလပ်ရက်တွင် ပြည်ပသို့ ခရီးသွားမည့် ဦးရေမှာ ၆ ဒသမ ၅ သန်းအထိရှိမည်ဟု ခရီးသွားလာရေး အေဂျင်စီ Ctrip နှင့် တရုတ် ခရီးသွားလုပ်ငန်းအကယ်ဒမီတို့မှ ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

တရုတ်ခရီးသည်များသည် နိုင်ငံနှင့် ဒေသ ၆၈ ခုသို့ ခရီးသွားရန်ကြိုတင်လက်မှတ်များဝယ်ယူထားရာ ယင်းတို့အထဲတွင် ထိုင်းနိုင်ငံ၊ ဂျပန်၊ ယူအေအီးနှင့် နော်ဒစ်နိုင်ငံများမှာ အများဆုံးသွားလာကြမည့်ဒေသများတွင် ပါဝင်ကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။ နှစ်သစ်ကူးကာလတွင် တရုတ်လူမျိုးတစ်ဦး၏ အသုံးစရိတ်မှာ ပျမ်းမျှယွမ် ၉၅၀၀ (အမေရိကန်ဒေါ်လာ ၁၅၀၀ ) ဝန်းကျင်ရှိကြောင်း သိရသည်။

အလားတူပင် ပြည်တွင်းခရီးစဉ်များမှာလူကြိုက်များလျက်ရှိပြီး ယခုနှစ်သစ်ကူးပွဲတော်ကာလတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ယွမ် ၄၇၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ) အထိရရှိလိမ့်မည်ဟု အမျိုးသားခရီးသွားလုပ်ငန်းအုပ်ချုပ်ရေး အဖွဲ့က ယခုလဆန်းပိုင်းတွင် ခန့်မှန်းထားသည်။ ■

## ပို့ကုန်ကျဆင်းမှုကြောင့် စင်ကာပူစီးပွားရေးတိုးတက်မှု အရှိန်အဟုန် ကျဆင်းနိုင်

စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း အရှိန်အဟုန်သည် အချို့ကဏ္ဍများတွင် ကျဆင်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပို့ကုန်ဖွံ့ဖြိုးမှုကျဆင်းသည့် အတွက် ယခုနှစ်ဖွံ့ဖြိုးမှုမှာလည်း ဆက်လက်ကျဆင်းနိုင်ကြောင်း အစိုးရ၏ ခန့်မှန်းချက်ကို စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product) သည် ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်တွင် ကုန်သွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သည်။ ဘလွမ်းဘတ်၏ခန့်မှန်းချက်မှာ နှစ်ရာခိုင်နှုန်းရှိပြီး အစိုးရ၏ ကနဦးခန့်မှန်းချက်မှာမူ ၂ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ် တိုးတက်မှုနှုန်းကို ၂၀၁၆ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သည်။

အီလက်ထရွန်းနစ်ပစ္စည်းများ ပြည်ပတင်ပို့မှုမြင့်တက်လာမှုဖြင့် ကုန်သွယ်ရေးကို အမှီပြုနေရသော စင်ကာပူစီးပွားရေးသည် ၂၀၁၇ ခုနှစ် က မြင့်တက်ခဲ့သော်လည်း မကြာသေးမီ ကာလအတွင်း ဝယ်လိုအားကျဆင်းမှုကြောင့် ကုန်ထုတ်လုပ်မှုအနည်းငယ် ကျဆင်းခဲ့သည်။ ဤသို့သော ကျဆင်းမှုများနှင့် ကြုံတွေ့နေရသည့်တိုင်အောင် ၂၀၁၇ ခုနှစ်တစ်နှစ်လုံးအတွက် ခြုံကြည့်ပါက စင်ကာပူစီးပွားရေးသည် ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယခုနှစ်အတွင်း တိုးတက်မှုနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်း အထက်အနည်းငယ်မြင့်တက်မည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောသည်။

“ကုန်ထုတ်လုပ်မှုကဏ္ဍက ဆက် လက်တိုးတက်မယ့်လက္ခဏာရှိပြီး စီးပွားရေးတစ်ခုလုံးဖွံ့ဖြိုးရေးကို အထောက်အကူပေးလိမ့်မယ်လို့ ယူဆရပါတယ်။ အထူးသဖြင့် အီလက်ထရွန်းနစ်နဲ့ အနုစိတ်အင်ဂျင်နီယာအစုအဖွဲ့ မှာ ၂၀၁၈ ခုနှစ်အတွက် တိုးတက်နှုန်းနည်းပေမယ့် စီးပွားရေးမှာ ခိုင်မာတောင့်တင်းမှုရှိမယ်လို့ ခန့်မှန်းရပါ တယ် ” ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

## တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့အား ထရမ့်က ကုန်သွယ်ရေးခြိမ်းခြောက်မှု ထပ်မံပြုလုပ်

တရုတ်နိုင်ငံအား ဒဏ်ခတ်ပိတ်ဆို့ပြီး တောင်ကိုရီးယားနှင့် ချုပ်ဆိုထားသော ကုန်သွယ်ရေးသဘောတူစာချုပ်ကို ဖျက်သိမ်းရန် သို့မဟုတ် ပြန်လည်ပြင်ဆင်ရန် သတိပေးခြင်းဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အာရှဒေသရှိအဓိက ကုန်သွယ်ဖက်နိုင်ငံနှစ်နိုင်ငံကို ဖေဖော်ဝါရီ ၁၃ ရက်က ထပ်မံခြိမ်းခြောက်လိုက်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများကို လျှော့ဈေးဖြင့် စုပုံတင်ပို့မှုကြောင့် အမေရိကန်နိုင်ငံ၏ သံမဏိနှင့် အလူမီနီယံလုပ်ငန်းများကို ထိခိုက်စေခဲ့ကြောင်း ကုန်သွယ်ရေးနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံသော ဆွေးနွေးပွဲတွင် ထရမ့်က စွပ်စွဲသည်။ ထို့ကြောင့် တရုတ်နိုင်ငံအား ဒဏ်ခတ်ပိတ်ဆို့ရန်နှင့် အခွန်ကောက်ခံမှုအပါအဝင် ပိတ်ဆို့မှုနည်းလမ်းအားလုံးကို စဉ်းစားရန် သူကတိုက်တွန်းသည်။ ယခင်လက သမ္မတထံတင်ပြသော ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာနှစ်ခုတွင် တရုတ်နိုင်ငံသည် သံမဏိနှင့်အလူမီနီယံတို့ကိုပြည်ပတင်ပို့ရာတွင် အစိုးရထောက်ပံ့ကြေးများပေး၍ ဈေးနှုန်းယှဉ်ပြိုင်ရာတွင် အသာစီးရအောင် ဆောင်ရွက်ထားကြောင်း တင်ပြထားသည်။ သို့သော်လည်း ဤကိစ္စကို အများပြည်သူသို့ထုတ်ပြန်ခြင်းမရှိခဲ့ပေ။ အမေရိကန်အစိုးရအဖွဲ့သည် လက်တုံ့ပြန်နိုင်ရေး အတွက် နှစ်လအချိန်ယူ၍ ပြင်ဆင်သွားမည်ဖြစ်သည်။

တောင်ကိုရီးယားနှင့် ပတ်သက်၍ ပြောကြားရာတွင် ၂၀၁၂ ခုနှစ်က တောင်ကိုရီးယားနှင့်ချုပ်ဆိုထားသော စာချုပ်မှာ ‘ဘေးအန္တရာယ်တစ်ရပ်’ဖြစ်ကြောင်း ထရမ့်ကပြစ်တင်ပြောကြားပြီး အမေရိကန်ပြည်ထောင်စုက တရားမျှတမှုရှိသော စာချုပ်ဖြစ်အောင် ပြန်လည်စေ့စပ်မည် သို့မဟုတ် စာချုပ် ကိုလုံးဝဖျက်သိမ်းမည်ကို စဉ်းစားဆောင်ရွက်မည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။

တောင်ကိုရီးယားနှင့် ချုပ်ဆိုထားသော စာချုပ်များကြောင့် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုတွင် အမေရိကန်နိုင်ငံတွင် ကုန်သွယ်မှုလိုငွေမြင့်မားလာပြီး ထိုသဘောတူစာချုပ်တွင် ဟာကွက်များရှိနေသည့်အတွက် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားသဘောတူစာချုပ်ကို ပြန်လည်စေ့စပ်ညှိနှိုင်းရန် ၂၀၁၇ ခုနှစ် ဇူလိုင်တွင် အမေရိကန်အစိုးရက စတင် ဆောင်ရွက်ခဲ့သည်။

## ဂျပန်စီးပွားရေး၏ စတုတ္ထသုံးလပတ်တိုးတက်မှု ၂၈ နှစ်အတွင်း အရှည်ကြာဆုံးဖြစ်

ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အများဆုံးရှိခဲ့သော ၂၀၁၇ ခုနှစ် စတုတ္ထ သုံးလပတ်ကာလသည် ကျဆင်းမှုမရှိဘဲ ရှစ်ကြိမ်မြောက် ခိုင်မာစွာ ရပ်တည်နေသည့်အတွက် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတိုးတက်မှု အရှည်ကြာဆုံးသော သုံးလပတ် တိုးတက်မှုကာလပတ်ဖြစ်ခဲ့သည်။ သို့ရာတွင် ရည်မှန်းချက်ကို ပြည့်မီခြင်း မရှိခဲ့ကြောင်း စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

ယန်းငွေတန်ဖိုးမြင့်တက်မှုနှင့်အတူ လာမည့်နှစ်တွင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးမည်ဆိုပါက ငွေကြေးဖောင်းပွဖိအားပေးမှု ကျဆင်းစေမည်ဟုခန့်မှန်းရသည်။ သို့ဖြစ်ရာ ဂျပန်ဗဟိုဘဏ်က စီးပွားရေးတိုးတက်နှုန်းမြင့်တက်အောင် လှုံ့ဆော်မည့် အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပေးရမည့် အလားအလာရှိသည်။

ဂျပန်နိုင်ငံစီးပွားရေးသည် ၁၉၈၆ ခုနှစ်ဧပြီ - ဇွန်မှ ၁၉၈၉ ခုနှစ် ဇန်နဝါရီ-မတ်လအကြား သုံးလပတ် ၁၂ ပတ်ဆက်တိုက်မြင့်တက်ကာ Economic Bubble ခေါ် စီးပွားရေး အဆမတန်တိုးတက်မှုဖြစ်ပွားခဲ့ပြီးနောက် ယခုတစ်ကြိမ် တိုးတက်မှုသည် အရှည်ကြာဆုံး တိုးတက်မှုဖြစ်သည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် မကြာသေးမီ သုံးလပတ်ကာလများအတွင်း မူလခန့်မှန်းထားသည်ထက် ပိုမိုလျင်မြန်စွာ တိုးတက်ခဲ့ပြီး အလုပ်သမားဈေးကွက်တွင် အခက်အခဲရှိနိုင်ပြီး လုပ်ငန်းများ၏ အကျိုးအမြတ်စံချိန်တင်မြင့်တက်မှုက စားသုံးသူသုံးစွဲမှုနှင့် ငွေကြေးဖောင်းပွမှုကို ပိုမိုမြင့်တက်အောင် အားပေးလိမ့်မည်ဟု ယူဆထားကြသည်။

ပုဂ္ဂလိက ကဏ္ဍစားသုံးမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ကောင်းမွန်လာသော်လည်း လုပ်ခများကျဆင်းပြီး ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာကာ ရည်မှန်းချက်အောက်ကျဆင်းမည်ဟုခန့်မှန်းရကြောင်းနှင့် နိုင်ငံစီးပွားရေးတိုးတက်မှုသည် ၂၈ နှစ်အတွင်း အရှည်ကြာဆုံးဖြစ်ခဲ့ပြီး အကောင်းဘက်သို့ ဦးတည်သော စီးပွားရေး သံသရာစတင်နေပြီဖြစ်ကြောင်း စီးပွားရေးဝန်ကြီး တိုရှိမိဆု မိုတဲဂီက ပြောသည်။

ဘဏ်တင်စုစည်းတင်ပြသည်။


PUMA
National Energy Puma Aviation Services
FOR MORE INFORMATION CONTACT US: COMMERCIAL.MM@PUMAENERGY.COM | 09962025211
FUELLING Myanmar
pumaenergy.com

KYW Kyaw Ye Win Auto Service
Kyaw Ye Win Auto Service Co., Ltd.
Address : No. 67/B, Pho Sein Road, Bahan Township, Yangon.
Tel : 01-394682 , 01-8604416 , 09-5182122

# smart

YOMA BANK

The Responsible Bank.

**FREE** smart အချင်းချင်း
ငွေပေးပို့မှုများအတွက် ဝန်ဆောင်ခ အခမဲ့

ATM — MPU logo ပါ ATM စက်တိုင်းတွင်
ဝန်ဆောင်ခ အခမဲ့

smart နဲ့ Mobile Banking မှတဆင့်
ဖုန်းဘေလ်ဖြည့်လျှင် ၄% discount

smart နဲ့ ဘယ် Wave Money
အကောင့်ကိုမဆို ငွေလွှဲခ အခမဲ့

MPU logo ပါ POS စက်တိုင်းမှာ
ဝန်ဆောင်ခ အခမဲ့

www.yomabank.com/smart

YOMA BANK CALL CENTER | 9662 (သို့မဟုတ်) 097-9662-9662




COMMERCE INTERNATIONAL

# သံမဏိတင်သွင်းမှုကို အခွန်ကောက်ခံရန် ထောက်ခံချက်များ ထရမ့်ရရှိ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တောင်ကိုရီးယား နိုင်ငံအပါအဝင် ပြည်ပမှတင်သွင်းလာသော သံမဏိများအား အခွန်ကောက်ခံရန် ထောက်ခံချက်များ ရရှိထားပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က အမေရိကန်ပြည်ထောင်စု ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

သံမဏိပစ္စည်းများ၊ ကျိုချက်ပြီးနှင့် မကျိုချက်ရသေးသော အလူမီနီယံများ တင်သွင်းမှုကြောင့် နိုင်ငံတော်လုံခြုံရေးအပေါ် ဂယက်ရိုက်ခတ်မှုများကို စုံစမ်းလေ့လာမှုများ ဆောင်ရွက်ပြီး နောက် ထောက်ခံမှုများကို တင်ပြခဲ့ခြင်းဖြစ်သည်။

အတည်ပြုပြဋ္ဌာန်းမည်ဆိုပါက ယခုအကောက်အခွန်များ သည် တောင်ကိုရီးယားနိုင်ငံနှင့် အခြားကုမ္ပဏီများက ထုတ်လုပ် သော အဝတ်လျှော်စက်များနှင့် နေစွမ်းအင်သုံး ဆိုလာပြားများ အပေါ်တွင် သွင်းကုန်ခွန်များ ပြဋ္ဌာန်းပြီးနောက်ပိုင်း ထရမ့် အစိုးရက နောက်ထပ်ဆောင်ရွက်သော ကုန်သွယ်ရေးကုစားမှု တစ်ခု ဖြစ်သည်။

သံမဏိနှင့် အလူမီနီယံတင်သွင်းသော အရေအတွက်နှင့် အခြေအနေများက Trade Expansion Act ပုဒ်မ ၂၃၂ အရ အဓိပ္ပာယ်ဖွင့်ဆိုသော အမျိုးသားလုံခြုံရေးကို ပျက်ပြားအောင် ခြိမ်း ခြောက်နေသည်ကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တွေ့ရှိရကြောင်း စုံစမ်းစစ်ဆေးမှု အစီရင်ခံစာများကို ရည်ညွှန်း ၍ ကြေညာချက်တွင် ဖော်ပြထားသည်။

အစီရင်ခံစာတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အမေ ရိကန်နိုင်ငံ၌ အောက်စီဂျင်သုံး သံရည်ကျိုစက်ရုံခြောက်ခုနှင့် လျှပ်စစ်ဓာတ်အားသုံး စက်ရုံလေးရုံ ပိတ်သိမ်းခဲ့ရသည့် အခြေ အနေများကို ကိုးကား၍ ဖော်ပြခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဝီလ်ဘာ ရော့စ်က ကုစားမှုနည်းလမ်းသုံးခုကို ထောက်ခံတင်ပြထားသည်။ ယင်းတို့မှာ နိုင်ငံအားလုံးမှ သံမဏိတင်သွင်းမှုအပေါ်တွင် အနည်း ဆုံးအခွန် ၂၄ ရာခိုင်နှုန်းကောက်ခံရန် တောင်ကိုရီးယားနိုင်ငံအပါ အဝင် နိုင်ငံ ၁၂ နိုင်ငံမှ သံမဏိတင်သွင်းမှုအားလုံးကိုအကောက် ခွန် ၅၃ ရာခိုင်နှုန်း ကောက်ခံရန်နှင့် အခြားနိုင်ငံအားလုံးကို ခွဲတမ်းသတ် မှတ်ရန် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံများက ၂၀၁၇ ခုနှစ်တွင် အမေရိကန်သို့ တင်သွင်းခဲ့သောပမာဏ၏ ၆၃ ရာခိုင် နှုန်းကို ခွဲတမ်းအဖြစ် သတ်မှတ်ရန်တို့ဖြစ်သည်။

ထရမ့်သည် သံမဏိနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ဧပြီ ၁၁ ရက်နှင့် အလူမီနီယံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ဧပြီ ၁၉ ရက်တွင် ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

# အင်ဒိုနီးရှား သရက်သီးနှင့် နဂါးမောက်သီးများ ဩစတြေးလျစျေးကွက်သို့ တင်ပို့မည်



အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျနိုင်ငံသို့ သရက်သီးနှင့် နဂါးမောက်သီးများကို မကြာမီတင်ပို့တော့မည်ဖြစ်ကြောင်း ဂျာကာတာပို့စ် သတင်းတွင် ဖော်ပြသည်။ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သော ဩစတြေးလျနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ လယ်ယာစိုက်ပျိုးရေး၊ အစားအစာနှင့် သစ်တောရေးရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (Working Group on Agriculture, Food and Forestry Cooperation-WGAFFC) ၏ (၂၁) ကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်အရ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

ဩစတြေးလျ ဈေးကွက်အတွင်းသို့ ကျန်းမာရေးနှင့်ညီညွတ်သော ကုန်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် ဩစတြေးလျနိုင်ငံက သစ်သီးများကို ပိုးသတ်ပေးရန် သဘောတူထားကြောင်း အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ပိုးမွှားကင်းစင်ရေး အေဂျင်စီ အကြီးအကဲ ဘာနန်းဟာပီနီက ပြောသည်။

"လာမယ့် အောက်တိုဘာ ဆွတ်ခူးရာသီရောက်ရင် ဩစတြေးလျနိုင်ငံကို ကျွန်တော်တို့ သရက်သီးတွေကို စပြီးတင်ပို့တော့မှာပါ"ဟု ဘာနန်းက ပြောသည်။ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ဩစတြေးလျနိုင်ငံသို့ အင်ဒိုနီးရှားသစ်သီးများ တင်ပို့ရာတွင် လိုအပ်ချက်များကို ဆွေးနွေးရန်ဖြစ်ကြောင်း သူကပြောသည်။

နဂါးမောက်သီးများကို ယခုနှစ်လယ်တွင် စတင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း ဘာနန်းကပြောသည်။

ဩစတြေးလျ နိုင်ငံတောင်ပိုင်းနှင့် ဝိတိုရိယဒေသမှ အာလူးမျိုးစေ့များအား ဩစတြေးလျမှ အင်ဒိုနီးရှားသို့ တင်ပို့ရန် သဘောတူထားပြီးဖြစ်ရာ အဆိုပါတင်သွင်းမှုကို အင်ဒိုနီးရှားနိုင်ငံက လက်ခံပေးရန် ဩစတြေးလျနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်ဌာနမှ လူးဝစ်ဗန်မီးယူးက အစည်းအဝေးတွင် တိုက်တွန်းပြောကြားသည်။

အဆိုပါ သဘောတူညီချက်အပြင် အင်ဒိုနီးရှားမှ ကြက်သားများကိုတင်သွင်းရန် ဩစတြေးလျနိုင်ငံက သဘောတူထားသည်။ သို့ရာတွင် ဩစတြေးလျနိုင်ငံက ချမှတ်ထားသော ဇီဝဘေးအန္တရာယ် ကင်းရှင်းရေး ပြဋ္ဌာန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ပိုးမွှားကင်းစင်ရေး အေဂျင်စီက အနီးကပ်ကြီးကြပ်ပေးရမည်ဖြစ်သည်။

အစည်းအဝေးတွင် ကိုယ်စားလှယ်များသည် အခြားကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ရာ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံကျင့်သုံးနေသော တည်ဆဲဥပဒေစည်းမျဉ်းများနှင့် သစ်တောကဏ္ဍ၌ စွမ်းဆောင်ရည်တည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများပါဝင်သည်။



ဉာဏ်တင် စုစည်းသည်



# ဗီယက်နမ်နိုင်ငံတွင် ခွဲစိတ်ခန်းသုံး စက်ရုပ်များကို ပိုမိုအသုံးပြုလာ

၂၀၁၄ ခုနှစ်က ဗီယက်နမ်နိုင်ငံရှိ ဆေးရုံများအနက် ဆေးရုံတစ်ရုံသာလျှင် ခွဲစိတ်ခန်းသုံး စက်ရုပ်များကို အသုံးပြုခဲ့ရာမှ ၂၀၁၇ ခုနှစ်အကုန်တွင် ဆေးရုံ လေးရုံအထိ တိုးတက်သုံးစွဲလာကြောင်း ဗီယမ်နမ်နက် သတင်းတွင်ဖော်ပြသည်။ ၂၀၁၆ ခုနှစ်က ကမ္ဘာပေါ်တွင် ပြုလုပ်ခဲ့သော ခွဲစိတ်မှု ၇၅၀၀၀၀ တွင် ခွဲစိတ်ခန်းသုံး စက်ပစ္စည်း ၄၀၀၀ ကို အသုံးပြုခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ အများဆုံးပြုလုပ်သော ခွဲစိတ်မှုများမှာ ဆီးကြိတ်နှင့် သားအိမ်ခွဲစိတ်မှုများဖြစ်ပြီး ကျောက်ကပ်၊ အူမကြီးနှင့် နှလုံးရောဂါခွဲစိတ်မှုများတွင်လည်း အသုံးပြုသည်။

ခွဲစိတ်ခန်းသုံးစက်ရုပ်များကို Intuitive Surgical ဟုခေါ်သော ကုမ္ပဏီတစ်ခုတည်းကသာထုတ်လုပ်ပြီး အဆိုပါကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စု ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့ (Federal Drug Administration-FDA) ထံမှ ၂၀၀၀ ပြည့်နှစ်က လိုင်စင်ရယူထားသော ကုမ္ပဏီဖြစ်သည်။ စက်ရုပ်များကို အသုံးပြုခြင်းဖြင့် သမားရိုးကျတွေ့ကြုံရတတ်သော ပြဿနာများကို ရှောင်ရှားနိုင်သည်။

ခွဲစိတ်ဆရာဝန်များသည် ခွဲစိတ်စားပွဲနှင့် အလှမ်းကွာသော နေရာတွင်ထားရှိသည့် ထိန်းချုပ်ရေးစားပွဲမှနေ၍ စက်ရုပ်လက်တံများ လွတ်လပ်စွာ လှုပ်ရှားနိုင်အောင် ထိန်းချုပ်နိုင်သည်။ လူသားတို့၏လက်ဖြင့် မဆောင်ရွက်နိုင်သော ခက်ခဲရှုပ်ထွေးသည့် လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်သည်။ စက်ရုပ်လက်တံများသည် ကျဉ်းမြောင်းနက်ရှိုင်းပြီး ကိုင်တွယ်ရန်ခက်ခဲသော နေရာများအထိ ရောက်ရှိနိုင်သည့်အတွက် စက်ရုပ်များကို အသုံးပြုခြင်းဖြင့် ခွဲစိတ်ဆရာဝန်များသည် ဖန်သားပြင်ကို ကြည့်ကာ ခွဲစိတ်မှုလုပ်ငန်းများကို ကောင်းမွန်စွာ ထိန်းကွပ်နိုင်သည်ဖြစ်ရာ ကင်ဆာရောဂါ ခွဲစိတ်ကုသမှုများအတွက် အသုံးဝင်လျက်ရှိသည်။

သို့သော်လည်း ခွဲစိတ်ခန်းသုံး စက်ရုပ်များက ရာနှုန်းပြည့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်မပေးနိုင်သေးပေ။ စက်ရုပ်များကို အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၀ ပြည့်နှစ်မှ စတင်အသုံးပြုခဲ့ရာ ၂၀၁၃ ခုနှစ်အထိ ခွဲစိတ်ကုသမှုပေါင်း ၁ ဒသမ ၇ သန်းအနက် သေဆုံးမှု ၁၄၄ မှုရှိခဲ့သည်။ စက်ရုပ်များက ကူးစက်ပိုးဝင်မည့်အန္တရာယ်ကို ကင်းဝေးစေနိုင်ပြီး လူနာများလျင်မြန်စွာ နာလန်ထူနိုင်အောင် အထောက်အကူပေးသည်။ သို့သော်လည်း နှလုံး၊ အဆုတ်နှင့် ဦးခေါင်းခွဲစိတ်မှုများတွင်မူ လူသားများပြုလုပ်သော ခွဲစိတ်မှုများနှင့် နှိုင်းယှဉ်ပါက စက်ရုပ်ဖြင့်ခွဲစိတ်မှုက သေဆုံး နိုင်သည့်အန္တရာယ် ပိုများသည်ဟု ဆိုသည်။